The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 8 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 22 , 2016



# အမှိုက်ကုန်သွယ်မှု

| မျိုးသူ - ကုန်သွယ်မှု မြင့်တင်ရေး | ၁၈



ပထဝီစီးပွားရေးအပေါ်
မြန်မာနိုင်ငံက
ဘယ်လိုအမြတ်
ထုတ်ကြမှာလဲ
၁၂

ပုသိမ်ဆန်စပါးဈေးကွက်
ယခုနှစ်စပါးထက် အမြင့်ဈေးရပြီး
လက်ရှိမှာလည်း ဈေးမာလျက်ရှိ
၄

ပြည်စားတော်ပဲသစ်
ဈေးကွက်ကို ဝင်ရောက်လာ
၆

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်
တတိယအကြိမ်မြောက်
ရောဝတီကုန်စည်ပြပွဲ ၂၀၁၆ ကျင်းပပြုလုပ်မည်
၁၅

# IBS IDEAL BUSINESS SUCCESS

**EXPORTER, IMPORTER, GENERAL TRADING & SERVICES**

IBS Bring the Best

အမှတ် - ၁၁၈၊ မဟာ့ဂရာမင်းသားကြီး မောင်ပျိုးလမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာ။

Ph :09-5014007, 09-5108500, 05-5135808, 09-5147009, 01-684513, 01-684683



ဂျပန်နိုင်ငံမှတိုက်ရိုက်လေလံဆွဲ၍
ဝယ်ယူနိုင်သည့်ဝန်ဆောင်မှုအား
ဆောင်ရွက်ပေးပါသည်။

ချိုသာသော ဈေးနှုန်းများဖြင့် အရည်အသွေးမှန်ကန်စွာ ရောင်းချပေးနေပါသည်။

ဂျပန်နိုင်ငံထုတ် ၁၂ဘီးကုန်တင်ယာဉ်၊ ၆ ဘီးခေါင်း၊ ၁၀ ဘီးခေါင်း၊ Tour Grade Minibus ကားမျိုးစုံ၊ Express ကားများ၊ Boswer ကားမျိုးစုံ၊ Canter ကားမျိုးစုံ၊
တရုတ်နိုင်ငံထုတ် Sino A-7 ခေါင်းတွဲယာဉ်ကြီးများ၊ ပေ 20- ပေ40 နောက်တွဲယာဉ်မျိုးစုံ၊ ယန္တရားတင် Low Bed တွဲ၊ ကျောက်တင်တွဲမျိုးစုံကို
"မှန်ကန်ချိုသာသောဈေးနှုန်း၊ ကောင်းမွန်သောဝန်ဆောင်မှု" တို့ဖြင့် ဝယ်ယူသူ၏စိတ်ကျေနပ်မှု အပြည့်အဝရရှိအောင် ရောင်းချပေးနေပါသည်။

# PMPG

## Auto Mobile Sale Center




ဆက်သွယ်ရန်လိပ်စာ ... (၈၂-က)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်။

**Ph : 09-425301613, 09-785433582, 01-652509**

# တန်းမြင့်စပါးများ ပိုမိုစိုက်ပျိုးနေခြင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ တွေ့ဆုံဆွေးနွေး

ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စု ကုန်စည်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်များ၏ စပါးစိုက်ပျိုး/ထွက်ရှိ/စားသုံး/ပိုလျှံမှု၊ ဆန်စီးဆင်းမှု၊ တန်းမြင့်စပါးများ ပိုမိုစိုက်ပျိုးနေခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် စပါး/ဆန် လက်ကျန် အခြေအနေများအရ ပြည်ပတင်ပို့ခြင်းကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးအား ဖေဖော်ဝါရီ ၁၆ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးချိန် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် တိုင်းဒေသကြီး/ပြည်နယ်အချို့၌ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးအချို့ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း ပြန်လည် စိုက်ပျိုးနိုင်ခဲ့ခြင်း၊ အထွက်နှုန်းလျော့ကျမှု မရှိဘဲ ယခင်နှစ်ထက်ပိုမိုခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နွေစပါးစိုက်ဧကကိုလည်း ဆည်၊ ကန်၊ တမံများ၏ ရေပေးဝေနိုင်မှု သေချာမှု အပေါ် စိစစ်ကာ ယခင်နှစ် စိုက်ဧက ၂ ဒသမ ၃ သန်းထက် သုည ဒသမ ၃ သန်း ပိုမိုခဲ့ပြီး ဧက ၂ ဒသ ၆ သန်း စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်း၊ အထွက်နှုန်းမှာလည်း ယခင်နှစ်ကထက် ပိုမိုနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အလေးထား ဆောင်ရွက်နေခြင်းတို့ကြောင့် စားသုံးမှုဖူလုံရေးအတွက် အများပြည်သူ စိုးရိမ်မှု၊ ကြောင့်ကြမှု မလိုတော့ကြောင်း၊ ပြည်တွင်း၌ မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေကောင်းမွန်သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးထွက်ရှိမှု လျော့ကျပြီး၊ ပြည်တွင်းဆန် စပါးဈေးနှုန်း ကြီးမြင့်လာကာ စားသုံးသည့် ပြည်သူများအပေါ် ဖိစီးမှုများ ဖြစ်ပေါ်လာပါက ပြည်ပမှ လုံးတီးဆန်များ တင်သွင်းကာ ကြိတ်ခွဲဖြန့်ဖြူးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စဉ်းစားစီစဉ်ထားကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသည့် Basmati, Jasmine, Japonica ဆန်တို့ကဲ့သို့သော Quality Rice များကိုလည်း လိုအပ်ပါက တင်သွင်းရောင်းချခွင့်ပြုနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားသွားသင့်ပါကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများအတွင်း စပါးစိုက်သည့် လယ်များသို့ ဆားငန်ရည်ဝင်ရောက်မှုကြောင့် စပါးစိုက်လယ်မြေများတွင် ထိခိုက်မှုများ ရှိလာသည့်အတွက် Food Security မထိခိုက်စေရေး၊ ဆားငန်ရေဒဏ်ခံနိုင်သည့် စပါးမျိုးများကို လယ်သမားများထံသို့ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန် ရှိသူများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုဆိုင်ရာ သင်တန်းကျောင်း (Trade Training Institute) မှ ဖွင့်လှစ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲနဲ့ သင်တန်းဆင်း လက်မှတ်အပ်နှင်းတဲ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၉ ရက် နံနက်ပိုင်းမှာ ကျင်းပခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၇) သင်တန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး သင်တန်းကာလမှာ ၄ လကြာမြင့်ခဲ့ပါတယ်။ သင်တန်းသို့ သင်တန်းသား စုစုပေါင်း ၇၉ ဦးတက်ရောက်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍမှ ၇၅ ဦးနှင့် မိမိတို့ ဝန်ကြီးဌာနမှ ၄ ဦးပါဝင်ပါတယ်။



သင်တန်းဆင်းပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် (Trade Training Institute) မှ ကျောင်းအုပ်ကြီး ဒေါက်တာမောင်အောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူသင်တန်းသားများတက်ရောက်ခဲ့ကြပါတယ်။

သင်တန်းဆင်းပွဲတွင် ဒေါက်တာမောင်အောင်က သင်တန်းဆင်းပြီဆိုပေမယ့် ပြီးဆုံးသွားတာမဟုတ်ဘဲ ခုမှလုပ်ငန်းစရတော့မှာ ဖြစ်ကြောင်း၊ Global Integration ကိုလည်း လုပ်ဆောင်နေကြပြီဖြစ်ရာ အဘက်ဘက်က ဖွံ့ဖြိုးလာတော့မှာဖြစ်ကြောင်း၊ ယခုအချိန်အခါဟာ နိုင်ငံတော်မှာ အစိုးရသစ်လည်းပြောင်းလဲလာတော့မှာဖြစ်ရာ ပွင့်လင်းလာတဲ့ အခွင့်ကောင်းတွေကို အကျိုးရှိအောင် အသုံးချတတ်ဖို့လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံတိုးတက်ရေးမှာ ကုန်သွယ်ရေးကအဓိကဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးမဟာဗျူဟာ (National Economic Strategy) ကိုလည်း အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ကြောင်း၊ အရေးကြီး ပို့ကုန်ခြောက်မျိုးနဲ့ ဝန်ဆောင်မှုကဏ္ဍမှလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ Regional Community အပိုင်းမှာလည်း ဗန်ကောက်၊ ကော့ကရိတ်လမ်းလည်း ပွင့်သွားပြီးဖြစ်တာကို သင်တန်းသားများလည်း သိပြီးဖြစ်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း Trilateral Project လည်း ပြန်လည်အကောင်အထည်ဖော် တော့မည်ဖြစ်ရာ လမ်းတွေပေါက်လာတာနဲ့အမျှ လုပ်စရာကိုင်စရာတွေ အများကြီးရှိ လာတော့မှာဖြစ်ကြောင်း ပြောကြားပါတယ်။ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်သွယ်မှုဖြေလျှော့ပေးခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုပညာပေးရေးတို့ကို မိမိတို့ဝန်ကြီးဌာနအနေနဲ့ ဦးစားပေးလုပ်ဆောင်နေကြောင်း၊ ကုန်သွယ်မှုပညာ ပေးရေးကဏ္ဍမှာကုန်သွယ်မှုအခြေခံ သင်တန်းများ၊ အဆင့်မြင့်သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသလို (UNESCAP , JETRO, E.U-GIZ, BC) တို့နဲ့လည်း ပူးပေါင်းပြီး Capacity Building အတွက် လုပ်ဆောင်နေတာ အဆင့်တစ်ခုကိုရောက်ရှိနေပြီဖြစ်ကြောင်း ဆက်လက်ပြောကြားပါတယ်။ သင်တန်းသားတွေရဲ့ သင်တန်းအပေါ် စိတ်ဝင်စားမှုကို တွေ့ရတဲ့အတွက် ဝမ်းသာကြောင်း၊ ယခင်သင်တန်းများမှ သင်တန်းသားများနဲ့ Networking လုပ်ထားကြရန်နဲ့ ခုမှလုပ်ငန်းစတင်လုပ်ဆောင်ကြရာမှာ လိုအပ်တာရှိလျှင် အကူအညီ အချိန်မရွေးတောင်းခံနိုင်ပါကြောင်းနဲ့ သင်တန်းက ပို့ချချက်များကို လက်တွေ့နယ်ပယ်မှာ အကျိုးရှိစွာ အသုံးချသွားကြဖို့တိုက်တွန်းပြောကြားခဲ့ပါတယ်။

ထို့နောက်သင်တန်းသူသင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးအား ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း၊ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြတဲ့ သင်တန်းသား၊ သင်တန်းသူများကို

➲ စာမျက်နှာ - ၇ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃ဂ၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.8 Monday February 22 2016

# ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်အဝင်ပါးပြီး အရောင်းအဝယ်အေးနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဖေဖော်ဝါရီ ၁၉ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၂၉၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စတစ်အိတ် ၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၅၀၀ကျပ်ခန့် ဈေးမြင့်လာတာတွေ့ရပါတယ်။ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၄၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စ တစ်အိတ်ကို ၂၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၁၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။

နယ်စုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၈၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့်ဈေးမြင့်လာကြောင်း ဝါးတန်းကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပစ္စည်းကောင်းတဲ့ အစလောက်သာ ဈေးမြင့်ပြီး ကျန်ပုံမှန်အစတွေကတော့ ဈေးအေးလျက်ရှိကြောင်း၊ အရောင်းအဝယ်လည်းအေးပြီး ထူးထူးရှယ်များဈေးမြင့် တက်ကာအရောင်းအဝယ်ဖြစ်ပြီး ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန် အဝင်ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စ တစ်အိတ် ၂၄၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၃၀၀၀ ကျပ်ဖြစ်လို့ ထိပ်စ/လတ်စ ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့် ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာ တွေ့ပါတယ်။ မနောသုခ ရှယ်သစ်ဈေးနှုန်း တစ်အိတ် ၂၄၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ပါက ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ ဧည့်မထဆန်ဈေးတက်လာသော်လည်း တက်ဈေးနဲ့ပင်ငြိမ်နေကာ ဆက်မတက်ဘဲ အရောင်းအဝယ်အေးပြီး ပုံမှန်လောက်သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဒိုင်သို့လည်း ဧည့်မထဆန် အဝင်ပါးလျက်ရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ဖေဖော်ဝါရီလ ၁၉ ရက်ရဲ့ မူဆယ်ဆန် ဈေးကွက်မှာတော့ နှစ်သစ်ကူးပွဲတော်ပြီးသွားလို့ ကုန်စည် ဒိုင်ပြန်ဖွင့်သော်လည်း တရုတ်ကုန်သည်များလာရောက်ဝယ် ယူမှုနည်းနေသေးတာကြောင့် ဈေးကွက်အေးနေပြီး၊ ဈေးနှုန်း ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း မူဆယ်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ဖေဖော်ဝါရီ ၁၉ ရက်ရဲ့ ငွေလဲနှုန်းမှာ တစ် ယွမ်ကို ၁၈၆ ဒသမ ၉၁ ကျပ်ဖြစ်ပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၄၀၀ ကျော် ခန့်ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန် တန်ချိန် ၇၃၇၆ ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ တန်ချိန် ၁၃၄၁၈၃၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၇၁ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၀၁၅၃၅၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၇၀ သန်းကျော်ရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၁၇၄၃၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၇ သန်းကျော်ဖိုး၊ လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၂၆၄၇၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက်တန်ချိန် ၄၄၁၉ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်မြို ၁၀၀% | ၃၉၃ | ၃၈၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်မြို ၅% | ၃၈၈ | ၃၈၂ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၃၀ | ၃၄၀ | △ |
| ဆန်မြို ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်မြို ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်မြို ၂၅% | ၃၇၇ | ၃၇၂ | ▽ | ၃၄၀ | ၃၃၅ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၁၀ | ၃၁၀ | □ |
| ပေါင်းဆန် | ၃၇၀ | ၃၇၀ | □ | - | - | - | ၃၅၀ | ၃၅၀ | □ | - | - | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၂-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်မြို ၄%-၇% | ၄၆၀ | ၄၆၀ | □ | ၄၄၀ | ၄၄၀ | □ | ၄၃၀ | ၄၃၀ | □ |
| ဆန်မြို ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်မြို ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၉-၂-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | △ | ၂၁၅၀၀ | △ | ၇၅၄၄ | △ | ၃၀၀၀၀ | ▽ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | △ | ၇၁၈၀ | △ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | □ | ၂၀၅၀၀ | □ | ၆၈၀၀ | △ | ၂၇၀၀၀ | □ |
| ရွှေဘို | ၆၄၅၀ | △ | ၂၅၀၀၀ | △ | ၉၈၅၀ | △ | ၃၃၀၀၀ | △ |
| စစ်တွေ | ၄၈၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၅၀ | △ | ၂၃၀၀၀ | △ | - | - | ၂၈၅၀၀ | △ |
| မန္တလေး | ၆၈၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | □ | ၂၅၅၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | △ | ၂၀၀၀၀ | □ | ၆၇၀၀ | △ | ၂၅၀၀၀ | △ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | △ | - | - | ၃၀၀၀၀ | ▽ |
| ဘားအံ | ၅၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၂၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ပြည်ဆန်စပါးဈေးကွက် ပြန်လည်ဦးမော့

ပြီးခဲ့တဲ့ နှစ်ပတ်၊ သုံးပတ်အတွင်း ဆန်စပါး အရောင်းအဝယ်တွေ၊ ဈေးနှုန်းတွေ ကမောက်ကမဖြစ်ပြီး အရောင်းအဝယ်တွေ အေးနေခဲ့ပါတယ်။ ယခု ဖေဖော်ဝါရီလ တတိယပတ်အတွင်းမှာ အရောင်းအဝယ် ပြန်ဦးမော့လာပါတယ်။ နယ်တင်ပို့မှုလည်း ရှိနေတာတွေ့ရပါတယ်။ စပါးဈေးတွေလည်းငြိမ်နေပြီး ဈေးအတက်အကျ အနည်းငယ်သာရှိသလို ဆန်ဈေးလည်း ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ ယခုတစ်ပတ် တောင်ပျံမွှေးစပါး တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေး ၇၅၄၄၀၀ ကျပ်ဖြစ်ပြီး ဆန်တစ်အိတ် ဈေး ၃၀၀၀၀ ကျပ်နဲ့ ၁၀၀၀ ကျပ်ဈေး ပြန်ကျလာပါတယ်။ ဒေသတွင်း အရောင်းအဝယ်အနေဖြင့် နေ့စဉ်အိတ် ၁၅၀ ပုံမှန်ဖြစ်ပါတယ်။

ဧည့်မထ စပါးဈေးကတော့ (နယ်တင်စပါး) ၅၈၀၀၀၀ ကျပ်ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေး (ထိပ်စ) ၂၂၀၀၀ ကျပ်ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးသို့ ရက်ခြား အိတ် ၈၀၀ မှ ၁၀၀၀ အထိ တင်ပို့နေပါတယ်။ ဒေသတွင်း စားသုံးတဲ့ ဧည့်မထစပါးဈေးကတော့ (တင်း ၁၀၀) ကို ၅၆၀၀၀၀ ကျပ်နဲ့ ဆန်တစ်အိတ်ဈေး ၂၁၅၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဆန်ဈေး၊ စပါးဈေး အနည်းငယ်မြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ **နီနီဝင်း-ပြည်**

## ပုသိမ်ဆန်စပါးဈေးကွက် ယခုနှစ်စပါးထက် အမြင့်ဈေးရပြီး လက်ရှိမှာလည်း ဈေးမာလျက်ရှိ

ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် မြို့တွင်းနှင့် နယ်ဈေးကွက်ပုံမှန်ရောင်းဝယ်လျက်ရှိသော ပေါ်ဆန်းရင်ဆန် တစ်အိတ်ကို ၂၉၀၀၀ ကျပ်-၃၀၀၀၀ ကျပ်၊ ဧရာဝတီပေါ်ဆန်း တစ်အိတ်ကို ၃၁၀၀၀ ကျပ်-၃၂၀၀၀ ကျပ်ဈေးမှာ ယခုလဆန်းပိုင်းဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ စားသုံးမှုများသော ဧည့်မထအုပ်စုဝင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခဆန်တစ်အိတ်ကို ယခင် ၂၄၀၀၀ ကျပ်မှ ယခု ၂၅၀၀၀ ကျပ်-၂၆၀၀၀ ကျပ်၊ ရွှေသွယ်ဆန်တစ်အိတ် ယခင် ၂၆၀၀၀ ကျပ်-၂၇၀၀၀ ကျပ်မှ ယခု ၂၇၀၀၀ ကျပ်-၂၈၀၀၀ ကျပ်ဈေးဖြစ်သွားပြီး လဆန်းပိုင်းထက် တစ်အိတ်ကို ၁၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

ယခုနှစ်စပါးဈေးနှုန်းမှာ ယခင်နှစ်ထက် အမြင့်ဈေးရပြီး စပါးပေါ်ချိန် ၅၈၀၀၀၀ ကျပ်မှ ယခုအချိန်အထိ ဈေးနှုန်းကျဆင်းမှုမရှိဘဲ အမြင့်ဈေးအတိုင်းနှင့် ယခုလက်ရှိဈေးမှာလည်း ပေါင် ၅၀ တင်း ၁၀၀ ကို ၆၅၀၀၀၀ ကျပ်-၆၆၀၀၀၀ ကျပ်ဈေးဖြင့် ဈေးမာလျက်ရှိကြောင်း၊ တောင်သူအများစုက စပါးဈေးမြင့်သည့်အတွက် ရောင်းလိုအားများပြီး စက်ပိုင်၊ ကုန်သည်များမှာလည်း အရောင်းအဝယ်သွက်သည့်အပေါ် ကြိတ်ခွဲ၍ ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ဝယ်ရောင်း သဘောမျိုးဖြစ်နေပြီး လက်ရှိမှာ ဈေးကွက်တွင် မိုးစပါးမှာ ဝယ်လိုအားရှိ၍ ရောင်းလိုအား လျော့နည်းလျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပင်လယ်ရေကြောင်းနှင့် ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုလျော့ကျ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော် ဝါရီ ၇ ရက်မှ ၁၃ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၉၄၁ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၇၄၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၂၀၀၀၊ စင်ကာပူနိုင်ငံသို့ ဇီယာဆန် တန် ၁၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၃၆၉ တန်၊ ငစိန်ဆန် တန် ၁၅၀ နဲ့ ပေါင်းဆန် ၁၂၂ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၆၃၄ တန် လျော့နည်းခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အီးယူနိုင်ငံများသို့ တန် ၅၆၀ နဲ့ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၄၉ သန်းဖိုး ယခုတစ်ပတ်မှာ တင်ပို့နိုင်ခဲ့ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုထက် ၁၇၆၅ တန်ခန့် လျော့နည်းခဲ့ပါတယ်။ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ရောဆန်ကွဲပါ တင်ပို့မှု လျော့နည်းခဲ့ပါတယ်။

ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်ထိကာလအတွင်းမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄ ဒသမ ၆၃၃ သန်းတန်ဖိုးရှိ ငစိန်ဆန် ၈၅၆၇ တန်ကျော်နဲ့ ဧည့်မထဆန် တန် ၄၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၁၁၉၈၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၇၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ ယခုတစ်ပတ်မှာ ဆန် မတင်ပို့ခဲ့ပါဘူး။ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၅၀၀ တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တန် ၅၅၀၀ လျော့နည်းခဲ့ပါတယ်။ မူဆယ်မှ ကန်ဒေါ်လာ သုည ဒသမ ၅၆၉ သန်းဖိုးရှိ ဆန်ကွဲ ၁၇၅၀ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၀၀၀ လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၉-၂-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၁/၂ | ၁၉/၂ | ပြောင်းလဲမှု | ၁၁/၂ | ၁၉/၂ | ပြောင်းလဲမှု | ၁၁/၂ | ၁၉/၂ | ပြောင်းလဲမှု | ၁၁/၂ | ၁၉/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၅၆၄ | ၂၅၂၃ | ▼ | ၂၄၁၇ | - | - | ၂၄၀၀ | ၂၄၇၅ | ▲ | ၂၅၅၀ | ၂၄၆၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၂၅၀ | ၂၁၂၈ | ▼ | - | - | - | ၂၂၁၀ | ၂၀၄၀ | ▼ | ၂၂၀၀ | ၂၀၆၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၆၁၀ | ၁၅၈၀ | ▼ | - | ၁၇၇၈ | - | ၁၇၃၇ | ၁၈၄၂ | ▲ | ၁၇၄၀ | ၁၆၈၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၃၀၀ | ၂၁၅၀ | ▼ | - | - | - | - | - | - | ၁၇၄၀ | ၁၃၆၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၃၀၀ | ၁၂၅၀ | ▼ | - | - | - | ၁၀၅၀ | ၁၁၈၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၇၃၀ | ▲ | ၁၃၅၁ | ၁၀၆၇ | ▼ | ၈၄၂ | ၈၄၂ | ■ | ၆၁၀ | ၇၄၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၉-၂-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၀/၂ | ၁၈/၂ | ပြောင်းလဲမှု | ၁၀/၂ | ၁၈/၂ | ပြောင်းလဲမှု | ၁၀/၂ | ၁၈/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၂၅၀ | ၁၂၇၀ | ▲ | ၁၅၁၈ | ၁၄၆၀ | ▼ | ၁၄၀၀ | ၁၃၂၉ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၂၀ | ၁၁၀၀ | ▼ | ၁၁၇၁ | ၁၀၉၅ | ▼ | ၁၁၆၄ | ၁၁၅၃ | ▼ |
| ၃ | ပဲတီရွှေဝါ | ၈၅၀ | ၈၅၀ | ■ | ၉၂၈ | ၉၄၉ | ▲ | ၁၀၁၇ | ၁၀၉၅ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၅၆ | ၆၆၁ | ▲ | ၆၈၅ | ၆၇၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၆.၂.၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၁၃.၂.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၁၃.၂.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၈၄၈ | ၄၁၁၄ | ၁၆၄၈၂ |
| ပဲတီစိမ်း | ၄၄၇၄ | ၄၄၁၃ | ၃၁၄၈၃ |
| ပဲစင်းငုံ | ၁၀၁၈၇ | ၃၆၉၄ | ၄၃၆၈၉ |
| ကုလားပဲ | ၂ | ၁ | ၅၆ |
| ပဲလွန်းဖြူ | ၂၂၂ | ၃၇၃ | ၁၀၆၅ |
| မြေထောက်ပဲ | ၄၀ | ၅၇ | ၃၈၃ |

## ဆောင်းမြေပဲအသစ်များ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်

ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့နယ်များမှ ဆောင်းစောစိုက် မြေပဲများ စတင်ထွက်ပေါ်ပြီး မုံရွာကုန်စည်ဒိုင်သို့ ဖေဖော်ဝါရီလဆန်းမှ စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ တစ်ရက်လျှင် အိတ် ၇၀၀ မှ ၁၀၀၀ ကြား ဝင်ရောက်ခဲ့ရာ ဒေသတွင်းအသုံးနဲ့ တရုတ်ဝယ်လက်အဆွဲရှိလို့ ဝင်ရောက်သည့် မြေပဲလုံးဆံနဲ့ ဆီဆံများအားလုံး အရောင်းအဝယ်ဖြစ်ကာ မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်အကောင်းဆုံးသီးနှံသည် မြေပဲသီးနှံဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်း ရပ်ကွက်ကသိရပါတယ်။ မြေပဲတစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်ကျပ် တစ်သိန်းလေးသောင်းခန့် ကုန်ကျပြီး အထွက်နှုန်း တင်း ၄၀နှင့် တင်း ၅၀ ကြား ထွက်ကြောင်း ချောင်းဦးမြို့နယ်၊ ဝယာကျေးရွာမှ တောင်သူ တစ်ဦးကပြောပြပါတယ်။

မုံရွာကုန်စည်ဒိုင်၌ ဖေဖော်ဝါရီလအတွင်း တစ်ပိဿာ အနိမ့်/ အမြင့်ပေါက်ဈေးနှုန်းများမှာ မြေပဲဆံနီ ၂၂၇၅ ကျပ်၊ ၂၄၇၅ ကျပ်၊ မြေပဲဆံဖြူ ၁၉၅၀ ကျပ်၊ ၂၅၀၀ ကျပ်၊ မြေပဲလုံးဆံ ၁၉၂၅ ကျပ်၊ ၂၀၀၀ ကျပ် ဈေးအသီးသီးဖြင့် ရောင်းဝယ်ကြပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲသစ်များ အဝင်လျှိုင်

ဖေဖော်ဝါရီ တတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်သို့ ဆောင်းပဲသစ်များ အဝင်စုံလာပြီဖြစ်ခဲ့ပါတယ်။ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနဲ့ ပဲကြီးသီးနှံများ အဝင်များလာပြီး ပဲတီစိမ်းသီးနှံကတော့ ပဲထွက်ရှိမှုနည်းသွားပြီဖြစ်လို့ ၎င်းပဲများနဲ့ယှဉ်ရင် အဝင်နည်းခဲ့ပေမယ့် အိတ် ၁၅၀ ကျော်ခန့်သာ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ မန္တလေးဝယ်လက်အဓိကထား ဝယ်ယူတဲ့ သီးနှံဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်း ၃၇၀၀၀ ကျပ်ခန့် ရရှိလို့ ယခင်ပတ်ထက်လည်း ဈေးပိုလာကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း အခြားပဲများ ပဲအဝင်များလာလို့ ဈေးလျော့ပေမယ့် ပဲတီစိမ်းသီးနှံမှာ ပဲအဝင်ပါးလာလို့ ဈေးပိုမြင့်လာခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်မှုများလာလို့ တစ်ရက်အိတ် ၁၅၀ ကျော်အထိဝင်ရောက်လာသလို ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုရရှိကာ တစ်တင်း ၅၀၃၀၀ ကျပ်ဖြင့် ရန်ကုန်ဝယ်လက်မှ စတင်ဝယ်ယူနေပြီဖြစ်တယ်လို့ သိရပါတယ်။ ယခုနှစ် ပဲသစ်ပေါ်ချိန် မတ်ပဲသီးနှံရဲ့ဈေးမှာ ပဲဟောင်းဈေးကို မမီပေမယ့် ယခင်နှစ်က ဈေးထက်တော့ ထက်ဝက်ခန့် ဈေးပိုမြင့်တက် လာတဲ့အတွက် ပဲစိုက်သူများ ယခုနှစ်မှာတော့ ပဲအထွက်နှုန်းပေါ်မူတည်၍ အကျိုးအမြတ်များနိုင်မယ်လို့ ခန့်မှန်းရပါတယ်။

ပဲစင်းငုံသီးနှံမှာ ဇန်နဝါရီလမှစ၍ ပဲသစ်များ အဝင်ဆက်တိုက်ရှိနေခဲ့သလို ယခုလအတွင်းမှာလည်း တစ်ရက်အိတ် ၁၀၀၀ ဝန်းကျင်အထိ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ မင်းတုန်း၊ ကံမစတဲ့နယ်စုံမှ ဝင်ရောက်ခဲ့ကြပါတယ်။ ရန်ကုန်ဝယ်လက်မှလည်း Export ဝယ်လက်ပေါ်မူတည်၍ အဝယ်လိုက်တဲ့အတွက် အိတ် ၁၀၀၀ ကျော်နေ့စဉ် အဝယ်ရှိလို့ ပဲဈေးကွက်အတွင်းမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းကတော့ တစ်တင်း ၄၃၅၀၀ ကျပ်ခန့် ရရှိတဲ့အတွက် မတ်ပဲဈေးထက် ဈေးလျော့နည်းနေခဲ့ပါတယ်။

ကုလားပဲသစ်များ ဝင်ရောက်လာပေမယ့် ပဲဈေးမှာ တစ်တင်း ၂၇၀၀၀ ကျပ်ခန့်သာရရှိလို့ ပဲဟောင်းဈေးထက် ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်နေပါတယ်။ ဝယ်လက်ကတော့ ခွဲစက်သမားများ ဝယ်ယူမှုရှိပြီး လှော်လက်သမားအချို့လည်း ဝယ်ယူနေခဲ့တဲ့အတွက် တစ်ရက် အိတ် ၃၀၀ ကျော်အဝင်ရှိသလို အရောင်းအဝယ်လည်း ၎င်းအိတ်အရေအတွက် ပမာဏခန့် ရောင်းဝယ်မှုရှိခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသစ်များလည်း ပန်းတောင်း၊ ကံမနဲ့ ပြည်-အောင်လံအနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့လို့ အိတ် ၅၀၀ ကျော် ၆၀၀ အထိ ဝင်ရောက်သလို ရန်ကုန်ဝယ်လက်ရော ပဲကြော်ဖိုသမားများပါ အဝယ်လိုက်ခဲ့တဲ့အတွက် အိတ် ၆၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ကာ ပဲကြီး (ရွှေကျွန်း) တစ်တင်း ၂၈၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၇၀၀၀ ကျပ်ဖြင့် ပဲဟောင်းဈေးထက် ဈေးလျော့နည်းခဲ့ကြောင်း သိရပါတယ်။

ကုလားပဲနဲ့ ပဲကြီးသီးနှံ နှစ်မျိုးစလုံး ပဲဟောင်းဈေးထက် ပဲသစ်ဈေးက လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ကြကာ ယခင်နှစ်က ပဲသစ်ပေါ်စဈေးနှုန်းများမှာ ကုလားပဲသစ်တစ်တင်း ၁၇၀၀၀ ကျပ်၊ ပဲကြီးသစ်တစ်တင်း ၂၀၀၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ် ပဲသစ်ဈေးနှုန်းများမှာ ပဲဟောင်းဈေးကို မမီပေမယ့် ဈေးကောင်းနေခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီတတိယပတ်ပဲဈေးကွက် ဈေးအတက်အကျမျိုးစုံနဲ့ ပုံမှန်သာအရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင်ရဲ့ ဖေဖော်ဝါရီ တတိယပတ် ပဲဈေးကွက်မှာ ဆောင်းပဲမျိုးစုံ နယ်စုံကအဝင်လျှိုင်လာပေမယ့် Export နဲ့ ပြည်တွင်းဝယ်လက်အနှုတ်အသိမ်းမမှန်ဘဲ နေ့စဉ်ဈေးအတက်အကျဖြစ်ပေါ်ခဲ့ပြီး၊ ပဲမျိုးစုံပုံမှန်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကသိရပါတယ်။

အထူးသဖြင့် ပဲစင်းငုံနီဟာ တစ်ရက်ထက်တစ်ရက် ဈေးအကျဘက်ကို ဦးတည်နေတဲ့အတွက် တောင်သူနဲ့ ဒေသခံကုန်သည်တွေ စိုးရိမ်စိတ်နဲ့ ရောင်းလိုအားများခဲ့လို့ ယခုတစ်ပတ်အတွင်း အနိမ့်ဆုံးတစ်တင်း ၄၂၅၀၀ ကျပ်အထိ ကျဈေးဖြစ်ပေါ်နေချိန်မှာပင် တစ်ရက် အိတ် ၅၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာ ရန်ကုန်ဝယ်လက် ဝယ်လိုအား ပုံမှန်ရှိခဲ့ပေမယ့် နယ်က ပဲအဝင်လျော့သွားခဲ့လို့တစ်ရက်အိတ်၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ စိမ်းသေးတစ်တင်း ၂၈၅၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်၊ စိမ်းကြီးတစ်တင်း ၃၂၀၀၀ ကျပ် အသီးသီးပေါက်ဈေးငြိမ်နေတာ တွေ့ရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ နယ်စုံက ပဲအဝင်လျှိုင်လာသလို Export အတွက် ဝယ်လိုအားသွက်ခဲ့လို့ ယခုတစ်ပတ်မှာ တစ်တင်း ၅၀၅၀၀ ကျပ်အထိ ဈေးမြင့်ဝယ်ယူမှုရှိခဲ့ရာ တစ်ရက်အိတ် ၇၀၀ ခန့် ပုံမှန် အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်က တစ်တင်း ကျပ်သုံးသောင်းကျော်ပေါက်ဈေးမြင့်ခဲ့တဲ့ ကုလားပဲမျိုးစုံဈေးကွက်မှာ ယခု ရက်သတ္တပတ်အစမှာ တစ်တင်း ၅၀၀၀ ကျပ်ခန့် ဈေးကျခဲ့ရာက တပ်ရိက္ခာအတွက် ကုန်သည်ဝယ်လိုအားရှိခဲ့လို့ ဈေးအနည်းငယ် ပြန်မာလာကာ ကုလားပဲဖြူလုံးကြီးတစ်တင်း ၂၆၀၀၀ ကျပ်၊ 929 တစ်တင်း ၂၆၅၀၀ ကျပ်နဲ့ ထိုင်ဝမ်တစ်တင်း ၂၇၅၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။

ပြည်တွင်းသုံး ပဲဈေးကွက်မှာတော့ စွန်တာနီနဲ့ပဲနီလုံးကြားမှာ ပဲသစ်ပေါ်စပေါက်ဈေးထက် တစ်တင်းကျပ် ၄၀၀၀ နီးပါးကျဆင်းသွားပြီး၊ ယခုတစ်ပတ်မှာ ပဲနီလုံးကြားတစ်တင်း ၁၆၅၀၀ ကျပ်နဲ့ စွန်တာနီတစ်တင်း ၁၆၀၀၀ ကျပ်သာရှိခဲ့ကာ၊ တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ပဲကြီးဈေးကွက်မှာလည်း ယခုမှ ပဲသစ်တွေဒိုင်ကို စတင်ဝင်ရောက်စပြုနေပြီး ကုန်းပဲကြီးတစ်တင်း ၂၀၀၀၀ ကျပ်နဲ့ ရေပဲကြီး တစ်တင်း ၂၉၀၀၀ ကျပ်ပေါက်ဈေးများနဲ့ တစ်ရက်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပဲလွန်းဈေးကွက်မှာ လွန်းဖြူရောင်းလက်မရှိလို့ ပေါက်ဈေးနေ့စဉ်မဖြစ်ဘဲ၊ လွန်းပြာကတော့ တစ်တင်း ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်ဈေး အအေးဆုံး ပဲတွေကတော့ ထောပတ်ပဲတစ်တင်း ၁၆၀၀၀ ကျပ်၊ ပဲပုပ် (အညာ) ၁၆၀၀၀ ကျပ်၊ ပဲပုပ် (ကုန်း) ၁၆၅၀၀ ကျပ်၊ ပဲယင်းဝါတစ်တင်း ၁၆၅၀၀ ကျပ် အသီးသီးဖြစ်ပေါ်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်သာဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ဘိုကိတ်ပဲ ကိုင်းသီးများ လက်လီ၊ လက်ကား အဝယ်လိုက်

ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲကိုင်းသီးများ ဆက်လက်ဝင်ရောက်နေလျက်ရှိတာကြောင့် တစ်ရက် အိတ် ၅၀ မှ ၁၀၀ ကျော်အထိ ပန်းတောင်း၊ ကံမနဲ့ ပြည်၊ အောင်လံကြားမြို့နယ်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဝယ်လက်ကတော့ လက်လီသမားအပြင် ရန်ကုန်ဝယ်လက်မှလည်း ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။ ပဲဈေးမှာ ယခင်တစ်ပတ်ကထက် တစ်တင်း ကျပ် ၁၅၀၀ ခန့် လျော့ခဲ့လို့ တစ်တင်း ၂၃၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲထဲမှာ အခြားပဲများကတော့ ဒေသတွင်းသာ အဝယ်ဖြစ်မှုရှိပေမယ့် ဘိုကိတ်သီးနှံမှာ အထွက်လှိုင်ချိန်များတွင် ရန်ကုန်ဝယ်လက် အဝယ်ရှိတဲ့ ပဲအမျိုးအစားလည်းဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာခရိုင်ဆောင်းသီးနှံ စိုက်ဧက လျာထားချက်ထက် ကျော်လွန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် လေးမြို့နယ်က ယာတောင်သူများအနေနဲ့ ယခုနှစ်ဆောင်းဦးပိုင်းက ရာသီသီးနှံအဖြစ် Export ဈေးကွက်နဲ့ ပြည်တွင်းဈေးကွက်တွေမှာ ဈေးကောင်းရပြီး တွက်ခြေကိုက်မယ့် သီးနှံတွေကို ရွေးချယ်တိုးချဲ့ စိုက်ပျိုးခဲ့ကြရာ လျာထားချက်ထက် ကျော်လွန်ခဲ့တယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။

ဆီထွက်သီးနှံအုပ်စုမှာ မြေပဲစိုက်ပျိုးမှုဟာ ခရိုင်အလိုက်လျာထားချက် ၃၄၉၀၀ ဧကထက် ကျော်လွန်ကာ ၃၈၀၁၅ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီး အရာတော်မြို့နယ်က ၁၃၇၂၀ ဧကနဲ့ ခရိုင်အတွင်း အများဆုံးစိုက်ပျိုးနိုင်တာ တွေ့ရပါတယ်။ ဆောင်းနှမ်းစိုက်ပျိုးမှုမှာ ခရိုင်လျာထားဧက ၇၀၉၅၀ ထက်ကျော်လွန်ကာ ၉၁၀၁၉ ဧကအထိ စိုက်ပျိုးပြီးစီးခဲ့ပြီး အရာတော်မြို့နယ်မှ ၃၁၉၈၇ ဧကနဲ့ အများဆုံးစိုက်ပျိုးနိုင်တာ တွေ့ရသလို၊ နေကြာစိုက်ပျိုးမှုမှာတော့ ခရိုင်လျာထားဧက ၇၁၂၀၀ ထက်ကျော်လွန်ပြီး၊ ၈၈၁၉၃ ဧက ပိုမိုစိုက်ပျိုးနိုင်ကာ၊ ဘုတလင်မြို့နယ်မှ ၇၁၃၅၆ ဧကအထိ အများဆုံးစိုက်ပျိုးနိုင်တာ တွေ့ရပါတယ်။

ပဲမျိုးစုံအုပ်စုမှာတော့ Export ပဲတွေဖြစ်ကြတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲတို့ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးခဲ့ကြသလို ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်တွင်ကျယ်တဲ့ ပဲကြီး၊ ပဲလွန်း၊ စွန်တာပြာနဲ့ ထောပတ်ပဲတို့လည်း ကျော်လွန်အောင်စိုက်ပျိုးခဲ့ကြတာ တွေ့ရပါတယ်။ မတ်ပဲစိုက်ပျိုးမှုမှာ လျာထားဧက ၇၂၀၀ ထက်ကျော်လွန်ကာ ၇၇၄၀ ဧကအထိလည်းကောင်း၊ ကုလားပဲမှာ လျာထားဧက ၈၂၁၀၀ ထက်ကျော်လွန်ကာ ၁၀၇၅၃၂ ဧကအထိ လည်းကောင်း၊ ပဲတီစိမ်းမှာ လျာထားဧက ၁၂၄၀၀ ထက်ကျော်လွန်ကာ၁၆၉၇၅ ဧကအထိလည်းကောင်း၊ ပဲကြီးမှာ လျာထားဧက ၈၅၀၀ ထက်ကျော်လွန်ကာ ၁၀၁၃၈ ဧက၊ စွန်တာပြာ/နီမှာ လျာထားဧက ၄၁၁၅၀ ထက်ကျော်လွန်ကာ ၄၁၇၉၂ ဧက၊ ပဲလွန်းမှာ လျာထားဧက ၇၄၉၈ ထက် ကျော်လွန်ကာ ၈၀၄၈ ဧက၊ ထောပတ်ပဲမှာ လျာထားဧက ၂၄၀၀ ထက်ကျော်လွန်ကာ ၂၄၈၃ ဧကအထိလည်းကောင်း အသီးသီးစိုက်ပျိုးနိုင်ခဲ့ကြတယ်လို့ သိရပါတယ်။

ဆောင်းသီးနှံမျိုးစုံအနက် ဂျုံသီးနှံတစ်မျိုးသာ ပြည်တွင်းဈေးကွက်တစ်ခုကို အားပြုရပြီး တောင်သူ တွက်ခြေကိုက်မှုနည်းပါးလို့ လျာထား ၆၀၇၀၀ ဧကရှိတဲ့ အနက် ဧက ၄၄၀၄၉ သာ စိုက်ပျိုးနိုင်ပြီး၊ ဧက ၁၆၆၉၁ အထိ လျော့နည်းသွားခဲ့တယ်လို့ သိရပါတယ်။ ဂျုံစိုက်ပျိုးမှုအစား စိုက်ပျိုးစရိတ်သက်သာပြီး တွက်ခြေကိုက်မယ့် နေကြာ၊ ကုလားပဲနဲ့ ပဲတီစိမ်းတို့ကို သီးနှံပြောင်းလဲစိုက်ပျိုးသွားကြတာ ဖြစ်တယ်လို့ မုံရွာခရိုင်အတွင်းက ဆောင်းသီးနှံ စိုက်ပျိုးတောင်သူတွေက ဆိုပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်စားတော်ပဲသစ် ဈေးကွက်ကို ဝင်ရောက်လာ

ပြည်ပဲဈေးကွက်သို့ ယခုတစ်ပတ်အတွင်း စားတော်ပဲသစ်များ စတင်ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်ခြင်းဖြစ်ပြီး တစ်ရက်အိတ် ၅၀ ကျော်အထိ ဝင်ရောက်ခဲ့ကာ အဝယ်အနေဖြင့် လက်လီသမားများ အဝယ်လိုက်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၈၀၀၀ ကျပ်ဖြင့် ဈေးဖွင့် ဝယ်ယူခဲ့တဲ့အတွက် ပဲဟောင်းဈေးထက်ဈေးလျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ်က ဖေဖော်ဝါရီလ ပဲသစ်ပဲပေါ်ချိန် ဈေးနှုန်းမှာ တစ်တင်း ၂၄၀၀၀ ကျပ်ခန့်သာ ရရှိပေမယ့် ပြည်ပဝယ်လက်ပဲဈေးနှုန်းများကို အမှီလိုက်ခဲ့တာကို တွေ့ရပြီး ယခုနှစ်ကတော့ ပဲဈေးအားလုံးလိုလို ဈေးကောင်းခဲ့တဲ့အတွက် စားတော်ပဲ သီးနှံဈေးမှာလည်း ကျပ်လေးသောင်းတစ်ပတ်လည် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## မုံရွာ ကုလားပဲဖြူလုံးကြီး V-2 အဝင်လှိုင်လာပြီး ပြည်ပဝယ်လက် အဆွဲမရှိသဖြင့် ဈေးအေးနေ

မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့နယ်များမှ ကုလားပဲဖြူလုံးကြီး V-2 အသစ်များ ဇန်နဝါရီလနောက်ဆုံးပတ်မှ စတင်ဝင်ရောက်ပြီး အသစ် တစ်တင်းဖွင့်ဈေးမှာ ၃၅၀၀၀ ကျပ်ဖြင့်ဈေးဖွင့်ခဲ့ပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်တွင် တစ်တင်းကျပ် ၃၀၀၀၀ ကျပ်မှ ဒုတိယပတ်တွင် တစ်တင်းကျပ် ၂၅၀၀၀ ကျပ်သို့ ဈေးလျော့ကျလာ၍ အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ဈေးအေးဈေးကျရတဲ့အကြောင်းမှာ ကုလားပဲဖြူလုံးကြီး V-2 ကို ပြည်ပမှဝယ်ယူမှုမရှိသလို ဒေသတွင်း လှော်လက်နှင့် အသုံးသမားဖြစ်သည့် ပဲခွဲစက်၊ ကြာဆံစက်များလည်း ဈေးမြင့်နေတဲ့အတွက် နေ့စဉ်သုံးသာ မဖြစ်မနေဝယ်ယူသဖြင့် အဝင်လှိုင်လာပြီး အဝယ်နည်းတဲ့အတွက် ဈေးအေးခဲ့ရကြောင်း ကုန်သည်တစ်ဦးထံမှ သိရပါတယ်။ **အောင်မင်း-တန့်ဆည်**

# ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတတိယပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲများရဲ့ ဈေးနှုန်းဈေးကွက်

ဖေဖော်ဝါရီလ တတိယပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံများဖြစ်တဲ့ ပဲမျိုးစုံ၊ ပြောင်းမျိုးစုံ၊ နှမ်းရောင်စုံများနဲ့မြေပဲများရဲ့ ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ ယခင်တစ်ပတ်ကာလတူ အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**(တစ်ပိဿာဈေး-ကျပ်)**

| သီးနှံအမည် | ဖေဖော်ဝါရီလဒုတိယပတ် | | ဖေဖော်ဝါရီလတတိယပတ် | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | - | ၁၇၂၄ | - | ၁၇၂၄ |
| ပဲတီစိမ်းရွှေဝါ | ၂၀၆၂ | ၂၁၃၃ | ၂၁၁၆ | ၂၁၈၇ |
| ပဲလွန်းဖြူ | - | ၁၃၃၃ | ၁၂၅၀ | ၁၃၀၀ |
| ပဲကြီး | ၁၇၁၉ | ၁၈၁၀ | ၁၅၉၃ | ၁၆၂၉ |
| ပဲနီပြား | ၁၇၃၈ | ၁၇၇၄ | ၁၇၁၉ | ၁၈၁၀ |
| ပဲပုပ် (ရှမ်း) | ၉၂၀ | ၁၀၃၃ | ၉၃၉ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | ၉၂၀ | ၉၃၀ | - | ၉၀၁ |
| ပဲယင်း | ၈၃၃ | ၈၆၇ | ၇၆၇ | ၇၈၃ |
| ထောပတ်ပဲ | ၁၃၃၃ | ၁၄၂၂ | - | ၁၃၈၇ |
| မတ်ပဲ | ၂၃၃၃ | ၂၃၆၇ | ၂၄၈၃ | ၂၅၀၀ |
| ကုလားပဲဖြူလုံးကြီး | - | ၁၆၀၇ | - | ၁၂၇၅ |
| ကုလားပဲထိုင်ဝမ် | - | ၁၆၈၉ | - | ၁၃၅၁ |
| ပဲစင်းငုံနီ | - | ၂၁၃၃ | - | ၂၁၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၄၄ | - | ၄၅၄ |
| ပြောင်းဖူးစေ့ (ဗမာ) | ၄၂၆ | ၄၃၀ | - | ၄၃၅ |
| ပြောင်းဖူးစေ့ (CP) | ၄၅၇ | ၄၆၃ | - | ၄၆၃ |
| အထွက်တိုးပြောင်း | ၅၂၈ | ၅၃၈ | ၅၂၈ | ၅၃၈ |
| ဆန်ပြောင်း | ၅၂၃ | ၅၃၂ | - | ၅၀၆ |
| နှမ်းဖြူ | ၂၁၁၁ | ၂၁၃၃ | ၂၀၄၄ | ၂၀၈၉ |
| နှမ်းညို | ၁၆၆၇ | ၁၈၈၉ | ၁၆၆၇ | ၁၈၆၇ |
| နှမ်းနက် | ၂၅၅၆ | ၃၅၅၆ | ၂၅၅၆ | ၃၆၆၇ |
| နှမ်းနက် (စမုံ) | ၃၇၇၈ | ၄၂၂၂ | ၃၈၈၉ | ၄၁၁၁ |
| ပန်းနှမ်း | ၁၉၃၃ | ၁၉၅၆ | ၂၁၇၈ | ၂၂၂၂ |
| မြေပဲဆန် (S1လုံးဆန်) | ၂၅၇၅ | ၂၆၂၅ | ၂၅၀၀ | ၂၆၂၅ |

တရုတ် (ပြည်ပ) ဝယ်လက်နဲ့ ဒေသတွင်းဝယ်လက်၊ ပဲခွဲစက်များမှ ပုံမှန်ဝယ်ယူမှုရှိတဲ့ ပဲတီစိမ်းကြီးဈေးမှာ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ် ဈေးငြိမ်လျက်ရှိပြီး၊ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၂၄ ကျပ် (တစ်တန် ၁၀၅၅၇၆၀ ကျပ်)၊ ပဲတီစိမ်းရွှေဝါတစ်ပိဿာ ၂၁၈၇ ကျပ် (တစ်တန် ၁၃၃၉၂၉၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၅၄ ကျပ် (တစ်တန် ၃၃၀၆၉ ကျပ်)နဲ့ ဈေးမာလျက်ရှိပြီး၊ ပဲလွန်းဖြူတစ်ပိဿာ ၁၃၀၀ ကျပ် (တစ်တန် ၇၉၆၁၀၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၃၃ ကျပ် (တစ်တန် ၂၀၂၀၉ ကျပ်) ဈေးအေးလျက် နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၆၂၉ ကျပ် (တစ်တန် ၉၉၇၅၈၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၈၁ ကျပ် (တစ်တန် ၁၁၀၈၄၃ ကျပ်) ဈေးအေးပြီး၊ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ကျော်၊ ပဲနီပြားတစ်ပိဿာ ၁၈၁၀ ကျပ် (တစ်တန် ၁၁၀၈၄၂၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မာပြီး နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပြီး ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၃၅၀ ကျော်၊ ပဲယင်းတစ်ပိဿာ ၇၈၃ ကျပ် (တစ်တန် ၄၇၉၅၀၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက် ရောက်ပြီး နေ့စဉ်သုံးတင်းအိတ် ၃၅၀ ခန့်၊ ထို့အတူ ထောပတ်ပဲတစ်ပိဿာ ၁၃၈၇ ကျပ် (တစ်တန် ၈၄၉၃၈၅ ကျပ်) နဲ့ ဈေးအေးပြီး နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၂၅၀၀ ကျပ် (တစ်တန် ၁၅၃၀၉၇၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၁၃၃ ကျပ် ( တစ်တန် ၈၁၄၄၈ ကျပ်) ဈေးမာပြီး၊ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော်၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၂၇၅ ကျပ် (တစ်တန် ၇၈၀၇၉၇ ကျပ်)၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၁၃၅၁ ကျပ် (တစ်တန် ၈၂၇၃၃၉ ကျပ်) နဲ့ ကုလားပဲနှစ်မျိုးနေ့စဉ် သုံးတင်းအိတ် ၆၀၀ ခန့်၊ ပဲစင်းငုံနီတစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၅၄ ကျပ် (တစ်တန် ၂၇၈၀၂၅ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ၂၆၆၃၉၀ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၆၃ ကျပ် (တစ်တန် ၂၈၃၅၃၇ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၃၈ ကျပ် (တစ်တန် ၃၂၉၄၆၆ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၀၆ ကျပ် (တစ်တန် ၃၀၉၈၆၉ ကျပ်) နဲ့ ပြောင်းဖူးစေ့ ငါးမျိုး ပေါင်းနေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံများရဲ့ ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၂၀၈၉ ကျပ် (တစ်တန် ၁၂၇၉၂၈၃ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန် ၁၁၄၃၃၃၂ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၁၁၁ ကျပ် (တစ်တန် ၂၅၁၇၅၃၅ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၃၁ ကျပ်) နဲ့ နှမ်းရောင်စုံငါးမျိုး သုံးတင်းအိတ် ၂၀၀၀ ကျော်၊ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၆၂၅ ကျပ် (တစ်တန် ၁၆၀၇၅၂၄ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ သီးနှံပစ္စည်းမျိုးစုံ အဝင်အထွက်ရှိသလို အရောင်းအဝယ်လည်း သွက်လက်လျက်ရှိကြောင်း၊ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုကွာဟချက်နည်းပါးကြောင်း၊ ယခုနှစ်မှာ ပဲ၊ ပြောင်း၊ နှမ်းနဲ့မြေပဲများကို ကြာရှည်သိုလှောင်မှုနည်းပါးကြောင်း၊ အရောင်းအဝယ်ဖြစ်မှုသွက်လက်ကြောင်း၊ ပစ္စည်းအဝင်အထွက် မြန်ဆန်ကြောင်း၊ အများဆုံးတစ်ပတ်၊ ၁၀ ရက်သာ သိုလှောင်မှုရှိကြောင်း လှောင်လက်ကုန်သည်ကြီး တစ်ဦးမှပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ဝင်လာသမျှ မြေပဲ (လုံးဆန်) များ ရန်ကုန်ဝယ်လက် အကုန်ဆွဲ

မြေပဲ၊ နှမ်းရောင်းဝယ်ရေးပွဲရုံများသို့ ဖေဖော်ဝါရီတတိယပတ်တွင် ကံမ၊ မင်းတုန်း၊ ရွှေတောင်မှ မြေပဲဆန်အိတ်တွေ အဝင်များလာတာတွေ့ရပါတယ်။ တစ်ရက်ကို အိတ် ၇၀၀၊ ၈၀၀ အဝင်ရှိပါတယ်။ မြေပဲ (ဆီဆန်) များကို မြို့ပေါ်ဆီစက်သမားများမှ အဝယ်ရှိကြပြီး၊ လုံးဆန်များကိုတော့ ရန်ကုန်ဝယ်လက်သမားများမှ အကုန်ဆွဲကြောင်းလည်း သိရပါတယ်။ ဝင်သမျှ မြေပဲအိတ်အားလုံး လက်ကျန်မရှိ အရောင်းအဝယ် အကုန် ဖြစ်ပါတယ်။

မြေပဲ (ဆီဆန်) တစ်ပိဿာဈေး ၁၉၀၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ၂၂၇၀ ကျပ်ဖြစ်ပြီး ဈေးအနည်းငယ် ကျလာပါတယ်။ ယခုတစ်ပတ်မှာ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာတယ်လို့လည်း သိရပါတယ်။ ပဲဆီဈေးတွေကတော့ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဆီ(ရှယ်) ၄၅၀၀ ကျပ် (သန့်) ၄၂၀၀ ကျပ်နဲ့ (ရိုးရိုး) ၄၀၀၀ ကျပ်တို့ဖြစ်ပါတယ်။

**ဝေဝေမင်း-ပြည်**

## ချင်း

### ချင်း ၁၁ တန်တင်ပို့

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အတွင်း ချင်း ၁၁တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မလေးရှားသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၇၅၄၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဟိုပုံးချင်းဈေးကွက် ပြည်တွင်းသုံးအဝယ်အေး

ဟိုပုံးဈေးကွက်မှာ ချင်းဈေးကွက်က အရောင်းအဝယ်အေးနေပါတယ်။ အစိုအတိုင်းရောင်းဖို့ ဈေးကွက်ကလည်း လောလောဆယ်တော့မရှိတော့ ခြံရှင်တွေကလည်း ထုတ်မရောင်းတော့ဘဲ ပြုတ်ခြောက်အဖြစ်သာပြုလုပ်ကြတယ်လို့ သိရပါတယ်။ အခုလောလောဆယ်မှာတော့ အစိုအတိုင်းရောင်းဖို့ထက် ပြုတ်ခြောက်ကိုသာ ပိုလုပ်ကြပါတယ်။ ပြည်တွင်းသုံးအတွက်သာ အရောင်းအဝယ်ရှိပြီး ဒါးလို့ ချင်းသမားတွေလည်း အဝယ်နည်းသွားပါတယ်။ ဒီနှစ်မှာ ချင်းအရောင်းအဝယ်က သိပ်မကောင်းပါဘူး။ ယမန်နှစ်က တဖြည်းဖြည်းချင်း ရောင်းနေရပေမယ့် လက်ကျန်တွေလည်းရှိနေသေးလို့ ဒီနှစ်အထွက် ချင်းလက်ကျန် များနေပါတယ်။ ပြည်ပဝယ်လက်မရှိရင် ချင်းက ဒီလိုပဲပုံနေအုန်းမှာပါ။ အောင်ပန်းကထွက်တဲ့ ချင်းတွေနဲ့တင် ပြည်တွင်းသုံးစွဲဖို့ လုံလောက်ရုံတင်မက ပိုလျှံနေပြီး ဟိုပုံးချင်းပါဆိုရင် ပိုတောင်များနေတယ်လို့ ဈေးကွက်က သိရပါတယ်။ အောင်ပန်း၊ ကလောမြို့နယ်ကထွက်တဲ့ချင်းက တစ်နှစ်ကို တန် ၁၅၀၀၀ ခန့်ထွက်တဲ့အတွက် ပြည်ပဝယ်လက်သာ မရှိရင် ဖြုန်းအားမရှိတာကြောင့် လက်ကျန်က များလာအုန်းမှာပါ။ ရာသီဥတုပူပြင်းလာတာကြောင့် ခြောက်သွေ့တာမြန်လို့ အခုချိန်မှာ ချင်းစိုက ခြောက်ပိသာပြုတ်ရင် တစ်ပိသာပြန်ရပါတယ်။ ဈေးကတော့အစိုဆိုရင် ၂၅၀ ကျပ်၊ ၃၀၀ ကျပ်ရှိပြီး အခြောက်က တစ်ပိသာ ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ပြည်တွင်းသုံးအတွက် အဝယ်နည်းနည်းသာ ရှိနေပြီး တစ်ပိသာကို ၃၅၀ ကျပ်၊ အခက်ကြီးအခက်လှဆိုရင် ၅၅၀ ကျပ်ဈေးပေါက်နေပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ထမနဲပွဲတော်ကြောင့် ပြည်ချင်းများအရောင်းသွက်

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိသာ ၃၀ ဝင်အိတ် ၁၀၀ ခန့် ပုံမှန်အဝင်ရှိပြီး ယခုလဟာ တပို့တွဲလ ထမနဲပွဲတော်အချိန်ဖြစ်တဲ့အတွက် ချင်းအရောင်းအဝယ် သွက်လာတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။ ချင်းတစ်ပိသာကို (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ဈေးကွက်မှ တစ်ဆင့်ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိသာချိန် ၅၀၀ ခန့်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

> **➡ စာမျက်နှာ - ၃ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း မှအဆက်**
>
> ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦး စီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ပါတယ်။ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာမှာ မျှော်လင့်ထားတာထက် သင်တန်းမှ အသိပညာများ ပိုမိုရရှိကြောင်း၊ ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုနဲ့ ဆက်စပ်သော အသင်းအဖွဲ့များ စုံစုံလင်လင်ကိုခေါ်ယူ ပို့ချပေးခဲ့ကြောင်း၊ လာရောက်သင်ကြားတဲ့ ဆရာတွေကလည်း စေတနာထား၍ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းပြီးသွား သည့်တိုင် မိမိလုပ်ငန်းလုပ်ဆောင်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲရှိလျှင် လိုအပ်တဲ့ အကူအညီများရှိလျှင် ကူညီဖြေရှင်းပေးမယ်လို့ ပြောကြားသွားကြတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။
>
> သင်တန်းမှာ ကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားမှုများ၊ အာမခံ၊ ငွေပေးချေမှုစနစ်၊ သင်္ဘောမတင်မီစစ်ဆေးခြင်း၊ သင်္ဘောတင်ဆိုင်ရာ စာရွက်စာတမ်းများ၊ ဈေးကွက်သုတေသန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှု ထောက်ခံချက် လက်မှတ်ဆိုင်ရာ ကျင့်သုံးသည့် နည်းစနစ်များ၊ အပြည်ပြည်ဆိုင်ရာ ဈေးကွက်၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး စီမံခန့်ခွဲမှု ၊ အကောက်ခွန် ပိုင်းဆိုင်ရာများ၊ SMEs များဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ၊ စတော့အိတ်ချိန်း၊ WTO ကုန်သွယ်မှုဆိုင်ရာ အခြေခံဥပဒေများ၊ UMFCCI ရဲ့ အခန်းကဏ္ဍ၊ ဂျပန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရာမှာ သိရှိရမယ့် အချက်များစတဲ့ အကြောင်းအရာများကို ကျွမ်းကျင်သူပညာရှင်များက အသေးစိတ်ဟောပြောပို့ချပေးခဲ့ကြောင်း သတင်းရရှိပါတယ်။
>
> **MIRT**

## နနွင်း

### ဒီတစ်ပတ်နနွင်းတန်ချိန် ၂၀၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း နနွင်း၂၀၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ ၈၄တန်၊ စင်ကာပူသို့ ၂၈တန်နဲ့မလေးရှားသို့တန် ၉၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။တစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ ၇၀၀-၇၀၅ ဝန်းကျင် ရရှိခဲ့တယ်လို့ သိရပါတယ်။ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၄၈၀ ကျော်အထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၂၈၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၂၁၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ရာသီဥတုပူလာလို့ နနွင်းပြုတ်ခြောက်များ ပြုလုပ်၍ ရောင်းဝယ်

ရှမ်းချင်းက အရောင်းအဝယ် အေးပေမယ့် နနွင်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ နနွင်းအသစ်တွေပေါ်နေပေမယ့် လက်ကျန်နနွင်းအဟောင်းတွေရှိနေသေးလို့ ဈေးကွက်ကိုတော့ သိပ်ပြီးမဝင်လာသေး ပါဘူး။ အသစ်တွေကို အရင်လကပြုတ်ရင် အစိုဓာတ်တွေများနေလို့ ခုနစ်ပိသာနဲ့ အစိတ်သားပြုတ်မှသာ တစ်ပိသာကျန်ပါတယ်။ အခုချိန်တော့ ပူပြင်းလာပြီဖြစ်လို့ ရေခါတ်လည်းခန်းလာတာကြောင့် ခြောက်ပိသာပြုတ်ရင် တစ်ပိသာကျန်လာပါပြီ။ တောင်သူတွေကတော့ ရာသီဥတုကြောင့် အခြောက်ခံ၊ နေလှန်းပြီး ပြုတ်ခြောက်လုပ်နေကြပါတယ်။ ဟိုပုံးနနွင်းကတော့ ဝယ်လက်တွေ စိတ်ကြိုက်တွေ့တာကြောင့် အရောင်းအဝယ် ခပ်မှန်မှန်ဖြစ်နေပါတယ်။ ရန်ကုန်ဝယ်လက်တွေကတော့ တောင်ကုတ်ကတစ်ဆင့် ပို့ဖို့အတွက် ဝယ်ယူနေပြီး၊ ပြီးခဲ့တဲ့တစ်ပတ်က တစ်ပိသာ ၁၇၇၀ ကျပ်ဈေးနဲ့ ပဲ ပိသာချိန် နှစ်သောင်းအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အသစ်ကတော့ တစ်ပိသာကို ၁၃၀၀ ကျပ်၊ ၁၄၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်းက ပုံမှန်အဝင်ရှိနေပြီး၊ ဈေးပတ်သမားတွေနဲ့ ရန်ကုန်ဝယ်လက်တွေဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာ ပိသာချိန် ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းကတော့ တစ်ပိသာကို အနိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၀၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### ဖေဖော်ဝါရီ ဒုတိယသီတင်းပတ်တွင် ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလဒုတိယပတ်တွင် ကန်ဒေါ်လာ ၁၇၀၆၈၅ တန်ဖိုးရှိကြက်သွန်နီ ၃၁၉ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၇၄ တန်ခွဲသာတင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု ၄၅ တန် ပိုမိုလာတာတွေ့ရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ကုန်ကားအစီးရေ ၃၀ ကျော်နေ့စဉ်အဝင်ရှိကြောင်း၊ တစ်ပိသာလျှင် ၃၀၀ ကျပ်မှ ၆၀၀ ကျပ်ထိရှိပြီး ရက်ပိုင်းအတွင်း တစ်ပိသာကို ၃၀၀ ကျပ်ခန့် ကျဆင်းသွားကြောင်း၊ မတ်လတွင် နွေကြက်သွန်နီသစ်များပေါ်လာပါက လက်ရှိထက် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပြည်ပွဲရုံများသို့ ကြက်သွန်နီ ဝင်ရောက်မှုများပြီး ဒေသတွင်းသာ အရောင်းရှိ

ပြည်ကြက်သွန်နီပွဲရုံများတွင် ကြက်သွန်နီအိတ်တွေ အမြောက်အများ ဝင်ရောက်နေတာ တွေ့ရပါတယ်။ ယခုလတတိယပတ်တွင် တစ်ရက် အိတ်တစ်သောင်းကျော်အဝင်ရှိနေတာကြောင့် ဈေးတွေလည်း ဆက်တိုက်ကျနေပါတယ်လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ယခုတစ်ပတ် ပြည်ကြက်သွန်နီ (ပွဲရုံဈေး) တစ်ပိသာလျှင် (ကြီး) ၅၂၅ ကျပ်၊ (လတ်) ၅၀၀ ကျပ်နဲ့ (သေး) ၄၅၀ ကျပ်တို့ဖြစ်ကြောင်းသိရပါတယ်။ ဒေသတွင်း (လက်လီ) ရောင်းဈေး (ကြီး) ၇၅၀ ကျပ်၊ (လတ်) ၆၅၀ ကျပ်နဲ့ (သေး) ၅၅၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိကြပါတယ်။

ကြက်သွန်နီဝင်ရောက်တဲ့ ဒေသတွေကတော့ ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူမြို့နယ်တွေက ဝင်ရောက်နေတာ ဖြစ်ပါတယ်။ ဈေးအကျဘက်ရောက်နေလို့လည်း ပွဲရုံများမှ လှောင်စတွေရှိနေတာကြောင့် အဝင်တွေများနေခြင်း ဖြစ်ပါတယ်။ အရောင်းအဝယ်အနေနဲ့ကတော့ ဒေသတွင်းအိတ်ဆွဲများသာ အရောင်းအဝယ်ရှိနေပါတယ်။ ဒေသတွင်းဆိုပေမယ့်လည်း နေ့စဉ်အိတ် ၄၀၀၊ ၅၀၀ အရောင်းအဝယ်ရှိနေတယ်လို့သိရပါတယ်။

**နီနီဝင်း-ပြည်**

## မန်ကျည်း



### မန်ကျည်း တန်ချိန် ၂၆၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၆၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၄၀၂၅၀ တန်ဖိုးရှိ မန်ကျည်း ၁၇၁ တန်ကို ပါကစ္စတန်နိုင်ငံ၊ ကန်ဒေါ်လာ ၂၀၈၅၀ တန်ဖိုးရှိမန်ကျည်း ၆၆တန်ကိုစင်ကာပူနိုင်ငံနဲ့ ကန်ဒေါ်လာ၆၂၅၀ တန်ဖိုးရှိ မန်ကျည်း ၂၅ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က မန်ကျည်း ၁၆၈ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၉၄ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၇၃၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ပြည်မန်ကျည်းမှည့် (အစေ့ပါ) များအား ရခိုင်ပြည်နယ်သို့ ဆက်လက်တင်ပို့

ဖေဖော်ဝါရီ တတိယပတ်တွင် ပြည်မန်ကျည်းမှည့်များအား ရခိုင်ပြည်နယ်သို့ ဆက်လက်တင်ပို့နေရကြောင်း သိရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှလည်း (အစေ့ပါ) မန်ကျည်းများသာ အဝယ်များပြီး၊ ပွဲရုံသို့ဝင်လာသမျှ မန်ကျည်းမှည့်များ တင်ပို့နေရကြောင်းလည်းသိရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် (ပွဲရုံဈေး) (အစေ့ပါ) တစ်ပိသာ ၇၀၀ ကျပ်၊ (အစေ့လွတ်) တစ်ပိသာ ၁၄၀၀ ကျပ်တို့ဖြစ်ပါတယ်။

ဆင်တဲ၊ ဖိုးဦးတောင်၊ ကျီးသဲနဲ့ရွှေတောင် စတဲ့ဒေသများမှ ဝင်လာခြင်းဖြစ်ပါတယ်။ ဒေသတွင်း မန်ကျည်းမှည့် (အစေ့လွတ်) အဟောင်းရောအသစ်ပါ တစ်ပိသာ ၁၈၀၀ ကျပ်ဖြစ်ပါတယ်။ တစ်ရက်ကို ရခိုင်ပြည်နယ် တောင်ကုတ်သို့ (အစေ့ပါ) ပိသာချိန် ၄၀၀ ကျော်နဲ့ (အစေ့လွတ်) ပိသာ ၁၀၀ နီးပါး တင်ပို့နေရကြောင်းသိရပါတယ်။

**နီနီဝင်း-ပြည်**

## ဓာတ်ဆီ/ဒီဇယ်




### ဓာတ်ဆီ၊ ဒီဇယ် အဝင်နား

ဖေဖော်ဝါရီ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်နဲ့ အခြားစက်ချောဆီများသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း(95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ဈေးမှာ ဒီဇယ် ၄၇၀ ကျပ်၊ အောက်တိန်း (92) ၅၁၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရော၊ ဓာတ်ဆီပါ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ပီပါဈေးများငြိမ်နေသလို တစ်ဂါလန်ဈေးများလည်း ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက် ဒီဇယ်ဝယ်ဈေးမှာ ၈၅၀၀၀ ကျပ်၊ ရောင်းဈေး ၈၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၇ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးပြန်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ၁၅ ရက် ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်ရှိခဲ့ပြီး ၁၈ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ လက်လီဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၄၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ ကျပ်၊ ဒီဇယ် ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၁၀ကျပ်၊ အောက်တိန်း (95) ၇၂၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၁၅ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၇ ရက်တွင် ဝယ်ဈေး ၂၀၀၀ကျပ်၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၁၅ ရက်မှာ ဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၀၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၄၀ ကျပ်၊ အောက်တိန်း ၂၆၁၀ ကျပ် နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်၊ အောက်တိန်း ၂၈၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်နေ တယ်လို့ သိရှိရ ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရော ဒီဇယ်ပါဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာဓာတ်ဆီ ၂၆၀၀ ကျပ်၊ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 19-2-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 30.54 | -0.23 | -0.75 |
| Brent Crude Futr (USD/bbl) | 34.00 | -0.28 | -0.82 |
| Gasoline Rbob Fut (Cent/gal) | 97.10 | -0.14 | -0.14 |
| Natural Gas Futr (USD/MMBtu) | 1.86 | 0.00 | 0.16 |
| Heating Oil Futr (Cent/gal) | 107.77 | -0.15 | -0.14 |

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျကြမ်းနေဆဲ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အတက်အကျကြမ်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း အတက်အကျ ကြမ်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

တစ်ပတ်အတွင်း ၁၀ ကျပ်ကျော် အတက်အကျကြမ်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် အမေရိကန်ဒေါ်လာ အားပျော့လာမှု၊ တရုတ်စတော့ဈေးနှုန်းများ ကျဆင်းလာမှုနှင့်အစိုးရသစ် စတင်ပေါ်ပေါက်တော့မည့်အချိန်သို့ ရောက်ရှိနေမှုများကြောင့် မြန်မာကျပ်ငွေ ခိုင်မာအားကောင်းလာကာ အမေရိကန်ဒေါ်လာ ကျဆင်းနေရခြင်းဖြစ်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

"မြန်မာငွေခိုင်မာလာတာက ပြည်တွင်းစီးပွားရေးကောင်းလာတာကို ပြောတယ်ဆိုပေမယ့် အခုလိုမျိုး အတက်အကျကြမ်းတာမျိုးကိုတော့ ဘယ်လိုမှ လက်ခံလို့မရဘူး။ အတက်အကျကြမ်းတာကလည်း တစ်ပတ်မဟုတ် နှစ်ပတ်ဆက်တိုက်ဖြစ်နေတော့ အရောင်းအဝယ်လုပ်တဲ့နေရာမှာ ဆုံးရှုံးမှုတွေဖြစ်ပေါ်နေကြပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်တုန်းကလည်း ဈေးကျမယ်ဆိုတဲ့သတင်းကြောင့် ပြန်ထုတ်ရောင်းတဲ့သူတွေများလာပြီး ဈေးက ဝုန်းဆို ပြုတ်ကျသွားတယ်။ ဒီတစ်ပတ်မှာလည်း ဒီလိုပဲ။ ဈေးပြန်တက်တော့မယ်လည်းဆိုရော အဝယ်က ပြန်လိုက်လာပြန်ရော။ အဲဒီတော့ ဈေးက ချက်ချင်းကိုပြန်တက်လာတာ။ တစ်ရက်အတွင်းမှာကို နာရီပိုင်းလေးနဲ့ အရှုံးအမြတ်က တော်တော်ကွာသွားတာ။ ဒါကြောင့် ငွေလဲနှုန်းငြိမ်မှ တိုင်းပြည်ရဲ့ စီးပွားရေးလည်း ငြိမ်သက်မှာပါ"ဟု ၎င်းကထပ်မံပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဖေဖော်ဝါရီ ၁၅ ရက်က ရောင်းဈေး ၁၂၄၁ ကျပ်၊ ဝယ်ဈေး ၁၂၃၇ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၆၀ ကျပ်၊ ဝယ်ဈေး ၁၂၅၅ ကျပ်သို့ မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၇ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၅၄ ကျပ်၊ ဝယ်ဈေး ၁၂၄၈ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၄၉ ကျပ်၊ ဝယ်ဈေး ၁၂၄၄ကျပ်သို့ဈေးကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၁၉ရက် နေ့လယ်ပိုင်းတွင် ရောင်းဈေး ၁၂၄၅ ကျပ် ဝယ်ဈေး ၁၂၄၀ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## မြန်မာ့ရွှေဈေးများ ဆက်လက် မြင့်တက်လျက်ရှိ

ကမ္ဘာ့ရွှေဈေးများမြင့်တက်လာမှုနှင့်အတူ မြန်မာ့ရွှေဈေးများလည်း ဆက်လက် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရွှေဝယ်လိုအား မြင့်တက်လာမှုကြောင့် ရွှေဈေးများမြင့်တက်လာရကြောင်း၊ ဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းဈေးကွက်တွင် အဝယ်ထက် ရောင်းချသူများသာ ပိုမိုများပြားလာကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ကမ္ဘာ့ ရွှေဈေးတွေကလည်း အတက်ကြမ်းလာတယ်။ ကမ္ဘာမှာ ရွှေအဝယ်လိုက်လာတော့ရွှေဈေးမြင့်တက်ရတာပါ။ ပြည်တွင်းဈေးကွက်မှာတော့ ဈေးတက်လာတဲ့ အချိန်ကတည်းက အဝယ်ထက် အရောင်းက ပိုများလာတယ်။ အရောင်းပိုများလာတယ်ဆိုပေမယ့် ဈေးက သိသိသာသာ ကျမသွားပါဘူး။ ပိုဆိုးတာက ဈေးအတက်အကျကြမ်းနေတာပါ။ ပြည်တွင်းငွေလဲနှုန်းကလည်း နေ့စဉ်လိုလို ပြောင်းနေတယ်။ ငွေလဲနှုန်း မငြိမ်တဲ့အခါကျတော့ ရွှေဈေးလည်းလိုက်ပြီး မငြိမ်မသက်ဖြစ်နေရတာပါ"ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

"ပြည်တွင်းမှာ ရွှေဈေးတွေမြင့်တက်လာတော့ တချို့ဆိုင်တွေဆို အရောင်းအဝယ်တောင် မလုပ်ကြဘူး။ အတက်အကျကြမ်းတဲ့ အခါကျတော့ အရှုံးအမြတ်က သိသာတယ်။ဒါကြောင့် အရောင်းအဝယ်တွေကို ခဏရပ်ထားတဲ့သဘောပါ။ ဈေးကွက်မှာတော့ အထည်ပိုင်းရော၊ ဒိုးပိုင်းမှာပါ အရောင်းအဝယ် မရှိသလောက်ပဲ"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်း ရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၁၅ရက်က ကျပ် ၇၉၅၀၀၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျပ် ၇၉၂၀၀၀ သို့ကျဆင်းခဲ့သည်။ သို့သော် ဖေဖော်ဝါရီ ၁၉ရက်တွင် ကျပ် ၇၉၈၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ၁၂၂၅ ဒေါ်လာရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင် ၁၂၀၁ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် ၁၂၂၉ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

February 19, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 78.29 |
| CAD | Canada Dollars | 1.38 |
| CNY | China Yuan Renminbi | 6.52 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 68.66 |
| I DR | Indonesia Rupiahs | 13532.15 |
| JPY | Japan Yen | 113.07 |
| MYR | Malaysia | 4.22 |
| PKR | Pakistan Rupees | 104.75 |
| PHP | Philippines Pesos | 47.63 |
| RUB | Russia Rubles | 76.41 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1233.96 |
| LKR | Sri Lanka Rupe | 143.92 |
| THB | Thailand Baht | 35.70 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22356.36 |

Source : xe.com

## World Gold Price

February, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1216 | 1216 | 1216 |
| 16 | 1198 | 1199 | 1199 |
| 17 | 1204 | 1206 | 1205 |
| 18 | 1206 | 1207 | 1207 |
| 19 | 1223 | 1225 | 1223 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15-2-2016 | 792.50 | 791.90 |
| 16-2-2016 | 791.50 | 789.80 |
| 17-2-2016 | 798.00 | 796.50 |
| 18-2-2016 | 794.00 | 793.70 |
| 19-2-2016 | 797.50 | 797.60 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 6.53 | 35.61 | 78.50 | 68.12 |
| 16 | 6.51 | 35.64 | 78.58 | 68.39 |
| 17 | 6.53 | 35.53 | 78.67 | 68.61 |
| 18 | 6.52 | 35.57 | 78.45 | 68.49 |
| 19 | 6.52 | 35.70 | 78.29 | 68.66 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15 - February | 15.38 | 1749.66 | 1542.02 | 4668.83 | 942.00 |
| 16 - February | 15.23 | 1720.99 | 1545.38 | 4641.95 | 933.00 |
| 17 - February | 15.29 | 1674.40 | 1538.43 | 4605.89 | 938.00 |
| 18 - February | 15.25 | 1695.23 | 1549.18 | 4650.24 | 943.00 |
| 19 - February | 15.38 | 1734.43 | 1559.71 | 4676.90 | 943.00 |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေတန်ချိန် ၂၇၀၀ ကျော်အဝင်လျော့

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၄၄၆၃၀၆၆ တန်ဖိုးရှိ ဘိလပ်မြေ ၅၃၄၀၂ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့တာဖြစ်ပြီး စိန်နဲ့ ဆင်တံဆိပ် အများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်း ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းခြောက်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၇၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၅၃၄၀၀ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ယခင် သီတင်းပတ်ဘိလပ်မြေအဝင်မှာ၅၆၁၅၃ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာဘိလပ်မြေ တန်ချိန် ၂၇၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၂၀၉၁၆ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၃၆၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၂၅၅၄ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၅၁၀၀ ကျပ်၊မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၄၀၀ ကျပ်၊ ကျားခေါင်း ၄၄၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၉၀၀ ကျပ်၊ စိန် ၆၉၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီကြောင့်လုပ်ငန်းတွေလည်း ကောင်းတယ်။ဒီတစ်ပတ်မှာ အပါချီ ကဈေးနည်းနည်းတက်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ ကြံ့ ၅၂၀၀ ကျပ်၊ မြင်းခေါင်း ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် ရောင်းအားရှိပေမဲ့လည်း ဘိလပ်မြေဈေးတွေ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန်(ထိုင်း) ၇၄၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ ကမ္ဘောဇ ၄၆၀၀ကျပ်၊နဂါး ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် မြေဆီ အဝင်လျော့

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၇၁၄၄၉ တန်ဖိုးရှိ မြေဩဇာ ၂၉၃၂ဒသမ ၉၅ တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ကွန်ပေါင်းမြေဩဇာ တန်ချိန် ၁၂၀၊ ရုရှားမှ မြေဩဇာ ၁၆၈ တန်၊ စင်ကာပူမှ ၅၃၂ တန်၊ တရုတ်နိုင်ငံမှ PRILLED ယူရီးယား တန်ချိန် ၁၀၀၊ အမိုးနီးယမ်းဆာလဖိတ် တန်ချိန် ၁၃၀၀ နဲ့ အိန္ဒိယမှ ယူရီးယား CD-0 CTEXE ၁၁၂ ဒသမ ၉၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၅၇၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၈၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းငြိမ်နေ

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၉၃၂ တန်ကျော် ဝင်ခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၅၇၈၈ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၁၅၈၇၄ တန် ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၂၀၃၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၁၅၇တန် ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်း ရောနယ်စပ်လမ်းမှပါမြေဩဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအေးနေပေမယ့် ဈေးနည်းနည်း တက်လာတယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာလည်း ကုမ္ပဏီချဈေးတွေတက်လို့သာ ဈေးတက်နေပြီး ရောင်းအားကြောင့် မဟုတ်ဘူးလို့ဆိုပါတယ်။ ဈေးတက်တာကလည်း ကွန်ပေါင်းတစ်မျိုးသာတက်ခဲ့တာလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၂၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၉၅၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါ တယ်။

**တောင်ကြီးဈေးကွက်မှာ** ကြက်သွန်ဖြူရော သနပ်ဖက်ပါ မြေဩဇာ အသုံးနည်းနေတာကြောင့် အရောင်းအဝယ် အေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တော့ တီစူပါ၁၅ ပတ်လည်သာ ၅၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာဈေးတွေ ကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၂၀၀ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၃၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာယူရီးယား (ရွှေတောင်-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၁၉၄၀၀ ကျပ်၊ တီစူပါ (**GTSP**၄၆%-တရုတ်) ၁၉၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ က ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးတွေ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) ၁၄၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ပန်းဖူး-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၆၀၀ကျပ်၊ ယူရီးယား ၁၈၅၀၀ ကျပ် အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ကျပ်၊ တီစူပါ ၂၀၃၀၀ ကျပ်၊ တောင်သူမ ၁၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်




### နို့ဆီ တန်ချိန် ၂၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၆၀ကျော်ဝင်

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှကန်ဒေါ်လာ ၂၀၄၁၆၃ တန်ဖိုးရှိ နို့ဆီ ၂၁၆ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ တစ်မျိုးသာဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၆၂၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၄၉၇၉၉၀ တန်ဖိုးရှိ နို့ဆီ ၆၀ ဒသမ ၆၁၄ တန်ကို ဒီတစ်ပတ်မှာတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၁၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

#### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၂ မှ ၁၂/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁ မှ ၅/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၉၆.၅၀ | ၈၃၄.၇၅ | (-) ၁၃၈.၂၅ |
| ၂။ | လွယ်ဂျယ် | ၁၅၀.၀၀ | ၁၆၀၅.၀၀ | (-) ၁၄၅၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | - | - | - |
| ၅။ | တာချီလိတ် | ၈၀၀၀.၀၀ | ၂၅၀၀.၀၀ | (+) ၅၅၀၀.၀၀ |
| ၆။ | မြဝတီ | ၁၇၄၀.၀၀ | ၁၄၄၇.၀၀ | (+) ၂၉၃.၀၀ |
| ၇။ | ကော့သောင်း | ၇၃၃၀.၀၀ | ၁၁၈၄၅.၀၀ | (-) ၄၅၁၅.၀၀ |
| ၈။ | မြိတ် | ၃၀၀၀.၀၀ | ၁၃၀.၀၀ | (+) ၂၈၇၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၀၉၁၆.၅၀ | ၁၈၃၆၁.၇၅ | (+) ၂၅၅၄.၇၅ |

မြင့်မြင့်မာ MIRT

#### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၂ မှ ၁၂/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁ မှ ၅/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၀၄၂.၄၆၀ | ၂၀၆၆၄.၇၅၀ | (-) ၉၆၂၂.၂၉၀ |
| ၂။ | လွယ်ဂျယ် | - | ၅၁.၀၀၀ | (-) ၅၁.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၃၃၂.၂၇၁ | ၁၂၂၆.၀၂၀ | (+) ၃၁၀၆.၂၅၁ |
| ၆။ | ကော့သောင်း | | ၉၀.၀၀၀ | (-) ၉၀.၀၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိုဒ် | ၅၀၀.၀၀၀ | - | (+) ၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၅၈၇၄.၇၃၁ | ၂၂၀၃၁.၇၇၀ | (-) ၆၁၅၇.၀၃၉ |

တင်တင်ထွန်း MIRT

# နှမ်း

## နှမ်း တင်ပို့မှု သိသိသာသာလျော့နည်း

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းတန်ဖိုးရှိ နှမ်းနက် ၄၉ တန် တစ်မျိုးတည်းသာ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၇၅၉ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှု သိသိသာသာ လျော့နည်းသွားတာတွေ့ရပါတယ်။ မူဆယ် (၁၀၅) မိုင် နှမ်းတင်ပို့မှုမရှိတာ တစ်လကျော်ရှိခဲ့ပေမယ့် နှမ်းဖြူဈေးမှာ ယခင်တစ်ပတ်က ၁၅၁၄၅၇၁ ကျပ်မှ ၁၅၁၇၄၆၂ ကျပ်သို့လည်းကောင်း၊ နှမ်းနက်ဈေးမှာ ၁၈၉၅၅၂၄ ကျပ်မှ ၁၈၉၉၁၄၁ ကျပ်သို့လည်းကောင်း ဈေးမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပြည်နှမ်းဈေးကွက် အဝင်နည်းပေမယ့် အရောင်းအဝယ်အကုန်ဖြစ်

ယခုတစ်ပတ် ပြည်နှမ်းပွဲရုံများသို့ နှမ်းအိတ်တွေ အဝင်နည်းနေတယ်လို့ သိရပါတယ်။ မြန်အောင်မှ အဓိကဝင်ရောက်လာပြီး ပြည်ဒေသတွင်းမြို့နယ်များမှ အနည်းငယ်ဝင်လာခြင်းဖြစ်ပါတယ်။ ဖေဖော်ဝါရီ တတိယပတ်အတွင်း တစ်ရက်လျှင် အိတ် ၄၀၀ နီးပါးလောက်သာ ဝင်လာပြီး အရောင်းအဝယ်အနေနဲ့ လက်ကျန်မရှိ အဝယ်ရှိပါတယ်။

နှမ်းနီများကို ဆီစက်များမှ ဝယ်ယူကြပြီး၊ နှမ်းနက်များကိုတော့ မန္တလေးသို့ နေ့စဉ် အိတ် ၂၀၀ ကျော် တင်ပို့နေရပါတယ်။ နှမ်းတစ်တင်းပေါက်ဈေးတွေကတော့ (နှမ်းနီ) ၂၆၆၀၀ ကျပ်၊ (နှမ်းနက်) ၃၆၆၀၀ ကျပ်နဲ့ (စမုံနက်) ၅၃၃၀၀ ကျပ်တို့ဖြစ်ပြီး ဈေးငြိမ်နေလျက်ရှိကာ အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ နှမ်းဆီဈေးတွေလည်း ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်ကာ အရောင်းအဝယ် ဖြစ်နေပါတယ်။ (နှမ်းဦးဆီ) တစ်ပိဿာ ၄၄၀၀ ကျပ်၊ (နှမ်းဆီသန့်) ၄၂၀၀ ကျပ်နဲ့ နှမ်းဆီ (ရိုးရိုး ) ၄၀၀၀ ကျပ်တို့ဖြစ်ပါတယ်။

**ဝေဝေမင်း-ပြည်**

## ကာလတူထက် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ကျော် ပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်အထိပြည်ပမှ စားအုန်းဆီတင်သွင်းမှုမှာ တန်ချိန်အားဖြင့် ၅၅၀၀၀၀ ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၅၅ သန်းကျော် ပိုမိုပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၁၂၈၆၃ တန် ပိုမိုတင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့်တော့ ကန်ဒေါ်လာ ၉၉ သန်းကျော် လျော့နည်းဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

# စားအုန်းဆီ

## ရင်းဂစ်တန်ဖိုးမြင့်တက်မှုနဲ့ ဝယ်လိုအားကျဆင်းမယ့် အလားအလာကြောင့် မလေးရှားစားအုတ်းဆီဈေးနှုန်းကျဆင်း

ဖေဖော်ဝါရီ ၁၈ ရက်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက တစ်ရာခိုင်နှုန်း မြင့်တက်ခြင်းနဲ့ ဖေဖော်ဝါရီ လကုန်အထိ မလေးရှားပို့ကုန်များကျဆင်းမယ့်အလားအလာရှိနေခြင်း စတဲ့အခြေအနေများကြောင့် မလေးရှားစားအုန်းဆီဈေးများ ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ မေလအတွက် စာချုပ်ရောင်းချရတဲ့စားအုန်းဆီဈေးက နေ့လယ်ဈေးကွဲချိန်မှာ တစ်တန်ကို ၂၅၈၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၂ ဒသမ ၉၅) သို့ ရောက် ရှိခဲ့တဲ့အတွက် သုညဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဖေဖော်ဝါရီ ၁၅ ရက်က နှစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်တဲ့ တစ်တန် ၂၆၄၈ ရင်းဂစ်နှုန်းနဲ့နှိုင်းယှဉ်ရင် ၂ဒသမ ၂ရာခိုင်နှုန်း ကျဆင်းပါတယ်။ ရောင်းဝယ်မှုပမာဏက ၂၅ တန်ရှိအတွဲပေါင်း ၁၄၇၇၀ တွဲအထိ ရောက်ရှိခဲ့ပါတယ်။

“ဒီနေ့မှာတော့ ရင်းဂစ်တန်ဖိုး မြင့်တက်တာက အဓိကပါပဲ။ ဖေဖော်ဝါရီ ၂၀ ရက်မှာ ပို့ကုန်တွေကျဆင်းမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမဲ့ မတ်လမှာတော့ အရှေ့အလယ်ပိုင်းဘက်က ဝယ်လိုအားတွေ မြင့်တက်လာမှာဖြစ်ပါတယ်။ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလတွေမှာ အဲဒီဘက်က အဝယ်သိပ်မလိုက်ဘူး။ မတ်လက နွေရာသီ အဝင်လလည်းဖြစ်နေတော့ ဝယ်လိုအား မြင့်တက်လာနိုင်ပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

စားအုန်းဆီရောင်းဝယ်ရာမှာအသုံးပြုတဲ့ ရင်းဂစ်ငွေကြေးက ဖေဖော်ဝါရီ ၁၈ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၅၄၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ အဓိကအားဖြင့် မလေးရှား ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်း (GDP) က မျှော်မှန်းထားတာထက် ပိုမိုမြင့်တက်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ရင်းဂစ်တန်ဖိုးမြင့်တက်မှုက နိုင်ငံခြားငွေကြေးကို ကိုင်တွယ်ထားသူတွေအတွက် စားအုန်းဆီတန်ဖိုးကို ပိုမိုမြင့်တက်စေပါတယ်။

ဖေဖော်ဝါရီပထမလဝက်မှာ မလေးရှားနိုင်ငံရဲ့စားအုန်းဆီတင်ပို့မှုက ယခင်လကာလတူနဲ့နှိုင်းယှဉ်ရင် ၁၄ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ဖွဲ့ရဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။ စားအုန်းဆီ ထိပ်တန်းတင်သွင်းတဲ့နိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက ဝယ်လိုအား ကျဆင်းမှုကြောင့် ပို့ကုန်လုပ်ငန်းတွေလည်း ကျဆင်းပါတယ်။

ဖေဖော်ဝါရီ ၁၅ ရက်က စားအုန်းဆီတစ်တန်ကို ၂၆၄၈ ရင်းဂစ်နှုန်းနဲ့ အမြင့်ဆုံးအထိရောက်ခဲ့တဲ့ စားအုန်းဆီဈေးက အကျမရပ်သေးကြောင်း ရိုက်တာသတင်းဌာနရဲ့ ကုန်စည်များနဲ့ စွမ်းအင်ဈေးကွက်ဆိုင်ရာ လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုကပြောပါတယ်။

ရာသီအလိုက် ထုတ်လုပ်မှုကျဆင်းတဲ့အတွက်ကြောင့်လည်းကောင်း၊ အယ်လ်နီညိုရာသီဉတုကြောင့် ပူပြင်းခြောက်သွေ့မှုဖြစ်ပွားပြီး စားအုန်းဆီအထွက်နှုန်း ကျဆင်းခဲ့တဲ့အတွက်ကြောင့် လည်းကောင်း၊ မလေးရှား စားအုန်းဆီရဲ့ သိုလှောင်လက်ကျန်က ကျဆင်းခဲ့ပါတယ်။ မလေးရှားနိုင်ငံရဲ့ ဇန်နဝါရီလကုန် သိုလှောင်လက်ကျန်က လအလိုက် နှိုင်းယှဉ်ရင် ၁၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး ခြောက်လအတွင်း အနိမ့်ဆုံးအခြေအနေကို ရောက်ရှိခဲ့ပါတယ်။

စားအုန်းဆီနဲ့အပြိုင်ရှိနေတဲ့ ဟင်းရွက်ဆီဈေးကွက်တွေကိုကြည့်ရင် တရုတ်နိုင်ငံ ဒါလီယံဈေးကွက် (Dalian Commodity Exchange) မှာ ပဲပုပ်ဈေးက သုညဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်စည်ဒိုင်မှာ ပဲပုပ်ဈေးက သုညဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၂-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၅၀ | ၁၆၅၀ | △ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၄၄၅ | ၁၄၉၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၅၃၀ | ၁၆၁၀ | △ |
| ပဲခူး | ၃၄၀၀ | ၃၄၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၅၀ | ၁၅၆၀ | △ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၉၀၀ | ၃၈၀၀ | ▽ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၅၆၀ | ၁၆၃၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၉-၂-၂၀၁၆ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလဒုတိယပတ် | ဖေဖော်ဝါရီလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၃.၅၀ | ၅၉၇.၅၀ | △ |
| RBD P.Olein | ၅၉၇.၅၀ | ၆၁၂.၀၀ | △ |
| RBD P.Strarin | ၅၆၂.၀၀ | ၅၅၇.၅၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၉-၂-၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၆၁.၀၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၄၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၈.၆၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၀၇.၈၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၉-၂-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၇၅ ဒေါ်လာ၊ FOB ၆၅၀ ဒေါ်လာနှင့် USD ဈေး ၁၂၃၄ ကျပ်) ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၉-၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့်ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၃၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ပထဝီစီးပွားရေးအပေါ် မြန်မာနိုင်ငံက ဘယ်လိုအမြတ်ထုတ်ကြမှာလဲ

|မြင့်ဦး - ပခုက္ကူ|



"ပထဝီအနေအထားအရ ပြန်ကြည့်ရင် မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယနဲ့ အရှေ့တောင်အာရှနိုင်ငံများရဲ့ အဓိကဆုံချက်ဖြစ်နေတဲ့အတွက် ပထဝီအနေအထားအရ အလွန်အရေးပါနေပါတယ်။"

ကျေးရွာတစ်ရွာ၊ မြို့နယ်တစ်မြို့နယ်၊ ခရိုင်အလိုက် တိုင်းနဲ့ပြည်နယ်မှသည် နိုင်ငံတစ်နိုင်ငံအလိုက် ပထဝီအနေအထား တူညီမှုမရှိနိုင်ပါဘူး။ ပထဝီအနေအထားအရ စိုက်ပျိုးထုတ်လုပ်သော သီးနှံကအစ ရေမြေသဘာဝအရ သဘာဝသယံဇာတထွက်ရှိမှုလည်း မတူညီနိုင်ကြပါဘူး။ ဥပမာ- မြန်မာပြည်အောက်ပိုင်း ဧရာဝတီတိုင်းကို မြန်မာနိုင်ငံရဲ့ စပါးကျီလို့ သတ်မှတ်ခဲ့ကြသလို နောက်ပိုင်းကြိုးစားအားထုတ်မှုကြောင့် စစ်ကိုင်းတိုင်း၊ ရွှေဘိုနယ်ဘက်ကိုလည်း စပါးကျီလို့ သတ်မှတ်နိုင်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့အညာဒေသ မကွေးကို မြန်မာပြည်ရဲ့ ဆီအိုးကြီးလို့ သတ်မှတ်ခဲ့ကြပါတယ်။ ဒါတွေဟာ ပထဝီအနေအထားအရ စိုက်ပျိုးနိုင်မှုအပေါ် ထွက်ရှိမှုကွာခြားသွားကြတာလို့ပဲ ပြောပါရစေ။ ဖော်ပြပါဒေသတွေမှာ မိုးကုတ်လိုပတ္တမြားမထွက်သလို ဖားကန့်လိုကျောက်စိမ်းလည်း မထွက်နိုင်ပါဘူး၊ နယ်မြေဒေသအလိုက် ထွက်ရှိမှုကလည်း ကွာခြားမှုရှိတာပေါ့၊ ဒီလိုကွာခြားတဲ့ ထွက် ရှိမှုအပေါ် ကိုယ့်ဒေသကအပို အခြားဒေသကအလို ထိုနည်းတူစွာပဲ ကိုယ့်ဒေသကအလို အခြားဒေသက အပိုနဲ့ ထိန်းညှိပြီး ကူးလူးဆက်သွယ် ရောင်းဝယ်ဖောက်ကားမှုဆိုတာ လုပ်ဆောင်ကြရတော့တာပါပဲ။ ဒါက ကိုယ့်ပြည်တွင်းအပိုင်း တိုင်းပြည်အချင်းချင်းအရောင်းအဝယ်လုပ်ရင် အရောင်းအဝယ်သစ္စာတကယ်ရှိနေပြီလားဆိုတာ ဆန်းစစ်ဖို့တော့လိုနေပါပြီ။

မြန်မာနိုင်ငံအနေနဲ့ အိမ်အနီးအနားက နှစ်ပေါင်းများစွာ ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ကုန်သွယ်မှုတစ်ခုကိုပဲ လေ့လာကြည့်ရအောင်ပါ။ မြန်မာ -တရုတ် ကုန်သွယ်ရေးမှာ ယခုအချိန်အထိ မြန်မာနိုင်ငံက တရားဝင်သတ်မှတ်ခွင့်ပြုထားခဲ့သော်လည်း တရုတ်အစိုးရက ဆန်တန်ချိန် အနည်းငယ်မှလွဲ၍ ကျန်ကုန်ပစ္စည်း များအားလုံးကို ခွင့်မပြုခဲ့ပါဘူး။ တရုတ်ကုန်သည်များက မြန်မာနိုင်ငံက ပစ္စည်းကို မှောင်ခိုဝယ်ယူသလို ဖြစ်နေပါတယ်။ မြန်မာနိုင်ငံဘက်က တရားဝင်ရောင်းတာဖြစ်ပေမယ့် တရုတ်နိုင်ငံဘက်မှာ မှောင်ခိုဖြစ်နေတဲ့အတွက် တရုတ်ပြည်ဘက်မှာ ခဏခဏအဖမ်းခံနေရပါတယ်။ ဒီလိုအဖမ်းခံရတဲ့ အကျိုးဆက်က မြန်မာကုန်သည်များ ရောင်းချထားတဲ့ ကုန်ပစ္စည်းတန်ဖိုး ငွေဆုံးရှုံးမှုဖြစ်တော့တာပါပဲ။ တရုတ်နယ်စပ်ကုန်သွယ်ရေး စခန်းမှာ မြန်မာနိုင်ငံဘက်က တစ်ရက်ကို ဆန်၊ ပဲ၊ ပြောင်းဖူးစေ့၊ လယ်ယာထွက်ကုန်တန်ချိန်တစ်သောင်းနဲ့ တစ်သောင်းခွဲကြားမှာ ရောင်းနေကြပြီး နေ့စဉ်လည်း အမေရိကန်ဒေါ်လာ ငါးသန်းမှ ခြောက်သန်းကြားတန်ဖိုးရှိနေတယ်လို့ သိရပါတယ်။ဒါကို လေ့လာမှတ်သားသလောက်တင်ပြတာပါ၊ ဒီထက်ဆုံးရှုံးမှု ပိုများလိမ့်မယ်လို့ ခန့်မှန်းသုံးသပ်ရပါတယ်။ ကုန်သွယ်ဖက်နိုင်ငံ နှစ်နိုင်ငံအကြားမှာ ကိုယ့်ဘက်က တရားဝင်တယ်။ သူ့ဘက်က မှောင်ခိုသတ်မှတ်တယ်၊ ဒါတွေကို နိုင်ငံအချင်းချင်း တန်းညှိရပါလိမ့်မယ်။

ပထဝီအနေအထားအရ ပြန်ကြည့်ရင် မြန်မာနိုင်ငံသည် တရုတ်၊အိန္ဒိယနဲ့ အရှေ့တောင်အာရှနိုင်ငံများရဲ့ အဓိကဆုံချက်ဖြစ်နေတဲ့အတွက် ပထဝီအနေအထားအရ အလွန်အရေးပါနေပါတယ်။ တရုတ်၊အိန္ဒိယနဲ့ အာဆီယံစင်္ကြံ လမ်းများကလည်း မြန်မာနိုင်ငံမှ ဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တည်နေမှုဟာ တရုတ်၊ အိန္ဒိယနဲ့ အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်ပေးသော တံတားတစ်စင်းသဖွယ်ဖြစ်နေခြင်းက အရေးပါလှ ပါတယ်။ တရုတ်သမ္မတ ရှီကျင်ဖျင်၏ "အာရှပတ်လမ်း" (One Belt One Road ) စီမံကိန်းကလည်း မြန်မာနိုင်ငံကို အရေးပါတဲ့ စီမံကိန်းအစိတ်အပိုင်းတစ်ခုလို သတ်မှတ်ထားတာပါ၊ တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းဖြစ်သည့် ယူနန်ပြည်နယ်မှကူမင်းမြို့သို့ ရေနံပိုက်လိုင်း၊ ရထားလမ်းများနဲ့ အိန္ဒိယသို့ အဝေးပြေးလမ်းကြီးများထိ ချဲ့ထွင်လို့ နေတာကို သိထားရပါတယ်။ တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများ အနောက်ဘက် အိန္ဒိယဈေးကွက်သို့ ပို့ဆောင်ပေးနိုင်ရန်မှာ မြန်မာပြည်အပေါ် မူတည်နေကြောင်း ဆရာဒေါက်တာသန့်မြင့်ဦးရဲ့ စာတမ်းကိုလည်း လေ့လာရပါတယ်။

ဒီပထဝီအနေအထားအရ ပထဝီစီးပွားရေး အားသာချက်တစ်ခုကို ကိုယ့်နိုင်ငံမှာ ရေတောင် (သောက်ရေ/ သုံးရေ) မထွက်လို့ မလေးရှားနိုင်ငံက ဝယ်ယူအသုံးပြုနေရတဲ့ စင်ကာပူဟာ ဆိပ်ကမ်းကပ်ခ၊ ကွန်တိန်နာငှားခတွေ အသုံးပြုပြီး ကြီးပွားချမ်းသာလာခဲ့တာကို အရှိတရားကိုသတိထားပြီး ဆောင်ရွက်လုပ်ကိုင် အကောင်အထည်ဖော်လာနိုင်ရင် မြန်မာနိုင်ငံရဲ့ စီးပွားရေး တိုးတက်လာရမှာပေ့ါ။ ယခုအနေအထားမှာ တရုတ်အစိုးရက တရားဝင်ကုန်သွယ်ရေးကို စတင်နေတာကိုတွေ့ရပါတယ်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တစ်ခုတည်းမှာကို လူဦးရေဟာ မြန်မာနိုင်ငံရဲ့ လူဦးရေ သန်း ၅၀ ကျော်လောက်ရှိတယ်လို့ လေ့လာရပါတယ်။ တရုတ်ဗဟိုအစိုးရက ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြင့်စိုက်ပျိုးထုတ်ကုန်တွေ နည်းပညာမြင့်စက်ရုံတွေ တည်ဆောက်ဖို့ကြိုးစားကြတဲ့အချိန်မှာ အခြေခံစားသောက်ကုန်များကို အိမ်နီးချင်းနိုင်ငံများထံမှ ဝယ်ယူတင်သွင်းရန်စီမံနေပါတယ်။ မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေက ဝယ်ယူရန်လို့ ပြောပါတယ်။ ဒီနေရာမှာ နယ်မြေလည်းနီး ရောင်းမှုဝယ်မှုနီးစပ်ခဲ့တဲ့ဆက်ဆံခဲ့တဲ့ အကျိုးကျေးဇူးတွေကြောင့် မြန်မာဘက်က အားသာမှု အခြေအနေပေးနေပါတယ်။ ဒါကြောင့်လည်း မြန်မာပြည်က လယ်ယာထွက်ကုန် များသာမက ရေထွက်ကုန်တွေကိုပါ နယ်စပ်က တရားဝင် ဝယ်ယူလို့လာတာပါ၊ ဘာပဲပြောပြော တရားဝင်ရောင်းဝယ်မှုဖြစ်လာရင်တော့ ရေရှည်အတွက် ကုန်သွယ်မှုအာမခံချက်ရှိလာတာ ဖြစ်ပါတယ်။

မြန်မာတရုတ်နှစ်နိုင်ငံ တရားဝင် ကုန်သွယ်ရေးပြုလုပ်ရန်အတွက် အစိုးရချင်း၊ အစိုးရပုဂ္ဂလိက အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းမှုအပြင် မြန်မာနိုင်ငံဘက်က သိုလှောင်ရုံများ၊ စက်ရုံများကို စနစ်တကျစစ်ဆေးပြီး စာချုပ် ချုပ်မယ် အရောင်းအဝယ်ပမာဏ တန်ချိန်စတာတွေ သတ်မှတ်မယ်၊ အရည်အသွေးသတ်မှတ်မယ် ဈေးနှုန်းညှိနှိုင်းသတ်မှတ်မယ်၊ ပြီးပြည့်စုံရင် ရောင်းမယ် ဝယ်မယ်ပေ့ါဗျာ၊ တရားဝင် ရောင်းရင်ဝယ်ရင် အခွန်နှုန်းထားတွေ သတ်မှတ်ကြရတော့မယ်၊ ဒီနေရာမှာ တစ်ခုသတိထားရမှာက ယူနန်အစိုးရဟာ သူ့ပြည်နယ်အတွင်း ထုတ်လုပ်တဲ့ ကုန်ပစ္စည်းများမလုံလောက်လို့ပြည်ပမှတင်သွင်းရသော်လည်း ဒေသခံထုတ်လုပ်သူ လယ်သမားများရဲ့ အကျိုးစီးပွားမထိခိုက်စေရေး သွင်းကုန်များအပေါ် မှာ အခွန်နှုန်းထားများစွာ ကောက်ယူနေကြောင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒေါက်တာစိုးထွန်းပြောခဲ့တာကို မှတ်သားမိလေတော့ ကိုယ့်ပြည်တွင်းက စိုက်ပျိုးထုတ်လုပ်သူ စက်မှုလက်မှုပစ္စည်းထုတ်လုပ်သူတွေအတွက် ကာကွယ်ပေးတဲ့နည်းလမ်းတစ်ခုလို့ မှတ်သားမိပေမယ့် ကိုယ့်တိုင်းပြည်အတွင်းမှာ အကောင်အထည် ဖော်ဆောင်နိုင်မှုဆိုတာ သက်ဆိုင်ရာများ အပိုင်းပါ၊ တိုင်းပြည်အတွက်ကောင်းတဲ့ အစီအစဉ်လေးဆိုတော့ နှလုံးသားနဲ့ ဦးနှောက်က မှတ်မိနေလို့ တင်ပြရခြင်းပါ။ နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက် သဘောတူလို့ အကောင်အထည်ဖော်လာနိုင်ရင် နိုင်ငံနှစ်နိုင်ငံရဲ့ ဘဏ္ဍာရေး၊ ငွေကြေးပြောင်းလဲမှုတွေ စနစ်တကျရှိလာနိုင်တယ်၊ ကုန်သွယ်မှုကြောင့်ရတဲ့ ဝင်ငွေတွေဟာ တိုင်းပြည်ရဲ့ စီးပွားရေး၊ ဘဏ္ဍာရေးထဲသို့ မှန်မှန်ကန်ကန်တိတိကျကျ ဝင်ရောက်လာမယ်၊ တရားမဝင်ရတဲ့ ငွေကြေးခဝါချမှု၊ ငွေမည်းငွေဖြူပြောင်းလဲမှု၊ ယခင့် ယခင်ကထက်ပိုမိုပြီး သိသိသာသာ ထိန်းချုပ်လာနိုင်မယ်။ ဒါတွေအပြင် တရားဝင်ကုန်သွယ်မှုကနေ ပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှုအသစ်များလည်း ဝင်ရောက်လာနိုင်ပါတယ်။ တရားဝင်ကုန်သွယ်ရေးမဖြစ်ခင်တုန်းက (ကိုယ့်နိုင်ငံဘက်က တရားဝင် သူတို့နိုင်ငံဘက်ကတရားမဝင်) နယ်စပ်မှာ ဆန်ရောင်းကြတော့ ကိုယ့်သိုလှောင်ရုံထဲမှာကို နမူနာလာကြည့်တယ်၊ ဝယ်သူကိုယ်တိုင်လာကြည့်တယ်၊ ကားပေါ် တင်တော့လည်း ဝယ်သူကိုယ်တိုင် တစ်အိတ်ခြင်း အရည်အသွေး အလေးချိန် တစ်အိတ်ခြင်းစစ်ဆေးခဲ့တယ်။ အရောင်းအဝယ်ဖြစ်တယ်၊ သယ်သွားတယ်၊ သူ့နယ်ဘက်ရောက်ပါမှ သတ်မှတ်အရည်အသွေးမပြည့်လို့ဆိုပြီး ငွေမချေဘူး၊ အရောင်းအဝယ် သစ္စာဖောက်တာပါ၊ ကိုယ့်ဘက်ကခံခဲ့ ရတယ်။ နစ်နာခဲ့ရတယ်။ ဒီလိုကိစ္စတွေ မဖြစ်တော့ဘူးပေ့ါ၊ တရားဝင်ကုန်သွယ်မှု ဖြစ်လေတော့ ကုန်သွယ်မှု အချက်အလက်တွေ တိတိကျကျရရှိလေတော့ နိုင်ငံတော်မှ ရေးဆွဲသည့် စီမံကိန်းတွေအတွက် အထောက်အကူ ဖြစ်စေတာတွေ ရရှိနိုင်ပါတယ်။

ကောင်းပြီ။ မြန်မာနိုင်ငံအနေနဲ့ သဘာဝကပေးတဲ့ ပထဝီစီးပွားရေး အခွင့်အလမ်းတွေ ရှိနေတယ်။ အစိုးရအချင်းချင်းဆောင်ရွက်နိုင်တဲ့ တရားဝင် အရောင်းအဝယ်တွေ ပြုလုပ်နိုင်မယ်။ ကောင်းလေစွပေ့ါဗျာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်အတိုင်းအတာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်အနက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ခန့်အထိ ရှိနေပါတယ်။ ဒီအတိုင်းအတာ ကိန်းဂဏန်းတွေအရ နယ်စပ်ကုန်သွယ်ရေးက ဘယ်လောက် အရေးပါနေတယ်ဆိုတာ ကိန်းဂဏန်းများကပြောသော အချက်အလက်များပင် မဟုတ်ပါလား။ ဒီအချက်တွေပေါ်မှာမူတည်လို့ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရ ကိုယ့်ပြည်တွင်းမှာ ထွက်ရှိတဲ့ လူတို့စိုက်ပျိုး ထုတ်လုပ်ကြတဲ့ ထွက်ကုန်တွေ အမိမြန်မာပြည်ကပေးတဲ့ သဘာဝသယံဇာတတွေ ဘယ်လိုတန်ဖိုးမြှင့်ထုတ်ကုန်တွေနဲ့ ပထဝီစီးပွားရေး အနေအထားအပေါ်မှာ မေးခွန်းထုတ်ကြည့်ချင်ပါတယ်. . . ။

ပထဝီစီးပွားရေးအပေါ် မြန်မာနိုင်ငံက ဘယ်လိုအမြတ်ထုတ်ကြမှာပါလဲ. . . ။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယရူပီးငွေ လွှဲပြောင်းခြင်းဆိုင်ရာဝန်ဆောင်မှုအား တောင်ကိုရီးယားနိုင်ငံတွင် ပထမဆုံးအကြိမ်မိတ်ဆက်

ရှင်းဟန်ဘဏ်သည် ဇန်နဝါရီလ ၂၁ ရက်တွင် ရှင်းဟန်ပြည်တွင်းပြည်ပ ငွေကြေးလဲလှယ်မှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းကို စတင်ခဲ့ပြီး ကိုရီးယားနိုင်ငံရှိ ပင်လယ်ရပ်ခြား စီးပွားရေး ဆောင်ရွက်နေသည့် ကုမ္ပဏီများကို ထောက်ပံ့ပေးနိုင်ရန်နှင့် ကိုရီးယားနိုင်ငံရောက် နိုင်ငံခြားသား အလုပ်သမားများအတွက် ငွေကြေးဆိုင်ရာလုပ်ငန်းများတွင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ ရှင်းဟန်ဘဏ်သည် အိန္ဒိယဈေးကွက်ကို ကမ္ဘာနှင့်လျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန်အတွက် အိန္ဒိယရူပီးငွေလွှဲရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို ကိုရီးယားနိုင်ငံတွင် ပထမဆုံးအနေဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ယခင်က အိန္ဒိယရူပီးကိုမှဒေါ်လာနှင့် လဲလှယ်ရာတွင်လည်းကောင်း၊ အလည်အပတ်ခရီးများသွားရာတွင်လည်းကောင်း နိုင်ငံခြားတွင်ရှိသော ဘဏ်များမှ တစ်ဆင့်သာ ငွေလဲလှယ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အိန္ဒိယနိုင်ငံသို့ငွေလွှဲပို့ရာတွင် အခက်အခဲများစွာရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားငွေလဲလှယ်မှုများသည် ပွင့်လင်းမြင်သာမှုနည်းခဲ့ပြီး ငွေပို့ရာတွင်လည်း အချိန်များစွာ ကြာမြင့်ခဲ့သည်။ ယခုဝန်ဆောင်မှုအသစ်အရ အချိန်နှင့်တစ်ပြေးညီ ငွေကြေးလဲလှယ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လွှဲပြောင်းငွေကိုလည်း သတ်မှတ်သည့်ရက်တွင် လွှဲပြောင်းပေးပို့နိုင်မည်ဖြစ်သည်။ ထို့အပြင် ယခု ဝန်ဆောင်မှုလုပ်ငန်းသည် အချို့သော နိုင်ငံခြားငွေလဲလှယ် ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများကို ပိုမိုစိတ်ချလုံခြုံမှုရှိစေမည် ဖြစ်သည်။

ထို့အပြင် ရှင်းဟန်ဘဏ်သည် ပင်လယ်ရပ်ခြားတွင် ၎င်းတို့နှင့် ဆက်စပ်နေသည့် ဘဏ်များ၏ ကွန်ရက်များစွာရှိသည့်အတွက် အချိန်နှင့်တစ်ပြေးညီ ငွေလဲလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ပြီး လုပ်ငန်းဆောင်ရွက်သူ ဖောက်သည်များအား ပိုမိုစိတ်ကျေနပ်စေနိုင်မည် ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ အနေဖြင့် ပုဂ္ဂလိကဘဏ်များ၏ တီထွင်ဆန်းသစ်မှု လုပ်ငန်းများမှ တစ်ဆင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ကဏ္ဍတွင် ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရ သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# နိုင်ငံခြားသားများအတွက် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှု အသစ်ဖြစ်သည့် Wealth Management စနစ်ကို တောင်ကိုရီးယားတွင် စတင်

တောင်ကိုရီးယားနိုင်ငံ၏အဓိက ဘဏ်လုပ်ငန်းဆိုင်ရာလုပ်ငန်းစုတစ်ခုဖြစ်သည့် ရှင်းဟန် စီးပွားရေး လုပ်ငန်းစုအနေဖြင့် ရှင်းဟန် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစင်တာ (IFC) ကို ဆိုးလ်မြို့ Gwanghwamun တွင်ဇန်နဝါရီလ ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။ ရှင်းဟန် အပြည်ပြည်ဆိုင်ရာ စီးပွားရေး စင်တာ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကိုရီးယားနိုင်ငံတွင် စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် နိုင်ငံခြားသားများကို စနစ်ဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်ရန်ဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ ပုဂ္ဂလိကပိုင်ဘဏ် အချို့သည် နိုင်ငံတကာ ငွေကြေးလဲလှယ်မှုနှင့် ပြည်ပရောက် နိုင်ငံခြားသားများက ပြန်လည် ပေးပို့ငွေများအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင် ရွက်ပေးနေသော်လည်း ဂျယ်ဂျူးကျွန်းကဲ့သို့ အထူးဒေသများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားခဲ့ကြသည်။

ရှင်းဟန်စီးပွားရေး လုပ်ငန်းစုသည် ပုဂ္ဂလိကပိုင် Wealth Management Center များ ဖွင့်လှစ်နိုင်ကာ Wealth Management ကဏ္ဍတွင် ဦးဆောင်နိုင်ရန် အတွက်လည်းရည်ရွယ်ခဲ့ သည်။ အဆိုပါ အစီအစဉ်သည် နိုင်ငံခြားသား ဖောက်သည်များအတွက် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသော်လည်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် (လုပ်ငန်း ဆောင်ရွက်ရေးအဖွဲ့) Task force teamများ ဖွဲ့စည်းဆောင်ရွက်ခဲ့ သည်။

ကိုရီးယားစီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများသည် ပင်လယ်ရပ်ခြား စီးပွားရေးလုပ်ငန်းများ အပါအဝင် Wealth Management Services နှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်လာကြသည်။ သို့သော်လည်း ယခုကဲ့သို့ နိုင်ငံခြားနှင့်ပတ်သက်သည့် Wealth Management Services ဆောင်ရွက်မှုများသည် တစ်ခါမှမဆောင်ရွက်ဖူးသေးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံခြားသားများအတွက် ငွေလဲလှယ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ပရောက် နိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းများမှ ပြန်ပို့ငွေများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ Wealth Management စနစ်သည် ကိုရီးယားနိုင်ငံတွင် ဝင်ငွေမြင့်မားစွာရရှိနေသူများရှိသည့်အတွက် ယခုကဲ့သို့ ကြွယ်ဝချမ်းသာမှုစီမံခန့်ခွဲရေးစနစ်အနေဖြင့် တရားဝင်ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပြီး အဆိုပါ ဈေးကွက်ကိုလည်း ပိုမိုလျင်မြန်စွာကြီးထွားလာရန်ရည်ရွယ်ကြောင်း သိရှိ ရပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဂျပန်လယ်သမားများက TPP အပေါ်စိုးရိမ်စိတ်များဖြစ်ပေါ်

TPP စာချုပ်ချုပ်ဆိုပြီးဖြစ်သည့် အတွက် ဂျပန်နိုင်ငံရှိလယ်သမားများအား ကမ္ဘာ့အဆင့်နဲ့အညီယှဉ်ပြိုင်နိုင်ရန် အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ပထမ အဆင့်အနေဖြင့် အစိုးရက လယ် သမားများအား လုပ်ငန်းများချဲ့ထွင်ရန် တိုက်တွန်းထားပါသည်။ လယ်သမားများအနေဖြင့် လုပ်ငန်းများချဲ့ထွင်၍ လယ်ယာကဏ္ဍမှ ထုတ်လုပ်မှု ကဏ္ဍသို့ ပြောင်းလဲနိုင်ရန် ကြိုးစားသင့်ကြောင်းလည်း တိုက်တွန်းထားပါသည်။

သို့သော် ရာသီဥတုအခြေအနေ ဆိုးရွားနေခြင်း၊ ရေနံဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် လယ်သမားများအနေဖြင့် လုပ်ငန်းများချဲ့ထွင်ရန်မှာ မဖြစ်နိုင်သေးသည့်အတွက် စိုးရိမ်စိတ်များဖြစ် ပေါ်နေကြောင်း တင်ပြထားပါသည်။ လယ်သမားများအနေဖြင့်လည်း လယ်ယာ လုပ်ငန်းကိုသာ အဓိကဆောင်ရွက်လိုကြောင်းနှင့်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်နိုင်ရေးကိစ္စကို ကုမ္ပဏီကြီးများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရန် အစိုးရက တိုက်တွန်းထားကြောင်း သိရှိရပါသည်။

**အိအိခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

# ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသည် ဝင်ရောက်မှု ၅၂ ရာခိုင်နှုန်းမြင့်တက်

ဇန်နဝါရီလအတွင်း နိုင်ငံခြားခရီးသည် ၁ ဒသမ ၈ သန်း ရောက်ရှိခဲ့သည့်အတွက် ယခင်နှစ်ဇန်နဝါရီလထက် ၅၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့်ခရီးသွားဝင်ရောက်မှု ဒုတိယအများဆုံးလအဖြစ် ရောက်ရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ခဲ့ပါသည်။ ယန်းငွေကြေးလဲလှယ်နှုန်း ကျဆင်းမှုနှင့်ဗီဇာအတွက် လိုအပ်ချက်များ ဖြေလျှော့ခဲ့ခြင်းများကြောင့် ခရီးသွားဝင်ရောက်မှုများပြားလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ အများဆုံးလာရောက်ခဲ့ပြီး ခရီးသည် ၅၄၁,၀၀ ဦး၊ ဒုတိယ အများဆုံးမှာ တရုတ်နိုင်ငံဖြစ်ပြီး ခရီးသည် ၄၇ ၅,၀၀၀ ဦးနှင့်တရုတ်(တိုင်ပေ) မှ ခရီးသည် ၃၂၁ ,၀၀ ဦးဖြင့် တတိယနေရာတွင် ရှိနေကြောင်း ဂျပန်အမျိုးသားခရီးသွား အဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်နိုင်ငံမှ ခရီးသည်ဝင်ရောက်မှုသည် ယခင်နှစ် ဇန်နဝါရီလထက် နှစ်ဆကျော်မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံ အစိုးရအနေဖြင့် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပမည့် ၂၀၂၀ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဦးရေ သန်း ၂၀ လာရောက်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၆ ခုနှစ်တွင် ရည်မှန်းထားသည်ထက် ခရီးသွားပိုမိုဝင်ရောက်ခဲ့သည့်အတွက် ၂၀၂၀ ခုနှစ်တွင် မျှော်မှန်းချက်ကို ကျော်လွန်နိုင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရပါသည်။

**အိအိခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# တောင်ကိုရီးယားနိုင်ငံတွင် ဆေးလိပ်စျေးနှုန်းများ မြင့်တက်ခြင်းကြောင့် နိုင်ငံခြားဆေးလိပ်နှင့် ဆေးရွက်ကြီးကုမ္ပဏီများ အကျိုးအမြတ်များရ

တောင်ကိုရီးယားနိုင်ငံတွင် ဆေးလိပ်စျေးနှုန်းများ မြင့်တက်လာသည့်အတွက် အကြီးမားဆုံး အကျိုးခံစားခွင့်ရရှိသူများမှာ နိုင်ငံခြားကုမ္ပဏီများ ပင်ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဆေးလိပ်စျေးနှုန်းများ ကြီးမြင့်လာသော်လည်း ပြီးခဲ့သည့်နှစ်က စီးကရက်တင်သွင်းမှုမှာတိုးတက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆေးလိပ်ဆန့်ကျင်ရေးလှုပ်ရှားမှုများမှာ ရေရှည် မရပ်တည်နိုင်သည့် အပြင် နိုင်ငံခြားစီးကရက်ထုတ်လုပ်သူအချို့က ဈေးကွက်ကိုကောင်းစွာ ထိုးဖောက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ကိုရီးယားအကောက်ခွန်ဌာန၏ စာရင်းများအရ ယမန်နှစ်က စီးကရက်တင်သွင်းမှုမှာ တန်ဖိုး ဝမ် ၄၁ ဒသမ ၇ ဘီလီယံခန့်ရှိခဲ့သည်ဟုသိရှိရသည်။ စီးကရက်တင်သွင်းမှုသည် ၂၀၁၁ ခုနှစ်တွင် ဝမ် ၃၈ ဒသမ၇ သန်းထိရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် တင်သွင်းမှုပမာဏ ဝမ် ၁၅ ဒသမ ၉ သန်းသို့ ကျဆင်းခဲ့သည်။ ၂၀၁၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးအပေါ် အခွန်ကောက်ခံမှုများ တိုးမြှင့်ခဲ့သည့်အတွက် စီးကရက်တင်သွင်းမှုမှာ အနည်းငယ်ကျဆင်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် တင်သွင်းမှု ပြန်လည်မြင့်တက်ခဲ့သည်။ အီလက်ထရောနစ်စီးကရက်များတင်သွင်းမှုသည် ယမန်နှစ်ကထက် ၃၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပုံမှန်စီးကရက်များနှင့် အီလက်ထရောနစ်စီးကရက်များ နှစ်မျိုးလုံး သောက်သုံးနေကြဆဲဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၂-၂-၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီနှင့် မတ်ပဲ အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တွေ ဈေးကွက်သို့ စတင်ဝင်ရောက်နေသလို အိန္ဒိယဘက်ကလည်း တစ်တန်ကို ၁၅၇၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) တွေအနေဖြင့် ဈေးကွက်သို့ နောက်ပိုင်းမှာ ပိုမိုဝင်ရောက်လာနိုင်ကြောင်း မတ်ပဲဈေးအတက်အကျက အိန္ဒိဘက်ရဲ့ ဝယ်လိုအားအခြေအနေပေါ် မူတည်ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) ကတော့ အိန္ဒိယဘက်က တစ်တန်ကို ၁၃၀၀၀၀၀ ကျပ်ဈေးဝန်းကျင်ဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် အဖွင့်ဈေးကို မမီသေးကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး (သစ်) ဈေးကျ၊ ပဲစင်းငုံနီ အရောင်းအဝယ်ပါး

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး (သစ်) တွေ ပုံမှန်ဝင်ရောက်နေပေမယ့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် အိတ် ၁၅၀ ခန့်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရန်ကုန်မှာ အဝယ်ပါးနေပြီး ဈေးလည်းအေးနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၁၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး (သစ်) ဆက်လက်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး (သစ်) တွေ ဆက်လက်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်တွေနဲ့ သိုလှောင်မယ့်သူများကလည်း တစ်ပိဿာကို ၁၆၅၀ ကျပ် (တစ်တန်ကို ၁၀၁၀၄၄၃ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်) သစ်တွေ ဈေးကွက်ထဲစတင်ဝင်ရောက်နေပေမယ့် အရောင်းအဝယ်တော့ပါးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ပိဿာ ၁၃၇၅ ကျပ် (တစ်တန်ကို ၈၄၂၀၃၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဈေးကွက်သို့ အဝင်ပါးသလို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပါးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီအောက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်ကဈေးချအဝယ်ရှိသလို ဝယ်လိုအားပါလျော့သွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာ ၂၀၆၅ ကျပ် (တစ်တန်ကို ၁၂၆၄၅၈၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဆီစက်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် နှမ်းနီတစ်ပိဿာ ၁၈၇၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၁၆၀ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၄၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး ၂၆၇၀ ကျပ် ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနှင့် ပဲလွန်းဖြူ အရောင်းအဝယ် ပုံမှန်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် နေ့စဉ်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူကတော့ အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၁၂၅၀ ကျပ် (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၂၀၀ ခန့်အဝယ်ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက် ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းအဝင်ပုံမှန်ရှိသလို မန္တလေးဝယ်လက်ကလည်း အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာကို ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၁ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၁၈ ကျပ်) ဈေးဖြင့် အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) သစ်တွေဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## မုံရွာဈေးကွက်မှာ ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ်အတွက် ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၁၈၄၂ ကျပ် (တစ်တန်ကို ၁၁၂၈၀၂၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၀၄၀ ကျပ်(တစ်တန်ကို ၁၂၄၉၂၇၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲ (သစ်) ကတော့ ဈေးကွက်သို့ ဝင်ရောက်မှု ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲမျိုးစုံဈေးအေးသော်လည်း အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၁၈၇၀ ကျပ် (တစ်တန်ကို ၁၁၄၅၁၆၉ ကျပ်) ဈေးဖြင့်နေ့စဉ် အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (သစ်) ကတော့ ဈေးကွက်သို့စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၅၉၀ ကျပ် (တစ်တန်ကို ၉၇၃၇၀၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အဝယ်အနည်းငယ်လျော့သွားပြီး ဈေးလည်းအေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနှင့် တစ်ပိဿာ ၂၁၃၀ ကျပ် (တစ်တန်ကို ၁၃၀၄၃၉၀ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းဖူးစေ့ကိုတော့ တရုတ်ဝယ်လက်က နေ့စဉ်ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပြောင်း(ရှမ်း) တစ်ပိဿာ ၄၄၅ ကျပ်၊ ပြောင်း (ဗမာ) တစ်ပိဿာ ၄၃၀ ကျပ်၊ ပြောင်း CP တစ်ပိဿာ ၄၆၀ ကျပ်ဈေးဖြင့် နေ့စဉ်သုံးတင်းအိတ် ၁၈၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပါးသွားသလို ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များကလည်း ဝယ်လိုအားပါးသွားကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၃၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် တစ်သိန်းခွဲခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတန့်ပြီး အရောင်းအဝယ် အနည်းငယ်သာဖြစ်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် တရုတ်နှစ်သစ်ကူးပွဲအပြီးမှာ အရောင်းအဝယ်ပါးလာသလို တရုတ်ဘက်ကလည်း ဝယ်လိုအားပါးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၂၈ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ တရုတ်နှစ်သစ်ကူးပွဲအပြီး ပြောင်း အရောင်းအဝယ်အေး

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် တရုတ်နှစ်သစ်ကူးပွဲတော်အပြီး ပြောင်းအဝင်က တစ်ပတ်အတွင်း တန်ချိန် ၁၂၀၀၀ ခန့်သာ ဝင်ရောက်ခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၇၈ ယွမ်မှ အမြင့်ဆုံး ၇၉ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ကမမောင်းမြို့တွင် ကုန်သွယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ SMEs ဖွံ့ဖြိုးရေးဆွေးနွေး



ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ကမမောင်းမြို့ခန်းမတွင် ဖေဖော်ဝါရီလ ၁၆ ရက် နံနက်က "အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်အား ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲတွင် ကမမောင်းမြို့ အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဌာနဆိုင်ရာ များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနဲ့ SMEs လုပ်ငန်းရှင်များ ၁၄၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ဒေါ်အိကလျာနိုင်၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းတို့က MSMEs နှင့် SMEs လုပ်ငန်းများတည်ရှိမှု လုပ်ငန်းမှတ်ပုံတင်ပြုလုပ်မှုအခြေအနေ၊ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်မှု၊ အရင်းအနှီးရရှိရေး နည်းလမ်းများနဲ့ SMEs ဥပဒေသစ်အရ အကူအညီပေးနိုင်မည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပါတယ်။ ဆက်လက်ပြီး ကရင်ပြည်နယ်၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိုးသိန်းက အသင်းဖွဲ့စည်းထားမှု၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ အသင်း၏ ရည်ရွယ်ချက်များ မကြာမီပြန်လည်ဖွဲ့စည်းရန် အခြေအနေနဲ့ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရန် လိုအပ်ပုံများကို ဆွေးနွေးပြီးနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ၊ ကုန်သွယ်ဖက်နိုင်ငံများ၊ မြန်မာ-ထိုင်း ကုန်သွယ်မှု၊ မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှု၊ အဓိက ပို့ကုန်များ၊ တရားမဝင်ကုန်သွယ်မှု အခြေအနေများ၊ မိမိတို့ ပြည်နယ်၏ ထွက်ကုန်များနှင့် ကူးသန်းရောင်းဝယ်မှုအခြေအနေများ၊ အထူးကုန်သွယ်မှုအခွင့်အရေးGSPအကြောင်း၊ SMEs များနှင့် ကုန်သွယ်မှုဆက်စပ်မှုများကို ရှင်းလင်းဆွေးနွေးပါတယ်။

ယင်းနောက်တက်ရောက်လာသူ သစ်အချောထည်လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုး၊ မွေးမြူသူများက ငွေကြေးအရင်းအနှီး လိုအပ်ချက်၊ မြေဂရန်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့ဒေသသို့ ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲများ လာရောက်ဆောင်ရွက်ပေးရန် လိုအပ်မှုများ ဆွေးနွေးပါတယ်။ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ဦးစီးမှူးများက ဆွေးနွေးချက်များ အပေါ် ညှိနှိုင်းဖြေရှင်း ပေးခြင်း၊ ဆိုင်ရာဌာနများနှင့် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရပါတယ်။

**ထွန်းနိုင်လင်း - ကရင်**

# ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် တတိယအကြိမ်မြောက် ရောဝတီကုန်စည်ပြပွဲ ၂၀၁၆ ကျင်းပပြုလုပ်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက် ဧရာဝတီကုန်စည်ပြပွဲ ၂၀၁၆ ကို ပုသိမ်မြို့၊ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် ၂၀၁၆ ခုနှစ်၊ မတ် ၁၁ ရက်မှ ၁၃ ရက်ထိ သုံးရက်ကြာ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ထွက်ရှိသော ပြည်ပပို့ကုန်ပစ္စည်းများနဲ့ ပြည်ပပို့ကုန်အလားအလာရှိသော ကုန်စည်များ၊ ကျေးလက်ဒေသထွက်ကုန် လက်မှုပစ္စည်းများ၊ စားသောက်ကုန်များ၊ စက်မှုလက်မှုလုပ်ငန်းများ၊ မြို့ပေါ်ရှိစီးပွားရေးလုပ်ငန်းရှင်များ၏ ပြခန်းများအပြင် အလှကုန်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးနှင့်နည်းပညာဆိုင်ရာ ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ် တင်သွင်းထုတ်လုပ်ရောင်းချသူများနှင့် ကုမ္ပဏီများ၊ ကားဘက်ထရီနှင့်တာယာများ၊ စက်ဆီ၊ ချောဆီများ၊ ကားအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ ခရီးသွားဝန်ဆောင်မှုပစ္စည်းများ၊ စက်မှုလယ်ယာသုံးပစ္စည်းများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ပြည်တွင်း၊ ပြည်ပဆေးဝါးများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စာရေးကရိယာများ၊ စာအုပ်ဆိုင်များ၊ အထည်အမျိုးမျိုးနှင့်အခြား လူသုံးကုန်ပစ္စည်းများအပြင် ဆိုင်ခန်းပေါင်း ၈၀ ကျော်ဖြင့် ခင်းကျင်းပြသသွားမှာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးစိုးဦးက ပြောပါတယ်။

တိုင်းအတွင်း ဒေသထုတ်ကုန်များ၊ စီးပွားရေးလုပ်ငန်းများအပြင် ရန်ကုန်- မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီပြခန်းများ ပါဝင်ပြသနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ Myanmar Trade Center နှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ ပြခန်းငှားရမ်းခြင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပုသိမ်မြို့၊ မင်းကြီးလမ်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး ဖုန်းအမှတ်- ၀၄၂-၂၄၅၂၀၊ ၀၄၂-၂၁၀၇၈၊ Fax ဖုန်း - ၀၄၂-၂၁၈၁၁ တို့ကို ဆက်သွယ်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲရှိ ဦးစီးအရာရှိ ဦးစိုးဦး၊ ဖုန်း-၀၉-၂၅၀၄၄၁၃၃၀၊ ၀၉-၇၉၄၅၀၄၇၆၆ တို့အပြင် Email: newynnsoe.union 1980 @ gmail.com နှင့် ဖုန်းနံပါတ် ၀၉-၄၂၂၄၆၈၅၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်ထုတ်ပြန်

စားသုံးသူပြည်သူအားလုံး အစားအစာများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိခြင်း၊ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သောအစား အသောက်များ၌ အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ခွင့်မပြုဆိုးဆေးနှင့် ဓာတုပစ္စည်းများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်ထုတ် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာဖြစ်သည့် မြန်မာ့အလင်းတွင် အများပြည်သူများသိရှိစေရန် အသိပေး ကြေညာထားပါတယ်။

| အစားအသောက်အမည် | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|
| ရှာလကာရည် | ထိုင်းစာဖြင့်ဖော်ပြထားသည် | အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ |
| အချိုရည် | Bull | အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ |
| ငရုတ်ဆီ | ဝိုင်းချစ် | Orange II (ခွင့်မပြုဆိုးဆေး) |
| တုတ်ထိုးချိုချဉ် | မပါရှိပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ပဲကြီးလှော် | စိန်တောင် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ပဲကြီးလှော် | ဝင်း | Auramine O (ခွင့်မပြုဆိုးဆေး) |
| ပဲကြီးလှော် | ငွေငွေ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ငရုတ်ပွအရောင်တင်မှုန့် | ကျော်ကျော် | Sudan III (ခွင့်မပြုဆိုးဆေး) |
| ကပ်စေးနဲ | 1 in 4 | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ရောင်စုံစပ်ကြားတုတ်ထိုးချိုချဉ် | မပါရှိပါ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ပဲကြီးလှော် | မို့မို့ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ပဲကြီးလှော် | ရွှေနန်းတော် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ပဲကြီးလှော် | မုံရွာသား | Auramine O (ခွင့်မပြုဆိုးဆေး) |
| ငရုတ်သီးအရောင်တင်မှုန့် | ဓူဝံ | Sudan III (ခွင့်မပြုဆိုးဆေး) |
| ချိုချဉ်မွှေး | မိုးကြိုး | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ဂျုံခေါက်ဆွဲ | ရှမ်းလေး | Borax (ခွင့်မပြုဓာတုပစ္စည်း) |
| Natural Salay Tamarind Syrup (သဘာဝစလေမန်ကျည်းသီးဖျော်ရည်) | Jumjel (ကုန်ဆုံးရက်စွဲ - July-2016) | အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါ |
| ပဲကြီးလှော် | ဦးသောင်းညွန့်+ဒေါ်တင်တင်အေး | Auramine O (ခွင့်မပြုဆိုးဆေး) |
| ငရုတ်ဆီ | ဆတ်မင်း | အဏုဇီဝသတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါ။ Orange II(ခွင့်မပြုဆိုးဆေး) |

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးနှင့်ဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသား အစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရအရေးယူမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးထားပါတယ်။

ထို့အပြင် နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်သော စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန်၊ စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံ ချက် ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှု ဖော်ဆောင်ဖြည့်ဆည်းပေးရန်အတွက် စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အနေဖြင့်လည်း မိမိတို့၏ကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းနှင့် အာမခံချက်ရှိသည့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းအားဖြင့် ပြည်သူများအတွက် ဘေး အန္တရာယ်ကင်းသော အစားအသောက်များဖြစ်လာနိုင်မှာဖြစ်ကြောင်း Commerce Journal တစ်ဆင့် အသိပေးတင်ပြလိုက်ရပါတယ်။

**ခင်ဒီဇင်ဘာဝမ်း (စားသုံးသူ) ရန်ကုန်**

# တမူးကုန်သွယ်ရေးစခန်းတွင် ရာသီပေါ်မျောက်ငိုသီး အရောင်းအဝယ်စည်ကားလျက်ရှိ

တမူးကုန်သွယ်ရေးစခန်း နန့်ဖာလုံဈေးကွက်သို့ ဇန်နဝါရီလနှောင်းပိုင်းနှင့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် တမူးခရိုင်နှင့် ချင်းတောင်ပေါ် ဒေသထွက် မျောက်ငိုသီးများ လှိုင်လှိုင်ရောက်ရှိလာ၍ တစ်နိုင်တစ်ပိုင်ဆိုင်ကယ်များဖြင့် မိမိတို့ခြံထွက်များကို ဈေးကွက်တွင် လာရောက်ရောင်းချလျက်ရှိကြပါသည်။ ချင်းပြည်နယ်မှလည်း ကားများဖြင့် ဝင်ရောက်နေကြပြီဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီတွင် တမူးကုန်သွယ်ရေးစခန်းမှ မျောက်ငိုသီး (Twisted Cluster Bean-Fresh) ၅၀၀၀၀ ကီလိုဂရမ်၊ တန်ဖိုးအားဖြင့် ကျပ်သိန်း ၅၀၀ ဖိုး ပို့ကုန်လိုင်စင် စတင်ထုတ်ပေးခဲ့ပါသည်။ တမူးနယ်စပ်ဈေး နန့်ဖာလုံမရောက်ခင်မှာပင် မျောက်ငိုသီးများကို ဆိုင်ကယ်များဖြင့် တစ်တွဲလျှင် တစ်ရာတောင့်ပါ အတွဲများ တင်ဆောင်ရောင်းချနေကြသည်မှာ ပွဲဈေးတန်းကဲ့သို့ပင် စည်ကားနေပြီး တချို့ပွဲစားများသည် ဈေးတန်းသို့ မရောက်ခင်နေရာများမှ ကြိုတင်သွားရောက်ဝယ်ယူကြသည်။ တချို့ကုန်သည်များက ရပ်ကွက်ကျေးရွာများသို့ သွားရောက်၍ပင်လုံးဖြတ်ဈေးဖြင့် ဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းကြသည်။ သာမန်မျောက်ငိုသီး တစ်တောင့်လျှင် အိန္ဒိယ ၅ ရူပီးလောက်ရကြပြီး၊ တချို့အသီးများမှာ သာမန်ထက်ပိုသည့် အရွယ်အစားနှင့် အပြစ်အနာဆာကင်းလျှင် ၈ ရူပီး၊ ၁၀ ရူပီးနှင့် ၁၂ ရူပီး အထိ အမြင့်ဆုံးဈေးရကြသည်။

မျောက်ငိုသီးအပင်မှာ ကုက္ကိုပင်မျိုးနွယ်တွင်ပါဝင်သည့် အပင်ကြီးမျိုးနွယ်ဖြစ်ပြီး၊ အရွက်များမှာ နှစ်ဆင့်ရွက်ပေါင်းဖြစ်ရာ စိန်ပန်းပင်အရွက်နှင့်တူပါသည်။ ပွင့်ခိုင်မှာ သစ်တော်သီးပုံ၊ ထိပ်မှာ လုံးဝန်းပြီး ရှည်လျားကာ ပွင့်ကိုင်းတွဲလျားကျနေပါသည်။ အသီးကတစ်ပေကျော်ကျော်ရှိပြီး ပြားပါသည်။ ရင့်မှည့်လာသည်နှင့် အမျှတွန့်လိမ်လို့လာပြီး၊ ရင့်လွန်းပါက တစ်ခါတရံ အရောင်ပြောင်းလာတတ်သည်။ မျောက်ငိုသီးကို ချင်းပြည်နယ် တီးတိန်၊ ဟားခါးမြို့နယ်များတွင် စီးပွားဖြစ်စိုက်ကြသည်။ ယခုအချိန်မှာ တောင်ပေါ်ကဆင်းလာပြီး တမူးနန့်ဖာလုံ ဈေးကွက်သို့ တင်ပို့လာပါသည်။ မျောက်ငိုသီးကို တစ်ဖက်နိုင်ငံမှ ကသည်းလူမျိုးများနှစ်ခြိုက်စွာ စားသုံးကြသည်။ အပင်တစ်ပင်၏ တန်ဖိုးမှာ တစ်သိန်း နှစ်သိန်းဖိုးခန့်ထိ ဈေးရရှိသဖြင့် အိမ်တိုင်းမှာ စီးပွားဖြစ်စိုက်ပျိုးကြသည်။

စားသုံးပုံမှာ အပေါ်ယံအခွံကို ဓားဖြင့်ခြစ်ပစ်ပြီးရလာသော အသားနုကို အသားအမျိုးမျိုးဖြင့် ချက်စားကြသလို အစိမ်းသုတ်ပြီးတော့လည်း စားကြသည်။ ဆူးပုတ်ကြီးအနံ့လိုလို၊ ဒညင်းသီးအရသာ လိုလိုဖြစ်ပါသည်။ မြန်မာလူမျိုးများ မနှစ်သက်ကြပါ။ မဏိပူရဒေသတွင် အစေ့ရော အသီးပါစားကြသည်။ မျောက်ငိုသီးကို သင့်တင့်မျှတစွာစားသုံးလျှင် ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သိရှိရပါသည်။

တမူး ကုန်သွယ်ရေးစခန်းတွင် မျောက်ငိုသီးများ စီးပွားဖြစ်ဈေးကွက်ဖြစ်ပေါ်နေပြီး ဒေသတွင်းမှ မျောက်ငိုသီးစိုက်ပျိုးသူများအနေဖြင့် အကျိုးများစွာဖြစ်ပေါ်နေပါသည်။ မျောက်ငိုသီးအပင်များအား ယခုထက် စီးပွားဖြစ်ပိုမိုစိုက်ပျိုးနိုင်လျှင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးများ ပိုမို အဆင်ပြေလာမည်ဖြစ်ကြောင်း အသိပေးလိုက်ရပါသည်။ **တင်ထွန်း -၂**

**(တမူးကုန်သွယ်ရေးစခန်း)**

# ကာလတူထက် ကန်ဒေါ်လာ သန်း ၁၀၀၀ နီးပါးကုန်သွယ်မှုလျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီလ ၁၂ ရက်အထိ ပို့ကုန် ကန်ဒေါ်လာ ၉၂၁၀ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှု ကန်ဒေါ်လာ ၁၄၂၅၄ သန်းကျော်၊ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၃၄၆၄ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူက ကုန်သွယ်မှုပမာဏမှာ ၂၄၄၅၇ သန်းကျော်ဖြစ်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၉၉၂ သန်းကျော်လျော့နည်းခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုက ပို့ကုန်တွင် ကန်ဒေါ်လာ သန်း ၁၄၅၀ ခန့်၊ သွင်းကုန်တွင် ကန်ဒေါ်လာ ၁၃၈ သန်းကျော် ယမန်နှစ်ကာလတူထက် လျော့နည်းခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်မှုက ပို့ကုန်ရော သွင်းကုန်ပါပိုမိုခဲ့သော်လည်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၉၉၂ သန်းကျော်လျော့နည်းခဲ့ရတာဖြစ်ပါတယ်။

နိုင်ငံပိုင်နဲ့ပုဂ္ဂလိကပိုင်ကဏ္ဍအလိုက် နှိုင်းယှဉ်ရာမှာလည်း ပို့ကုန်ပိုင်းမှာ နိုင်ငံပိုင်အပိုင်းက ကန်ဒေါ်လာ ၁၄၃၉ သန်းနဲ့ သွင်းကုန် ကန်ဒေါ်လာ ၁၅ သန်းလျော့နည်းခဲ့တဲ့အတွက် ပုဂ္ဂလိကပိုင်ကဏ္ဍမှာ ပို့ကုန် ကန်ဒေါ်လာ သန်း ၃၃၀ ကျော်နဲ့ သွင်းကုန်ပိုင်း ၁၃၂ သန်းပိုမိုခဲ့သော်လည်း ကုန်သွယ်မှုလျော့ကျခဲ့ရခြင်းဖြစ်ပါတယ်။ **MIRT**

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက် ဇန်နဝါရီလတွင် ကုန်သွယ်မှုပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ပို့ကုန် ကန်ဒေါ်လာ ၂၉ သန်းကျော်၊ သွင်းကုန် ကန်ဒေါ်လာ ၄ သန်းကျော်၊ ကုန်သွယ်မှု ပမာဏ ကန်ဒေါ်လာ ၃၃ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် ကန်ဒေါ်လာ၄ သန်းကျော်၊ သွင်းကုန် ကန်ဒေါ်လာနှစ်သန်းကျော် ပိုမိုကုန်သွယ်ခဲ့ရာ ကုန်သွယ်မှုပမာဏခြောက်သန်းကျော် ပိုမိုဆောင်ရွက် နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် စွန်တာပြာ၊နှံစားပြောင်း၊ ပဲနီကြား၊ နှမ်းဖြူ၊ နှမ်းညို၊နှမ်းနက်၊ မြေပဲဆံ၊ ကုလားပဲ၊ ကြံ၊ ပဲတီစိမ်းအခွံချွတ်တို့ ပိုမိုတင်ပို့ခဲ့ခြင်း၊ သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ ဓါတ်မြေသြဇာ၊ ဂက်စ်၊ ပီနံအိတ်များ ပိုမိုတင်သွင်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ယခင်နှစ်ကဲ့သို့ ဆန်၊ ဆန်ကွဲ၊ ငရုတ်သီးခြောက်၊ ပြောင်းဖူးစေ့၊ နှမ်းညိုများ တင်ပို့မှုလျော့နည်းခဲ့ခြင်း၊ သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ Welding rods ၊ ဓာတ်မြေသြဇာ၊ အိမ်ရိုက်သံ၊ ဂက်စ်၊ ခေါက်ဆွဲခြောက်၊ဆပ်ပြာမှုန့်နဲ့ အချိုမှုန့်များလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုလအတွင်း အများဆုံး တင်ပို့ခဲ့တဲ့ပို့ကုန်တွေကတော့ နှမ်းနက်၊မြေပဲဆံ၊ ပဲတီစိမ်း၊နှမ်းဖြူ၊ ပြောင်းဖူးစေ့၊ နှမ်းညို၊ ငစိန် ၂၅ မှတ်၊ ကြံ ၊ နှံစားပြောင်း၊ ပဲနီကြား၊ ငြုပ်သီးခြောက် (အညာပါ)၊ ငါးရှဉ့်(အရှင်)၊ RSS-3 ၊ ပဲတီစိမ်းအခွံချွတ်နဲ့ စွန်တာနီ/ပြာတို့ပဲဖြစ်ကြပါတယ်။

ယခုလမှာ ITC ကတ်အသစ် လာရောက်ပြုလုပ်မှုမရှိသလို ITCနဲ့ လုပ်ငန်းဆောင်ရွက်မှုမရှိဘူးလို့ သိရပါတယ်။

**MIRT**

# အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ဇန်နဝါရီလအတွင်း ကဏန်းမျိုးစုံပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၁၈ သန်း တန်ဖိုးရှိ ကဏန်းမျိုးစုံ ၁၇၁ တန်ကျော်တင်ပို့နိုင်တဲ့အတွက် အနီးစပ်ဆုံးကာလဖြစ်သော ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါကခုနစ်တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၁၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီလအတွင်း တင်ပို့ခဲ့သော ကဏန်းများမှာ အေးခဲကဏန်းပျော့ ၅၇ တန်ကျော်၊ ကဏန်းနီ ၁၀၅ တန်ကျော်၊ ကဏန်းအသေး (အသေ) ငါးတန်ကျော်နဲ့ သဲကဏန်းသုံးတန်ကျော်ဖြစ်ပြီး၊ ကဏန်းအပြင် ကန်ဒေါ်လာ ၁၀ ဒသမ ၉၅၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၅၉၆၈ တန်ကျော်၊ ပုစွန် ၁၆၂ တန်ကျော်၊ ငါးမှုန့် ၄၀၉၀ တန်၊ ကင်းမွန် (အခွံချွတ်) ၁၁ တန်ကျော်၊ အေးခဲအသားလွှာ ၂၄ တန်၊ ငါးခြောက် ၁၅ တန်ကျော်၊ ပုစွန်ခြောက် လေးတန်ကျော်၊ ကန်းမွန် ၄၈ တန်ကျော်၊ ကင်းမွန်ခေါင်း ရှစ်တန်ကျော်နဲ့ ကင်းမွန်ခြောက်နှစ်တန်ခန့်ကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# မောင်တောစခန်းမှ ငါးစုံလေးခြောက်နဲ့ ငါးနီတူခြောက် ကီလိုနှစ်သိန်းကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၂ ရက်တာသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၆၅၁၉ ကျော်တန်ဖိုးရှိ ငါးစုံလေးခြောက် ၁၈၀၃၁၆ ကီလိုနဲ့ ငါးနီတူခြောက် ၃၀၀၀၀ ကီလို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၉၆၅၁၉ ဖိုး ပိုမိုတင်ပို့ခဲ့ပါတယ်။ မောင်တောကုန်သွယ်ရေးစခန်းမှ တင်ပို့တဲ့ ရေထွက်ကုန်ပစ္စည်းများအနက် ငါးခြောက်ဟာ နှစ်စဉ် ပမာဏအများဆုံးတင်ပို့တဲ့ ပို့ကုန်ပစ္စည်း ဖြစ်ပါတယ်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက်မျိုးစုံတင်ပို့လျက်ရှိရာ သံတွဲဒေသမှ အများဆုံးထွက်ရှိတဲ့ ငါးနီတူခြောက်မှာ ဈေးကောင်းရနေကြောင်း ငါးခြောက်ကုန်သည်များထံမှ သိရှိရပါတယ်

**မြင့်မြင့်မာ**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၂ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၈၃၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၁၂၅ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၀၉ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၄၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၃၅ တန်ကျော် ၊ ကဏန်းသုံးတန်ကျော်နဲ့ ပုစွန်တစ်တန်နီးပါးတင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၇၈ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၁၄ တန်ကျော်အခြားရေထွက်ပစ္စည်းတန် ၉၀ ကျော်၊ ကင်းမွန် ၁၇ တန်ကျော်၊ပုစွန် နှစ်တန်ကျော်၊ ပင်လယ်ငါးရှဉ့်တစ်တန်ကျော်နဲ့ရေဘဝဲ ၅၁၈ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၁၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၀၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၃၄၄ တန်ကျော်၊ ငါးမှုန့် ၂၉၁ တန်ကျော် ရေငန် ပုစွန် တန် ၂၀ ကျော်၊ကင်းမွန် နှစ်တန်ကျော်နဲ့ သဲကဏန်း ၇၈၀ ကီလိုဂရမ်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၄ တန်ကျော် လျော့နည်းခဲ့ပါတယ်။ **ခင်မြနွယ်**

# ကိုကာကိုလာမြန်မာက "ကိုကာကိုလာနှင့်ဆုံဆည်းချိန်" အမည်ရှိ ဂီတဖျော်ဖြေပွဲကို ၂၀၁၆ခုနှစ် အတွင်း မြန်မာပြည်အနှံ့မြို့ကြီး ၁၄မြို့တို့တွင် ကျင်းပရန် စီစဉ်

ကိုကာကိုလာကုမ္ပဏီသည်"ကိုကာကိုလာနှင့်ဆုံဆည်းချိန်"အမည်ရှိ ဂီတဖျော်ဖြေပွဲတစ်ရပ်ကို ၂၀၁၆ခုနှစ်အတွင်း မြန်မာပြည်အနှံ့ရှိ မြို့ကြီး ၁၄ မြို့တို့တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း ကိုကာကိုလာမြန်မာ၏သတင်း ထုတ်ပြန်ချက်များအရ သိရသည်။




"ကိုကာကိုလာနှင့်ဆုံဆည်းချိန်" ခရီးစဉ်ကို ကိုကာကိုလာ၏ထင်ရှားကျော်ကြား အောင်မြင်လျက်ရှိသော ဂီတဖျော်ဖြေပွဲများမှတစ်ဆင့်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ထောင်ပေါင်းများစွာသောပရိသတ်တို့အား အဆိုတော်များ၏ဖျော်ဖြေတင်ဆက်မှုများ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများနှင့် ကိုကာကိုလာ အေးအေးလေးကို သောက်သုံးကာ တက်ကြွလန်းဆန်းစေမည့် အားလပ်ချိန်များကို ပိုင်ဆိုင်နိုင်စေမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် ကိုကာကိုလာမြန်မာအမှတ်တံဆိပ်၏သံတမန်များဖြစ်သော မိစန္ဒီ၊ အိမ့်ချစ်နှင့်ဘန်နီဖြိုးတို့က ဦးဆောင်ဖျော်ဖြေသွားကြမည်ဖြစ်ပြီး ၎င်းတို့နှင့်အတူ လူသိများထင်ရှားသည့် ဂျက်ဆန်ထွန်း၊ ချမ်းချမ်း၊ အားတီနှင့်အမွန်းတို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းဂီတဖျော်ဖြေပွဲသို့ လာရောက် ကြသည့်ပရိသတ်များအနေဖြင့် ဂီတ ဖျော်ဖြေမှုများသာမက ပျော်ရွှင်ဖွယ် ကစားနည်းများ၊ အကအဖွဲ့တို့၏ ကပြ တင်ဆက်မှုများ၊အမှတ်တရဓာတ်ပုံရိုက် ကူးနိုင်မည့်နေရာ၊ ကိုကာကိုလာဖော့စ်ဘုတ်စာမျက်နှာမှ သူငယ်ချင်းများအတွက် အထူးအစီအစဉ်များတွင်လည်း ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

ကိုကာကိုလာနှင့် ဆုံဆည်းချိန် ဂီတ ပွဲတော်ကို ဖေဖော်ဝါရီလ ၂၁ ရက်တွင် ပုသိမ်မြို့၊ မတ်လ ၂၀ရက်တွင် ထားဝယ်မြို့၊ မေလ ၈ ရက်တွင် မြစ်ကြီးနား မြို့၊ မေလ ၂၂ ရက်တွင် မော်လမြိုင်မြို့၊ ဇွန်လ ၅ ရက်တွင် တောင်ငူမြို့၊ ဇွန်လ ၁၉ ရက်တွင် တောင်ကြီးမြို့၊ ဇူလိုင်လ ၃ ရက်တွင် မကွေးမြို့၊ ဇူလိုင်လ ၁၇ ရက်တွင် မုံရွာမြို့၊ ဇူလိုင်လ ၃၁ရက်တွင် လားရှိုးမြို့၊ ဩဂုတ်လ ၁၄ ရက်တွင် မိတ္ထီလာမြို့၊ ဩဂုတ်လ ၂၈ ရက်တွင် ပခုက္ကူမြို့၊ စက်တင်ဘာလ ၄ရက်တွင် ပျဉ်းမနားမြို့၊ စက်တင်ဘာလ ၂၅ ရက် တွင် ပြည်မြို့နှင့် အောက်တိုဘာလ ၉ ရက်တွင် ဘားအံမြို့တို့၌ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

ဂီတဖျော်ဖြေပွဲလက်မှတ်များကို ဖျော်ဖြေပွဲကျင်းပရာနေရာများတွင်လည်းကောင်း၊ ကြိုတင်ဝယ်ယူလိုပါက ဖျော်ဖြေပွဲများမတိုင်မီ နှစ်ပတ်အလိုမှ စတင်ကာ ကြေညာထားသည့် ကိုကာကိုလာနေရာများတွင်လည်းကောင်း ဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ဘဏ်ချေးငွေစနစ်မဖွံ့ဖြိုးခြင်းကြောင့် အိမ်ခြံမြေကဏ္ဍဖွံ့ဖြိုးမှုအတွက် အကျပ်အတည်းဖြစ်နေ

ဘဏ်ချေးငွေစနစ်ဖွံ့ဖြိုးမှုမရှိခြင်းကြောင့် အိမ်ခြံမြေကဏ္ဍဖွံ့ဖြိုးမှုအတွက် အကျပ်အတည်းသဖွယ်ဆိုက်ရောက်နေကြောင်း House.com.mm ၏သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

ဘဏ်များမှချမှတ်ပေးနိုင်သော စီမံကိန်းချေးငွေများမရှိခြင်းကြောင့် မြန်မာနိုင်ငံတွင်းနေထိုင်ကြသည့်ပြည်သူများ အိမ်ယာပိုင်ဆိုင်မှုပမာဏနည်းပါး လျက်ရှိကြောင်း သုံးသပ်လျက်ရှိသည်။

ဘဏ္ဍာရေးဆိုင်ရာအကြံပေးနှင့် ရှေ့နေတစ်ဦးဖြစ်သူဦးအောင်ဖြိုးလတ်က "ချေးငွေရရှိနိုင်ဖို့ အခွင့်အရေး နည်းပါး ခြင်းက လူအနည်းငယ်ကိုသာ အိမ်ခြံ မြေပိုင်ဆိုင်စေသော အခြေအနေကို ဖြစ်ပေါ် စေခဲ့ပါတယ်။ ချမ်းသာကြွယ်ဝ တဲ့နိုင်ငံသားအနည်းစု (မှန်းခြေ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းကြား) သာ လျှင်အိမ်ခြံမြေများ ဝယ်ယူဖို့ ငွေကြေး တတ်နိုင်ကြပါတယ်။ အဲဒီလူနည်းစုထဲက အများစုကလည်း အိမ်ခြံမြေလုပ်ငန်းတွေမှာ တိုက်တာအိုးအိမ်အချို့ကို ဝယ်ယူပြီး ပြန်လည်ငှားရမ်းပြီး ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏အရစ်ကျချေးငွေအမျိုးအစားသည် နိုင်ငံတော်၏ဗဟို ဘဏ်မှ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားပြီး ပြင်ပပုဂ္ဂလိကဘဏ်များ အားလုံးသည် အဆိုပါစည်းမျဉ်းများကို လိုက်နာကြရသည်။ ထို့ကြောင့် ပြီးခဲ့ သည့်နှစ်အနည်းငယ်အတွင်းက အကြွေးအပေါ် စိုးရိမ်ပူပန်မှုများရှိလာသည့်အတွက် ဘဏ်များအနေဖြင့် ဒေသခံများအား စီမံကိန်းအသစ်များ လုပ်ဆောင်ရန် သို့မဟုတ် အိုးအိမ်တိုက် တာ ဝယ်ယူရန်အတွက်ပင် ချေးငွေ ထုတ်မပေးနိုင်တော့မည်ကို ထိတ်လန့်သည်အထိပင် ဖြစ်ပွားလာခဲ့သည်ဟု လေ့လာသူများကဆိုသည်။

Tip Top အိမ်ခြံမြေဈေးကွက် သင်ကြားရေးကျောင်း၏ ဆရာဖြစ်သူ ဦးဌေးလွင်က "ဘဏ်အများစုဟာ အိမ် ခြံမြေလုပ်ငန်းအပိုင်းမှာ ရင်းနှီးမြှုပ်နှံသူ (သို့မဟုတ်) ငွေကြေးထောက်ပံ့ပေးသူ အဖြစ် ပါဝင်လေ့မရှိတဲ့အတွက် ဘယ် လို အိမ်ရာတည်ဆောက်မှုစီမံကိန်း အတွက်မဆိုငွေကြေးအထောက်အပံ့ရရှိဖို့ နည်းလမ်းအနည်းငယ်မျှသာရှိပါ တယ်။ အိမ်ရာတစ်ခုတည်ဆောက်ဖို့ အတွက် လိုအပ်သောငွေကြေးကိုရရှိနိုင်ဖို့နည်းလမ်းများမှာလည်း ဘဏ်မှ ချေးငွေ၊ ကြိုတင်ရောင်းချခြင်းနှင့် ပုဂ္ဂလိကငွေချေးလုပ်ငန်းများသာရှိ ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အခြေချလျက်ရှိသည့် နိုင်ငံခြားဘဏ်ခွဲများသည်လည်း ဒေသတွင်း ဘဏ်များနှင့်ပူးပေါင်းကာ ချေးငွေများ ချပေးနိုင်ကြောင်း သိရသည်။ သို့သော်လည်း အချို့သောဘဏ်များအနေဖြင့် ချေးငွေများကို လူထုသို့ တိုက်ရိုက်ချပေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ ဥပမာအား ဖြင့် မြန်မာ့အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ ဧရာ ဝတီဘဏ်နှင့်အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး ဘဏ်တို့မှလည်း ၎င်းတို့သတ်မှတ်ထားသည့် စီမံကိန်းများတွင် ဝယ်ယူရရှိနိုင်ရန်အတွက် ချေးငွေများ ထုတ်ချေးပေး လျက်ရှိကြောင်း သိရသည်။

House.com.mm မှအုပ်ချုပ်မှု ဒါရိုက်တာ Mr. Balaji Ramaswami ကလည်း "မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနဲ့ အိမ်ယာဖွံ့ဖြိုးမှု စီမံကိန်းများအတွက် ဘဏ်များရဲ့ အခန်းကဏ္ဍများဟာလည်း အရေးပါတဲ့အစိတ် အပိုင်းတစ်ခု ဖြစ်ပါတယ်။ ဘဏ်များအနေနဲ့ သင့်တော်တဲ့နည်းလမ်းများနဲ့ အထောက်အကူပြုနိုင်မယ်ဆိုရင်တော့ နိုင်ငံတွင်းက ဆောက်လုပ်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုး တက်ရေးလုပ်ဆောင်မှု စီမံကိန်းများဟာ ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး ငွေကြေးဆိုင်ရာပြဿနာများကြောင့် စီမံကိန်းများ ကြန့်ကြာခြင်းပြဿနာကိုလည်း ဖြေရှင်းရာရောက်တယ်လို့ထင်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# Cars DB မှ ပလက်ဖောင်းသစ်တစ်ခုအဖြစ် Cars DB Accessory Marketplace ကို စတင်




မြန်မာနိုင်ငံတွင် ကားချစ်သူများ အများဆုံး လာရောက်လည်ပတ်ရာ နေရာ တစ်နေရာဖြစ်သည့် CarsDB ဝက်ဘ် ဆိုက်သည် ယခုအခါတွင် သုံးစွဲသူများ ပိုမိုအဆင်ပြေစေရန်အတွက် Cars DB Accessory Marketplace ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Cars DB Accessory Marketplace တွင် ကားချစ်သူများ မိမိ၏ကားကို အတွင်းပိုင်းအပြင်ပိုင်း အလှဆင်ရာတွင်အသုံးပြုသည့်ပစ္စည်းများကို လွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရန် ပြသထားမည်ဖြစ်ပြီးရန်ကုန်မြို့တွင်းရှိ ဆိုင်ပေါင်း ၃၇ ဆိုင်နှင့်ချိတ်ဆက်၍ လုပ်ဆောင်ထားကြောင်း သိရသည်။

ထို့ပြင် လုပ်ငန်းရှင်များအနေဖြင့်လည်း ကားနှင့်ပတ်သက်သည့်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိရောင်းချလိုသည့် ကားအလှဆင်ပစ္စည်းများကို ယင်း CarsDB Accessory Marketplace တွင် လွယ်ကူစွာစတင်ပြုလုပ်နိုင်ပြီး မိမိတို့ရောင်းချမည့်ပစ္စည်းများကို ပုံများနှင့်တကွ အသေးစိတ်ဖော်ပြကာ စတင်ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူလိုသောသူများအနေဖြင့်လည်း အင်တာနက်ရရှိနိုင်သည့်မည်သည့်နေရာမှမဆို မိမိတို့ဝယ်ယူလိုသော မော်တော်ကားဆက်စပ်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ၊ တံဆိပ်အမျိုးမျိုးကိုမြင်တွေ့ဝယ်ယူနိုင်မည်ဖြစ်သည်။ အဆိုပါပစ္စည်းများကိုပုံနှင့်တကွ အသေးစိတ်ဖော်ပြချက်များနှင့်ဈေးနှုန်း များကို သိသာထင်ရှားစွာတွေ့မြင်နိုင် အောင်ပြုလုပ်ထားပြီး ပစ္စည်းတစ်ခုနှင့် တစ်ခု နှိုင်းယှဉ်၍ ဝယ်ယူနိုင်ရန် ပြုလုပ်ထားကြောင်း၊ ရောင်းသူနှင့်လည်းတိုက်ရိုက်ချိတ်ဆက်ပေးထားသည့် အတွက် အချိန်ကုန် လူပင်ပန်းခြင်းမှလည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါ CarsDB Accessory Marketplace တွင် Cars DB Club Membership ကဏ္ဍ ကိုလည်းထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကဏ္ဍတွင် CarsDB ကို အစဉ်အမြဲအားပေးလျက် ရှိသည့် မော်တော်ယာဉ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်နေသူများ၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သောလုပ်ငန်းများ ကို ဦးဆောင်နေသူများနှင့် ကားချစ်သူ များအားလုံးကို ကျေးဇူးတုံ့ပြန်သောအားဖြင့် အထူးသီးသန့်ချီးမြှင့်ပေးသည့် ဝန်ဆောင်မှုပင်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်သည် CarsDB ၏အဓိကလုပ်ဖော်ကိုင်ဖက်များဖြစ်သည့် မော်တော်ယာဉ်နှင့်သက်ဆိုင်သော ဝန်ဆောင်မှုများ၊ စားသောက်ဆိုင်များနှင့် အခြားလူသုံးကုန်ပစ္စည်း ဝန်ဆောင်မှုများကို အထူးလျှော့ဈေးများဖြင့် ရယူနိုင်မည့် အထူးသီးသန့် အသင်းဝင်ကတ် ပြားစနစ်ဖြစ်ကြောင်း၊ ကနဦးစတင်မည့် အစီအစဉ်တွင် ပါဝင်မည့် Cars DB Club Partner ဆိုင်ပေါင်း ၃၇ဆိုင်တွင်နှစ်သက်ရာ ဝန်ဆောင်မှုများကို အသုံးပြု ကာ CarsDB Member ကတ်ပြားကို ကျသင့်ငွေမရှင်းမီ ပြသခြင်းအားဖြင့် အထူးလျှော့ဈေးများ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




အမှိုက်ဟုဆိုလျှင် မည်သူမျှ မကြိုက်ပါ။ ကျွန်တော်တို့ လူငယ်များတွင်လည်း မင်းကတော့ အမှိုက်ပဲဟု ပြောကြလျှင် ကောင်းရောင်းကောင်းဝယ်လုပ်ရာမှာ ဝင်ရှုပ်သူဟု အဓိပ္ပာယ်ရှိပါသည်။ လူအမှိုက်သည် လည်းကောင်း၊ ပစ္စည်းအမှိုက်သည်လည်းကောင်း မည်သူမျှ မကြိုက်ကြပါ။ တစ်နေ့သေသည့်အခါတွင်လည်း မိမိတို့ခန္ဓာသည် အမှိုက်ဖြစ်လာရပါသည်။ ကျွန်တော်တို့ လက်ရှိသုံးစွဲနေသော ကုန်ပစ္စည်း အားလုံးသည်လည်း အသုံးမဝင်သည့်အချိန်၊ ပျက်စီးချိန်တွင် အမှိုက်သဖွယ် ဖြစ်လာရပါသည်။ လက်ရှိခေတ်တွင် Electronic age အီလက်ထရွန်နစ်ခေတ် ဖြစ်လာပြီး အချိန်တိုင်း အသစ်အဆန်း ပေါ်ထွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ Electronic age အီလက်ထရွန်နစ်ခေတ်ကို ပြန်ကြည့်လျှင် ၁၉၆၀ ကျော်တွင် ရေဒီယိုကို တော်တော်များများ မြင်လာရပါပြီ၊ ကျွန်တော်တို့ငယ်ငယ်က အဖေ ရေဒီယိုလေးဝယ်လာသည့်အခါ အရပ်ထဲမှလာကြည့်ကြ ၊ ညပိုင်းတွင် အသံလွှင့် ဇာတ်လာလျှင် ဝိုင်းနားထောင်ကြရပါသည်။ အသံမကြည်သဖြင့် ဝါးလုံးတိုင်တွင် နန်းကြိုး ချည်ကာ အသံကြည် အောင် လုပ်ခဲ့ရသည်ကို မှတ်မိပါသေးသည်။ ထို့နောက် ဘောလုံးပွဲများကို ရေဒီယိုမှ လွှင့်သည့်အခါ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် အသင်းတို့၏ ဗိုင်နယ်ပွဲကို မှတ်မိနေပါသေးသည်။ ရေဒီယို အဆိုကျော်များဖြစ်သော တင်တင်မြ၊ မာမာအေး၊ ထားတို့မှာ ယခုအချိန်ထိ အဆိုကောင်းကြဆဲ ဖြစ်ပါသည်။

၁၉၈၀ခန့်တွင် မြန်မာ့အသံ ရုပ်မြင်သံကြားကို စတင် မြင်ဖူးလာရပါသည်။ စတင်ကာစက ရုပ်ကွက် ကောင်စီရုံးများတွင် ပွဲကြည့်သလို သွားကြည့်ခဲ့ရပါသည်။ ထို့နောက် ဆဲလ်ဖုန်းများကို ၂၀၀၀ပြည့်နှစ် တစ်ဝိုက်တွင် မြင်လာရပါသည်။ ယခုနောက်ပိုင်းတွင် လက်ကိုင်ဖုန်း၊ တီဗီ၊ အင်တာနက်ခေတ်များ အလျင်အမြန် ပြောင်းလဲလာပါသည်။ ထိုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံးသည် နိုင်ငံတကာနှင့် အလိုက်အထိုက်ဖြစ်အောင် ခေတ်နှင့် ရင်ပေါင်တန်းစေရန် မိမိတို့၏ အီလက်ထရွန်နစ် ပစ္စည်းများကို ချက်ချင်းပြောင်းလဲနိုင်ရန် ကြိုးပမ်းနေကြသည်။ ယင်းသို့ပြောင်းလဲနိုင်ရန် ငွေရှာရသည်၊ သုံးရသည်။

Apple ပစ္စည်းများကို ကြည့်လျှင်ပင် i-phone များသည် နံပါတ် သုံး၊ လေး၊ ငါး၊ ခြောက် စသဖြင့် နှစ်စဉ် ပြောင်းလဲနေသကဲ့သို့ ကိုင်သူများကလည်း ယင်းဖုန်းများကို နှစ်စဉ် မော်ဒယ်ပြောင်းတိုင်း ပြောင်းလဲ ကိုင်တွယ်နေကြလေသည်။ ထိုအခါ ကောင်းသေးသော အဟောင်းများ၊ မပျက်စီးသေးသော အဟောင်းများ၊ ယင်းတို့ကို မည်သို့ထားပါမည်လဲ၊ မိမိတစ်ဦးတည်းပိုင်တွင် အဟောင်းကို သိမ်းလိုက သိမ်းထားမည်၊ မသိမ်းလိုက အဟောင်းဈေးဖြင့် ရောင်းမည်၊ အဟောင်းကိုမည်သူကကိုင်ပါသလဲ၊ ဆင်းရဲသူများက ဝယ်ယူကိုင်တွယ်ကြပါသည်။ ယင်းနောက် ပျက်စီးသွားလျှင် ယင်းပစ္စည်းများကို မည်သည့်နေရာတွင် သုံးပါသလဲ၊ သုံးမည်လဲ။ တွေးကြည့်လျှင် မိမိတို့ အိမ်တွင်ပင် အသုံးမလိုသည့်၊ ပျက်စီးနေသည့် အီလက်ထရွန်းနစ်ပစ္စည်းများ မည်မျှ ရှိနေပါသလဲ။ မြို့တစ်မြို့၊ တိုင်းတစ်တိုင်း၊ နိုင်ငံတစ်နိုင်ငံဆိုလျှင် မည်မျှအထိ စုပုံနေပါပြီလဲ၊ ယင်းတို့ကို မည်သို့ ရှင်းပါမည်လဲ၊ မည်သို့ ပြန်လည် သုံးစွဲနိုင်အောင် ဆောင်ရွက်မည်လဲ ဆိုသည်ကို စဉ်းစားလာရပါသည်။

ပို၍ ဆိုးရွားလာသောအချက်မှာ ချမ်းသာသော နိုင်ငံများတွင် မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ အီလက်ထရွန်းနစ်ပစ္စည်းများကို ခေတ်ပေါ်သည့်အချိန်တိုင်း လိုက်လံပြောင်းလဲသုံးစွဲခြင်း၊ နိုင်ငံတော်အစိုးရအပိုင်းမှလည်း မော်တော်ကားကဲ့သို့ ပစ္စည်းများတွင် ရေရှည်မသုံးစွဲနိုင်စေရန် ဥပဒေများ၊ နည်းဥပဒေများကိုပါ ထုတ်ပြန်ပြီး ပြောင်းလဲစေရန် ဆောင်ရွက်တတ်ပါသည်။ ထိုအခါ ကုန်စည်အချို့မှာ မဟောင်းမီကပင် အပယ်ခံဖြစ်ကာ၊ အဟောင်းတန်းများတွင် စုပုံလာပြီး၊ ယင်းပစ္စည်းအဟောင်းများကို စွန့်ပစ်နိုင်မည့် နည်းလမ်းများ၊ ပြန်လည်ငွေဖော်နိုင်မည့် နည်းလမ်းများကို ရှာကြသည့်အခါ ဆင်းရဲသောနိုင်ငံများသည် ပစ်မှတ်ဖြစ်လာကာ အဟောင်းများကို အကောင်းသဖွယ်ဖြစ်အောင် ပြန်လည်ပြုပြင်ပြီး ဖြစ်စေ၊ အဟောင်းအတိုင်း ဖြစ်စေ ပြန်လည်ရောင်းထုတ်ခြင်း၊ တစ်နည်းအားဖြင့် အဟောင်း Export ပြုလုပ်ခြင်းကို ဆောင်ရွက်လာပါသည်။

➲ စာမျက်နှာ - ၂၀ သို့

ypöuf ta[mifrsm;uk
peyfypEkdrnf
enf;vrf;rsm;?
jyefvnfiazmfEkdrnf
enf;vrf;rsm;uk
&Sdu onftc
qif;&aom
EkdifHrsm;onf
ypfrSwfjzpfvm...

Nice Guy Customs Clearance Agency
U Kaung Trading Co.,Ltd.
No.(10/12), 1st floor, 103-D, 35st (Lower Block)
Kyauktada Tsp, Yangon
E-mail : aungkaungzay2@gmail.com

# ပေါင်းဆန်ခေတ်
## ပြန်လည်ဆန်းသစ်

ပေါင်းဆန်စက်ရုံ တည်ဆောက်လိုသည့် ဆန္ဒရှင်များအတွက်
သတင်းကောင်းမျှဝေပေးမည့် **မြန်မာအပြည်ပြည်ဆိုင်ရာ**
**လယ်ယာသုံး စက်ကိရိယာပြပွဲ ၂၀၁၆** | MCC |
ပြခန်းအမှတ် A3 သို့ **မတ်လ (၃) ရက်မှ (၆) ရက်**
အတွင်း ကြွရောက်ပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။



ENGINEERING
APPIANI

Corporate Agent Office (Myanmar)
Kaung Ya Nant International Trading Co: Ltd,
No.18/1(A), Thirimingalar Street,
Aung Chan Thar Ward,
Sanchaung Tsp, Yangon.

Mobile : 095-9-262615931, 095-9-977931893
Tel : 095-1-512631 | Fax:095-1-510160
Email : naymyooo.kyn@gmail.com
www.kaungyanant.com

# C.P. Medicine စီပီ ဆေး ဝါး များ

选择 CP 药是您成功之路
အောင်မြင်မှုများရရှိဖို့ စီပီဆေးကို သုံးကြစို့



**Available on every dealer shop,medicine shop and CP branches,** စီပီလက်ကားဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်

HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133968

OFFICE (Mandalay)
Pa/28 No.902,78xTheik Pan street,
Near Mokeoo,Chanayetharzan Tsp,
Ph : 092052533, 092166146

OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044

BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmae,
Lashio, Meiktila, Monywa, Myitkyina,Bamaw

# SEIN HTAN PIN CO.,LTD

No. Nya/34, Ahthawka Street, Bayint Naung Ware House,
Mayangone Township, Yangon, Myanmar.
Office : 683136, 682429, 681207
Hp : 09-50-10133, 09-50-13361, 09-50-12057, 09-51-28416



Black Matpe
Green Mung Been

## ပြောင်း

### ဖေဖော်ဝါရီ ဒုတိယသီတင်းပတ်အတွင်း ပြောင်းတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၂၆၆ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၉၈၅၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၈၇ တန်တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၂၇၇၄၈ တန်နဲ့ ချင်းရွှေဟော်မှ ၁၉၉၅ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု လျော့ကျသွားတာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၂၈၇၉၀၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၂၈၈၄၅၄ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၅၈၈၀၀ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၅၆၀ တန်တင်ပို့ခဲ့ပါတယ်။ မန္တလေး-မူဆယ်ကုန်စည်သယ်ယူခနှုန်းမှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ ပြောင်းတစ်ပိဿာကို ၈၂-၉၅ ကျပ်ရှိပြီး တစ်ရက်လျှင် ကားစီးရေ ၁၁၀-၁၅၀ ခန့်အဝင်ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## သကြား

### ဖေဖော်ဝါရီလ ဒုတိယပတ်တွင် တရုတ်နိုင်ငံသို့ သကြားဖြူတင်ပို့ မှုကျဆင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၆ ဒသမ ၂၈၁ သန်း တန်ဖိုးရှိ သကြားဖြူ ၁၁၁၆၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုထက် သကြားဖြူ ၁၂၇၈၂ တန် လျော့နည်းခဲ့ပါတယ်။ ထိုသို့လျော့နည်းရခြင်းမှာ ဖေဖော်ဝါရီလဆန်းတွင် တရုတ်နိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ချိန်ဖြစ်သဖြင့် တရုတ်ကုန်သည်များ သကြားဝယ်ယူမှု အနည်းငယ်သာအဆွဲရှိတယ်လို့ မူဆယ်ကုန်သည်များထံမှ သိရပါတယ်။ လက်လီတစ်ပိဿာ ပေါက်ဈေးက ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရပါတယ်။

**မြင့်မြင့်မာ**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၃၀ ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁ ရက်မှ ၁၂ ရက် တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၈၈ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်း မရှိဘူးလို့ သိရပါတယ်။

ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်ထိမှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၅ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၉၄ သန်းတင်ပို့နိုင်ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သတင်းရရှိခဲ့ပါတယ်။

**ခင်မြနွယ်**

၁၅-၂-၂၀၁၆ မှ ၁၉-၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 241 | 11,277,464.842 |
| 2 | Form D | 74 | 4,313,034.450 |
| 3 | Form E | 79 | 2,356,941.560 |
| 4 | Korea GSP | 7 | 207,081.050 |
| 5 | Form AK | 62 | 3,651,684.736 |
| 6 | Form AJ | 22 | 381,947.640 |
| 7 | Form AI | 54 | 1,938,792.630 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 539 | 24,126,946.908 |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုလျော့ကျ

ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်ထိ ရက်သတ္တပတ်အတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၃၆၈ သန်းဖိုးရှိ ရော်ဘာ ၄၂၇ တန်ကျော် တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံကို RSS-3 တန် ၁၀၀နဲ့ စင်ကာပူနိုင်ငံကို MSR-20 ၃၂၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၄၀ ခန့်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အနည်းငယ်ကျဆင်းလာပါတယ်။ နိုင်ငံတကာရော်ဘာဈေးကျတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း ကျဆင်းလာပါတယ်။မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၇၅၀-၈၅၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၇၀၀ - ၈၀၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၆၅၀ - ၇၅၀ |
| **Concentrate** | တစ်တန်လျှင် | ဒေါ်လာ | ၅၁၀ - ၆၀၀ |
| **Latex 60% DRC** | | | |

**ယဉ်ယဉ်အေး**

### ရော်ဘာစိမ်းတန်ချိန် ၇၅၀၀၀ ကျော်တင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ထိ အမေရိကန်ဒေါ်လာ ၈၈ သန်း တန်ဖိုးရှိ ရော်ဘာစိမ်း ၇၅၀၃၀ တန် တင်ပို့ထားပြီးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၃၃၆၀ တန်ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း တန်ဖိုးအားဖြင့်တော့ ကမ္ဘာ့ရော်ဘာဈေးကျဆင်းတဲ့အတွက် ကန်ဒေါ်လာနှစ်သန်းကျော် လျော့နည်းရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တစ်နှစ်လုံး တင်ပို့နိုင်ခဲ့တဲ့ ရော်ဘာတန်ချိန်မှာ ၇၇၅၁၈ ဖြစ်ပြီး ရော်ဘာတင်ပို့မှုမှ ကန်ဒေါ်လာ ၁၁၁ သန်းကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။

**MIRT**

➲ စာမျက်နှာ - ၁၈ အမှိုက်ကုန်သွယ်မှု မှအဆက်

ယင်းတို့မှာ ဈေးပေါပေါဖြင့် ဆင်းရဲသည့် နိုင်ငံများသို့ ရောက်ရှိလာပြီး အချိန်တိုတိုနှင့် ပျက်စီးကာ အပျက်အစီးများ စုပုံလာပြီး၊ ယင်းအမှိုက်များကို မည်သို့ဆောင်ရွက်ရမည်မသိဘဲ အီလက်ထရွန်းနစ်ပစ္စည်းများ အမှိုက်ပုံအဖြစ် ဆင်းရဲသောနိုင်ငံများသို့ ရောက်လာရပါသည်။ ယင်းတို့ကို မည်သို့ကာကွယ်ပါမည်လဲ၊ ဆင်းကလည်း ဆင်းရဲ အသစ်စက်စက်ကလည်း မဝယ်နိုင်သည့်အတွက် ဈေးသက်သာသည့် အဟောင်းများကို မစွန့်လွှတ်နိုင်သဖြင့် မည်သို့ ဆောင်ရွက် ရမည်ကို မသိဖြစ်လာပါသည်။

၎င်း အီလက်ထရွန်းနစ် ပစ္စည်းများသည် နမူနာတစ်ခုသာဖြစ်ပြီး အခြားသော ကုန်စည်များ တွင် အနိမ့်ဈေးဖြင့် ထိုးဖောက်ဝင်ရောက်လာသော ကုန်စည်များကို တားဆီးရန် အချို့နိုင်ငံများက Anti-dumping policy ချမှတ်ပြီး မိမိတို့နိုင်ငံမှထုတ်လုပ်သော ကုန်စည်များအတွက် ထုတ်လုပ်မှု မကျဆင်းရေးကို ဦးတည်ပြီး၊ အခွန်များကို ယင်းကုန်စည်များ တင်သွင်းရာတွင် ပိုမိုကောက်ခံလေ့ရှိပါသည်။

ယင်းအချက်ကို အမေရိကန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Department of Commerce)က သတ်မှတ်ပေးရပါသည်။ ယင်းဌာနမှ မည်သည့် ကုန်ပစ္စည်းများသည် ထိခိုက်နစ်နာကြသည်၊ ထုတ်လုပ်မှု ကျဆင်းသည်စသဖြင့် စုံစမ်း လေ့လာမှု ပြုလုပ်ပြီး၊ တင် သွင်းမှုများကို ထိန်းသိမ်းမှု ပြုလုပ်လေ့ရှိကြောင်းသိရပါသည်။ ယင်းကဲ့သို့ မိမိနိုင်ငံအတွင်းသို့ ဈေးပေါပေါဖြင့် ဝင်ရောက်လာသော ကုန်ပစ္စည်း များကြောင့် မိမိပြည်တွင်းမှ အမျိုးအစားတူ ထုတ်ကုန်များသည် ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ လုပ်ငန်းများ ရပ်တန့်ပြီး ထုတ်လုပ်မှု ကျဆင်းခြင်း၊ နှောင့်နှေးခြင်း၊ လုပ်ငန်း ရပ်ဆိုင်းသွားခြင်းနှင့် သက်ဆိုင်ရာ Industry တစ်ခုလုံး ကျဆင်းပြီး၊ နိုင်ငံတွင် ရေရှည်၌ Supply Chain တစ်ခုလုံးကိုပါ ထိခိုက်မည်ဖြစ်ပါသည်။

လာအို၊ ကမ္ဘောဒီးယား နိုင်ငံတို့၏ မုန့်ထုတ်လုပ်မှုတွင် ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ မုန့်များ ဝင်ရောက်လာသည့်အခါ အရည်အသွေး၊ ဈေးနှုန်း၊ ကလေးများအတွက် မက်လုံး ဖြစ်သည့် အရုပ်ကလေးများ ထည့်သွင်းပြီး အရောင်းမြှင့်တင်သည်ကို လုံးဝ မယှဉ်ပြိုင်နိုင်သဖြင့် ပြည်တွင်း ခေတ်မီမုန့်ထုတ်လုပ်ငန်းများ တစ်ခုလုံး ရပ်တန့်ရသည့် အဖြစ်မျိုးကြုံတွေ့နေရပါသည်။ အထူးသဖြင့် ဈေးပေါသော မုန့်များကို ထုတ်လုပ်မှုစရိတ် မြင့်မားမှုကြောင့် ပြည်တွင်းမုန့်ထုတ်လုပ်သူများက မည်သို့မျှ ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့ချေ။ ယင်းကိစ္စမျိုးကို Anti-dumping policy ကဲ့သို့ မူဝါဒများ၊ ဥပဒေများ ထုတ်ပြန်ပြီး ဆောင်ရွက်မှသာ ပြည်တွင်း ကုန်ထုတ်လုပ်သူများအနေဖြင့် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ သို့ရာတွင် အားနည်းချက် တစ်ခု ရှိသည်မှာ ပြည်တွင်း ကုန်ထုတ်လုပ်သူများ၊ ကုန်ကြမ်းထုတ်လုပ်သူများ အနေဖြင့် ယင်းကဲ့သို့သော ကိစ္စရပ်အား ရေရှည်တွင် မည်သို့ယှဉ်ပြိုင်နိုင်ရေးဆောင်ရွက်မည်၊ မိမိတို့၏ ထုတ်ကုန်များ၏ ထုတ်လုပ်မှုစရိတ် ကျဆင်းအောင် မည်သို့လုပ်ဆောင်မည်ကို စုပေါင်းပြင်ဆင်ရမည် ဖြစ်ပါသည်။ ယင်းတို့အတွက် ပြင်ဆင်နေသော ဥပဒေများ ဖြစ်သော Safeguard Law and Competition Law များကို ကျွန်တော်တို့ ပြည်တွင်းကုန်သည်များမှ ကြိုဆိုရမည် ဖြစ်ပါသည်။ အဆိုပါ ဥပဒေများ၏ အခြေခံမှာ ဈေးပေါပေါနှင့် ထိုးဖောက်ဝင်ရောက်လာမည့် ကုန်စည်များကို တားဆီးနိုင်ရန် ဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံကဲ့သို့ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်ပြီး၊ ကြီးကြပ်ကွပ်ကဲရန်ခက်ခဲသည့် တရားမဝင်ကုန်သွယ်မှုများအား ထိန်းသိမ်းနိုင်ခြင်း၊ အရေးယူနိုင်ခြင်း မရှိပါက ဈေးပေါပေါနှင့် ဝင်ရောက်လာမည့် ကုန်စည်များအား ပြည်တွင်းကုန်ထုတ်လုပ်သူများအနေဖြင့် မည်သို့မျှ ယှဉ်ပြိုင်နိုင်ခြင်း မရှိဘဲ ရေရှည်တွင် စက်မှု လုပ်ငန်းများ အများအပြား ကျဆုံးရမည်ဖြစ်သဖြင့် အဆိုပါကိစ္စတွင် ပါဝင်ပတ်သက်နေသော ပုဂ္ဂိုလ်အားလုံးအနေဖြင့် အလေးအနက်ထားပြီး ကြိုတင်စဉ်းစားပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

## Myanmar Shunko Konwa-kai အဖွဲ့မှ ရေနံချောင်းခရိုင်အတွင်း အမေရိကန်ဒေါ်လာ နှစ်သောင်းကျော်တန်ဖိုးရှိသည့် စက်ရေတွင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့



Myanmar Shunko Konwa-kai အဖွဲ့သည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့် ဒေသများအနက် ရေနံချောင်းခရိုင်အတွင်းရှိ စက်ရေ တွင်းများအား ပြန်လည်တူးဖော်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၁၅ ခုနှစ်ဇူလိုင်လမှစတင်၍ စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

အဆိုပါ Myanmar Shunko Konwa-kai အဖွဲ့ အနေဖြင့် အပူပိုင်း ဒေသရှိ ပျက်စီးယိုယွင်းနေသော စက်ရေတွင်းများအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် ရေကောင်းရေသန့် လုံလုံလောက်လောက်ရရှိပြီး အခြေခံလိုအပ်ချက်များ ပြည့်မီကာ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းကာလကို ၂၀၁၅ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိသတ်မှတ်ခဲ့ပြီး စီမံကိန်းအတွက်ကုန်ကျစရိတ်ကို ကျပ်သိန်းပေါင်း နှစ်သောင်းတစ်ထောင် သတ်မှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းအတွက် ကုန်ကျ စရိတ်ကျပ်သိန်းပေါင်း နှစ်သောင်းတစ်ထောင်ကို Myanmar Shunko Konwa-kai အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သော Hitachi Asia Ltd., Hitachi Transport System Ltd. Sompo Japan Nipponkoa Insurance Inc. တို့က မတည်ထောက်ပံ့ပေးခဲ့ခြင်းဖြစ် သည်။

ယင်းစီမံကိန်းတွင် ကျေးရွာပေါင်း ၁၀ ရွာရှိစက်ရေတွင်းဟောင်းများအား ဖိအားမြင့်လေကို စုပ်သွင်းခြင်းဖြင့် ရေတွင်းထဲရှိ ဆို့နေသောအရာများအား ဖယ်ရှားသန့်စင်ပေးနိုင်ခဲ့ပြီး ရေထွက် ရေလာ ပိုမိုကောင်းမွန်သန့်စင်အောင် ပြုလုပ်ပေးနိုင်ခဲ့သည်။ ကျေးရွာပေါင်း ကိုးရွာတွင် စက်ရေတွင်းများမှ ရေထွက်ပမာဏ ပိုမိုအားကောင်းလာခဲ့ပြီး မူလ ရေထွက်ပမာဏထက်ပိုမိုတိုးတက်လာခဲ့သည်။ အဆိုပါ စက်ရေတွင်းပြင်ဆင်သည့် အလုပ်များကို ကျေးရွာပေါင်း ၁၀ ရွာရှိ ဒေသခံများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပြီး ၎င်းတို့အနေဖြင့်လည်း စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရန်နှင့် မည်သို့ဆက်လက်ထိန်းသိမ်းရမည်ဆိုသည့် အတွေ့အကြုံကောင်းများကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အိမ့်ကြီးကျေးရွာတွင် ကျင်းပခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ရေတွင်းရေကန်များ ပြန် လည်ပြုပြင်ဖော်ထုတ်ပေးမှုကြောင့် ရွာသူ ရွာသားပေါင်း တစ်သောင်းကျော်တို့သည် စက်ရေတွင်းမှ ရေများကို ပေါများစွာ အသုံးပြုနိုင်ခြင်း၊ ရေကောင်း ရေသန့် ပိုမိုရရှိခြင်းစသည့်အကျိုးကျေးဇူးများကို ခံစားရနိုင်ကြောင်း ပြောကြားခဲ့သည်။ **မယ်သီတာ**

## MPT ၏ "ဒေတာများနှင့်ည" အမည်ရှိ ညသုံး Data Package ကို စတင်




မြန်မာနိုင်ငံ၏ ဦးဆောင် ဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် ည ၁၁ နာရီမှ နံနက် ၇နာရီ အတွင်း အင်တာနက်အသုံးပြုလေ့ရှိသည့်သုံးစွဲသူများအတွက် "ဒေတာများနဲ့ည" အမည်ရှိ ညသုံး Data Packageကိုဖေဖော်ဝါရီ၂၂ ရက်မှ မတ် ၃၁ ရက်အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ "ဒေတာများနဲ့ည"အစီအစဉ်ကို MPT \ GSM/WCDMA ဆွေသဟာအသုံးပြုသူအားလုံး ရယူသုံးစွဲနိုင်ကြောင်း သိရသည်။ ယင်းအစီအစဉ်တွင် Data Package အမျိုးအစား သုံးမျိုးရှိပြီးတစ်ညလျှင် မီဂါဗိုက် ၂၅၀ ကို သုံးရာကျပ်၊ခုနစ် ညလျှင် တစ်ဂစ်ဂါဗိုက်ကိုတစ်ထောင် ကျပ်၊ ညပေါင်း ၃၀ လျှင် လေးဂစ်ဂါဗိုက်ကို ၃၂၀၀ကျပ်တို့ဖြင့် ရယူသုံးစွဲနိုင်ကြောင်း သိရသည်။

ယင်း ညသုံး ဒေတာများကို ဝယ်ယူ အသုံးပြုခြင်းအားဖြင့် MPT ၏ မြန်ဆန်သော ကွန်ရက်ဖြင့် အင်တာနက်အသုံးပြုခြင်းကို 1MB လျှင် ပြားရှစ်ဆယ်နှုန်းမှ စတင်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ မစ္စတာ ကိုအိချိကာဝါဆဲက "MPT က ဝန်ဆောင်မှုပိုင်းမှာ ပိုပြီး တိုးတက်ကောင်းမွန်အောင် အမြဲကြိုး စားလုပ်ဆောင်နေပါတယ်။ အင်တာ နက်ကို နေ့ခင်းဘက်မှာထက် ညဘက်မှာ ပိုပြီး သုံးစွဲတတ်ကြသူတွေ အတွက်လည်း ဈေးနှုန်းသက်သာတဲ့ ရွေးချယ်မှုတွေကို ပေးချင်ပါတယ်။ ဝန်ဆောင်မှုတွေ တိုးမြှင့်ပြီး သုံးစွဲသူတွေ စိတ်ကျေနပ်မှု ရရှိစေဖို့က MPT ရဲ့ ၂၀၁၆ခုနှစ်အတွက် အဓိကပန်းတိုင်ပါ။အခုဆိုရင် ကျွန်တော်တို့ဟာ ကွန်ရက်ကိုလည်း တိုးချဲ့ခဲ့ပြီး မြန်မာပြည်လူဦးရေရဲ့ ၉၂ ရာခိုင်နှုန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါပြီ။ အခု ပြုလုပ်လိုက်တဲ့ ညသုံး Data Package Promotion နဲ့ဆိုရင် သုံးစွဲသူတွေဟာ မြန် နှုန်းမြင့်အင်တာနက်ကို ဈေးသက်သက်သာသာနဲ့ သုံးစွဲနိုင်မှာပါ။ ဈေးသက်သာတဲ့အတွက်ဖုန်းအင်တာနက်ကို သုံးပြီး ဗီဒီယိုကြည့်တာတွေ၊ ဂိမ်းက စားတာတွေနဲ့ တခြားသောဒေတာ အကုန်မြန်တဲ့ app သုံးစွဲမှုတွေကို စိတ်ကြိုက် သုံးစွဲနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## ကားဈေးကွက် အရောင်းအဝယ်ရှိလာသော်လည်း ပုံမှန်အခြေအနေသို့ ရောက်နိုင်ခြင်းမရှိသေး

ဖေဖော်ဝါရီလ တတိယပတ်အတွင်း ရန်ကုန်ကား ဈေးကွက်အခြေအနေမှာ ယခင်ရက်သတ္တပတ်များထက်စာလျှင် အရောင်းအဝယ်ရှိလာသော်လည်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်လာခြင်းမရှိသေး ကြောင်း သိရသည်။

ကားဈေးကွက်ထဲတွင် တစ်ပိုင်တစ်နိုင်ရောင်းဝယ်သည့် နေရာများ၊ ကားရောင်းဝယ်ရေးစခန်းများ၊ ကားအရောင်းစင်တာ စသည့်နေရာများတွင် လူအဝင် အထွက်ပြန်များနေပြီး အမေးသာများကြောင်း မဖြစ်မနေဝယ်မည့်သူများ၊ အမည်ပေါက်နောက်ဆုံး အကွာရာသုံးစွဲလိုသူများသာ လက်ရှိပေါက်ဈေးတန်းဖြင့် ဝယ်ယူတတ်ကြပြီး အများစုမှာ တစ်တန်း နှစ်တန်းနိမ့်နှင့် ယခင် နှစ်နှစ်ခန့်က အက္ခရာနိမ့်ကားများအား ရှာဖွေဝယ်ယူစီးနင်းလာကြကြောင်း ကားဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

လတ်တလောအခြေအနေမှာ ရန်ကုန်ကားဈေး ကွက်တစ်ခုလုံး အငြိမ်သက်ကြီးမဟုတ်သော်လည်း ကားအရောင်းအဝယ်များမှာ ဌာနဆိုင်ရာများမှ ထုတ်ပြန်ပေးမည့် စီအိုင်အက်(ဖ်)တန်ဖိုးအား စောင့်ဆိုင်းနေကြသဖြင့် ယာယီကားများမှာ ဈေးတန်းတိတိပပသတ်မှတ်ပြီး အရောင်းအဝယ်ပြုလုပ်နိုင်ခြင်း မရှိသလို ဝယ်လက်များကလည်း စီအိုင်အက်(ဖ်) ဈေးတန်းအမှန်မသိရသေးသဖြင့်လည်းကောင်း၊ အပြောင်းအလဲကာလများတွင် မည်သည့် မူဝါဒလာနိုင်သည်ကို မှန်းရခက်နေသဖြင့်လည်းကောင်း၊ ထင်သလောက်အဝယ်မရှိဖြစ်နေကြောင်း ဖေဖော်ဝါရီလအတွင်းမှာလည်း ပြီးခဲ့သည့် နှစ်ဝက်ကျော်ကျော်က တက်ခဲ့သည့် ဒေါ်လာတန်ဖိုးမှာ ထူးခြားစွာ ကျပ် ၆၀ ခန့်ထိ လျော့ကျသွားခဲ့သဖြင့် ကားဈေးကွက်အားသက်ရောက်မှုရှိလာကာ ဈေးတန်းထပ်ကျနိုင်မလားဆိုသည့် မှန်းဆချက်များကြောင့် လူသုံးများ၊ လူကြိုက်များကားများမှာအပ ကားဈေးကွက်တစ်ခုလုံး ယခင်အခြေအနေသို့ မရောက်ရှိသေးကြောင်း ၎င်းတို့မှ ပြောသည်။

သက်ဆိုင်ရာဌာနများမှ စီအိုင်အက်(ဖ်) တန်ဖိုး အား တရားဝင်မထုတ်ပြန်သေးသော်လည်း အကြားသတင်းဖြင့် လတ်တလော အရောင်းအဝယ်လုပ်ရာတွင် အင်ဂျင်ပါဝါကြီးကားများဖြစ်သော ကလူဂျာ၊ စီအာဗီ၊ အာအေဗီ 4၊ အာလ်ဖတ်ကားများ အဝယ်ပြန်ရှိနေပြီး အင်ဂျင်ပါဝါသေး ၁၃၀၀ စီစီနှင့် အောက်ကားများမှာ ဈေးတန်းထူးခြားစွာမပြောင်းလဲသော်လည်း အခွန် မူဝါဒသစ်အရ အမည်ပေါက်ကားများ ယခုကာလအတွင်း အချိန်းအပြောင်း များလာကြောင်း စလစ်ဈေးတန်းပင်လျှင် ၇၆ သိန်းပြန်ရှိလာပြီး ယာဉ်အိုဟောင်း များအား ၇၂ သိန်း/၇၃ သိန်း ဖြင့် စလစ်မထုတ်ခင် ပိုမိုအဝယ်ရှိလာကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | တိုယိုတာ (ဗုရှ်) (၂၀၀၃) (XS) | ယာယီ | ၁၈၅ သိန်း | 1.8 ဓာတ်ဆီ |
| ၃။ | တိုယိုတာဗစ် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | မာဇဒါဒီမီယို (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၁၉၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၁၀၅ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ဗီလ်ဒါ (၂၀၀၂) | အနီ | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၉။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၁၈ သိန်း | 1.3 ဓာတ်ဆီ |

# တရုတ်(တိုင်ပေ)တွင် Myanmar Products Show ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် တရုတ်(တိုင်ပေ) Ministry of Foreign Affairs, Bureau of International Trade တို့ ပူးပေါင်း၍ တိုင်ပေမြို့ World Trade Center တွင် "Myanmar Products Show in Taipei" ကုန်စည်ပြပွဲကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ရက်မှ ၂၀ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၏ ထုတ်ကုန်များဖြစ်သော ကျောက်မျက်ရတနာ၊ စားသောက်ကုန်အမျိုးမျိုး၊ မြန်မာ့ရိုးရာလက်မှုထည်များ၊ သစ်အချောထည်များနှင့် ရေထွက်ကုန်ပစ္စည်းများ စသည့် ကုန်ပစ္စည်းများ ပါဝင်ပြသ နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ လေ့လာလိုသူများနှင့် ပါဝင်တက်ရောက်ပြသလိုသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမှတ် ၂၂၈-၂၄၀၊ ရွှေဘုံသာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၂၅၄၀၂၄၊ ဖက်စ်- ၀၁ ၂၅၄၀၂၃နှင့် Email:itpic.moc@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# မြန်မာ့လက်မှုပညာ စက္ကူအရုပ်ကလေးများအား ပြည်ပသို့တင်ပို့





မြန်မာ့လက်မှုပညာစက္ကူအရုပ်ကလေးများအား ပြည်ပနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ(ယူကေ)သို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

အဲဒီ မြန်မာမှုလက်ရာ စက္ကူအရုပ်ကလေးများအား E Sourcing Ltd မှတင်ပို့တာဖြစ်ပါတယ်။ တင်ပို့တဲ့အရုပ်စုစုပေါင်း ၁၈ မျိုးရှိပြီး စုစုပေါင်း ၅၁၈ ခုရှိတယ်လို့ သိရပါတယ်။

အဆိုပါ စက္ကူအရုပ်ကလေးများမှာ ငှက်၊ ခွေး၊ မြင်းကျား၊ ဆင်၊ ကျား၊ သစ်ကုလားအုတ်နဲ့ ဖိုးဝရုပ်လေး များကို စက္ကူနဲ့ခေါက်ချိုးထားပြီး ဆေးရောင်စုံခြယ်သ ထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ အသေးစား အိမ်တွင်းလက်မှုလုပ်ငန်းများအနေနဲ့ ယခုလို မြန်မာမှုလက်ရာများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခြင်းမှာ ဂုဏ်ယူဖွယ်ရာတစ်ရပ်ပဲဖြစ်ပါတယ်။

**ပို့ကုန်ဌာနစု**

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အတွက် အမှတ်တံဆိပ်ဒီဇိုင်းရေးဆွဲပေးရန်ဖိတ်ခေါ်

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် TDP (Trade Development Program) ကို ဥရောပသမဂ္ဂနှင့် ဂျာမနီအစိုးရတို့က ထောက်ပံ့ပေးသော ရန်ပုံငွေဖြင့် GIZ မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ TDP အတွက် အဖွဲ့အစည်း အမှတ်တံဆိပ် (Logo) အသစ်ပြုလုပ် နိုင်ရန် ဒီဇိုင်းပြိုင်ပွဲတစ်ခုကို ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်သူ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဒီဇိုင်းတစ်ခုသို့မဟုတ် အများဆုံး ဒီဇိုင်းနှစ်ခုအထိ ပေးပို့နိုင်ပြီး JPEG သို့မဟုတ် Photoshop သို့မဟုတ် Illustrator ဖြင့် ပေးပို့ရမည်ဖြစ်သည်။ စာလုံးဒီဇိုင်းနှင့်အရောင်ကန့်သတ်ချက်မရှိ သော်လည်း Trade Development Program ကို အမှတ်တံဆိပ်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်အောင် ရေးဆွဲရမည်။ မိမိရေးဆွဲထားသော အမှတ်တံဆိပ်သည် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စားပြုသော လိုဂိုဖြစ်ရမည်။ ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် အမှတ်တံဆိပ်ဒီဇိုင်းအား အီးမေးလ်ဖြင့်လည်းကောင်း၊ စီဒီဖြင့်လည်းကောင်း၊ အမှတ် ၂၂၈ -၂၄၀ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ TDP ရုံးသို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်ကြောင်း သိရသည်။

ဆုကြေးများအဖြစ် ပထမဆုကျပ်ငွေ ၅ သိန်း၊ ဒုတိယဆု ကျပ်ငွေ ၂ သိန်း၊ တတိယဆုကျပ်ငွေ ၁ သိန်းချီးမြှင့်ပေးမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ဆုရရှိသူများ၏အမည်စာရင်းကို မတ်လ ၁၀ ရက်တွင် အဆိုပါရုံး၌ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက myat-zin@giz.de သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၈၅၃၃၂၇ (လိုင်းခွဲ -၂၀၇) ၊ ဒေါ်မြတ်မေဇင် (ဖုန်း- ၀၉ ၄၅၁၃၀၈၄၃၉) ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ပြိုင်ပွဲဝင်လိုသူ ဝါသနာရှင်များအား အသိပေးလိုက်ရပါတယ်။

**MIRT**

# ဂျပန်ကာတွန်း၊ အင်န်နီမေးရှင်း၊ ဂိမ်းဖန်တီးမှုအနုပညာပြပွဲကျင်းပ



ဂျပန်ကာတွန်း၊ အင်န်နီမေးရှင်း၊ ဂိမ်းဖန်တီးမှုအနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းပြပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံစီးပွားဝန်ကြီး ဦးသန်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး Mr. HIGUCHI TATESHI၊ ဂျပန်နိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး (ကိုယ်စား) Mr. KATOU TAKASHI၊ တိုကျို Asian Art Centre မှ Mr. AOKI TAMOTSU တို့တက်ရောက်ခဲ့ကြသည်။

၎င်းပြပွဲကို မြန်မာနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)နှင့် ဂျပန်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာ အမျိုးသားပြတိုက်တို့မှ ပူးပေါင်းစီစဉ်ပြသခြင်းဖြစ်ပါသည်။ ပြပွဲတွင် ဂျပန်ကာတွန်း (ANIME)၊ ဂိမ်း(VIDEO GAMES)နှင့်ပတ်သက်သည့် အနုပညာဖန်တီးမှုအဖြစ်လွန်ခဲ့သော ၂၅ နှစ်ခန့်မှ ယခုအချိန်အထိ ထွက်ရှိထားသော ဂျပန်ရုပ်ပြဇာတ်လမ်းများ၊ ကာတွန်းနှင့် ဂိမ်း ၄၆ မျိုးကို တင်ဆက်ပြသခဲ့ကြပါသည်။ ဂျပန်အင်န်နီမေးရှင်းနှင့် ၎င်းတို့၏ ယဉ်ကျေးမှုကို ကမ္ဘာမှသိရှိရန်နှင့် ကာတွန်းဇာတ်ကောင်လေးများကို အခြေတည်ပြီး အင်န်နီမေးရှင်း နည်းပညာနှင့်ပေါင်းစပ်၍ ရုပ်ရှင်ဇာတ်လမ်းများဖြစ်လာကြောင်းကိုသိရှိစေရန် ရည်ရွယ်ပြီး ပြသခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၎င်းပြပွဲအား ဖေဖော်ဝါရီ ၁၄ ရက်မှ မတ်လ ၆ ရက်အထိ အမျိုးသားပြတိုက်တွင် အခမဲ့ပြသ မည်ဖြစ်ပြီး ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီလ ၂၀ ရက်နှင့် မတ်လ ၅ ရက်တို့တွင် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီနဲ့ ညနေ ၃နာရီခွဲများတွင် အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းပြပွဲကို လူငယ်ပရိသတ်များ၊ ကျောင်းသူ/ကျောင်းသားများ၊ စိတ်ပါဝင်စားသူများ၊ ကာတွန်းဖန်တီးသူအနုပညာရှင်များ၊ လေ့လာကြည့်ရှုကြောင်း သိရှိရပါသည်။

**KMT**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၂-၂-၂၀၁၆ မှ ၂၈-၂-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မွေးချင်းညီအစ်ကိုမောင်နှမများ အတွက်စောင့်ရှောက်မှုများလုပ်ရမည်။ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆက်ဆံရေးကောင်းမွန်နေမည်။ လုပ်ငန်းရှင်များ လုပ်ငန်းခွင်တွင် အစစအရာရာတိုးတက်မှုရှိလာနိုင်သည်။ အလုပ်အကိုင်အခွင့်အရေးများရတတ်သည်။ ပညာရေးကောင်းမွန်နေမည်။ အချစ်ရေးတွင် ချစ်သူပေါသော်လည်း၊ စိတ်တိုင်းကျမှုအားနည်းနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အင်အားကုန်ခမ်းသော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ကြေးနီရောင်ပစ္စည်းဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** မိမိရည်ရွယ်ထားသောကိစ္စများ အကောင်အထည်ဖော်နိုင်လိမ့်မည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး၊ ငွေကြေးအလုံးအရင်းနှင့် ရရှိခြင်းမျိုးကြုံမည်။ မင်းစိုးရာဇာနှင့်ပတ်သက်သော အခွင့်အရေးရရှိမည်။ စီးပွားဖြစ်ထွန်းမည့်ကာလဖြစ်သည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရှိနေတတ်သည်။ အချစ်ရေးတွင် ချစ်ရသူ၏အသည်းနှလုံးမှ ပေါ်လွင်မှုကို ယုံရခက်ဖြစ်နေလိမ့်မည်။ ကျန်းမာရေးတွင် လေထိုးလေအောင့်ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။နို့သာရောင်ပစ္စည်း ဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** အခြေအနေနှင့် အချိန်အခါကိုကြည့်၍ လုပ်ကိုင်ဆောင်ရွက်နေသော်လည်း စီးပွားရေးလုပ်ငန်းများအောင်မြင်နေမည်။ လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်လာမှုတို့ကြောင့် စီးပွားရေး၊ လူမှုရေးတို့တွင်ရှိနေသော အခက်အခဲများ ကျော်လွှားနိုင်တတ်ပါသည်။ ပညာရေးမှာ လုပ်ငန်းခွင်ပညာရေးတွင် အောင်မှတ်ကောင်းရလိမ့်မည်။ အချစ်ရေးတွင် မမျှော်လင့်သောချစ်သူကြင်ဖက်ရတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်နှင့် အနေအထိုင် ဆင်ခြင်သင့်သောကာလဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ တောက်ပသောအရောင်များ သုံးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူမှုပတ်ဝန်းကျင်တွင် လိုက်လျောညီထွေပေါင်းသင်းဆက်ဆံရေးတို့ကောင်းမွန်သောကြောင့် ချစ်ခင်သူပေါများနေလိမ့်မည်။ အကျိုးဆောင်လုပ်ငန်း အထူးကောင်းမွန်နေလိမ့်မည်။ ပညာရေးတွင် မျှော်လင့်ရည်ရွယ်ထားသော ပညာရေးကိုရရှိလိမ့်မည်။ အချစ်ရေးတွင် မထင်မှတ်သော သူ၏မေတ္တာကိုရရှိမည်။ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးနေတတ်ပါသည်။ ကျန်းမာရေးတွင် အပူလွန်ကဲသော ဝေဒနာခံစားရတတ်သည်။ ဆေးကုသပါကလည်း ပျောက်ကင်းလွယ်တတ်ပါသည်။ နာတာရှည်မဖြစ်နိုင်ပါ။

**ယတြာ။ ။ ဖက်ဖူးရောင်ပစ္စည်းသုံးပါ။**



**ကြာသပတေးသားသမီးများအတွက်** ပတ်ဝန်းကျင်အသစ်များ၏ ဖိအားပေးမှုကြောင့် စီးပွားရေးလုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ငွေကြေးဥစ္စာပစ္စည်းများ အလုံးအရင်းနှင့်ရရှိမည်။ ပညာရေးတွင် အတတ်ပညာဟူသမျှ ဉာဏ်ရည်ဉာဏ်သွေးပေါ်မူတည်၍ အောင်မြင်မှုများရရှိမည်။ အချစ်ရေးနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုအားနည်းနေလိမ့်မည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်အစာအိမ်၊ အကြောတို့နှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သောသဘောရှိနေတတ်ပါသည်။

**ယတြာ။ ။ ရွှေအိုရောင်ပစ္စည်းသုံးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အရာရာကိုသံသယထားနေမည်။ ဆုံးဖြတ်ချက်ချမည်ဆိုလျှင် မပြတ်မသားဖြစ်နေတတ်မည်။ လျှို့ဝှက်၍ကြံစည်လုပ်ကိုင်ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းတို့အောင်မြင်တိုးတက်မှုရလာတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်သော တိုးတက်မှုထူးခြားမှုမရှိသေးသော်လည်း လိုအပ်ချက်များ ကို သင်ယူလေ့ကျင့်နေရတတ်ပါသည်။ အချစ်ရေးတွင် မိသားစုဘဝတိုက်ပွဲ ဆင်နွှဲနေရလိမ့်မည်။ ကျန်းမာရေးကောင်းမွန်နေမည်။ ထူးခြားသောဝေဒနာမရှိပါ။

**ယတြာ။ ။ အဖြူရောင်ပစ္စည်းများကိုသုံးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ငွေကြေးလုပ်ငန်းနှင့် အရှုံးပေါ်တတ်သည်။ အောင်မြင်မှုများကို သိုသိုသိပ်သိပ်ဖြင့်ရရှိလိမ့်မည်။ လူမျိုးခြားများနှင့်တွဲဖက်စပ်တူလုပ်ငန်း အကျိုးပြုမည်။ ပင်ပန်းရသော အကျိုးခံစားရမှုအားကောင်းလိမ့်မည်။ ပညာရေးတွင် အတွေးအခေါ်ဉာဏ်ရည်ကောင်းသဖြင့် စာတော်သူဖြစ်နေတတ်သည်။ အချစ်ရေးတွင် ချစ်သူဝိုင်းဝိုင်းလည်နေမည်။ ကျန်းမာရေးအနေဖြင့် အင်အားကုန်ခမ်းနွမ်းနယ်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ခရမ်းရောင်ပစ္စည်းများအသုံးပြုပါ။**

# ယခုနှစ် ငါးသလောက်ဈေးမှာ ယမန်နှစ်ထက် ဈေးပိုရ

မြန်မာနိုင်ငံဟာ ရေသယံဇာတ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပြီး မြစ်ချောင်းအင်းအိုင် ပင်လယ်ပြင်ဧရိယာ အကျယ်အဝန်းနဲ့ ရေလုပ်ငန်းကဏ္ဍထုတ်လုပ်တဲ့ မြန်မာ့ကမ်းရိုးတန်းဒေသကို ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES ) တွင် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ရေထွက်ကုန်ထုတ်လုပ်မှုအနေဖြင့် အာဆီယံဒေသအဆင့် (၄) မှာ ရှိနေပြီး ကမ္ဘာတွင် အဆင့် (၁၄)မှာရှိပါတယ်။

ဖျာပုံမြို့နယ်ဟာ ပင်လယ်နဲ့ အလွန်နီးစပ်တဲ့မြို့ဖြစ်ပြီး ဖျာပုံမှ ရေကြောင်းဖြင့် သုံးမိုင်ခန့်သွားရင် ပင်လယ်ဝသို့ ရောက်ရှိပါတယ်။ ဒေါ်ငြိမ်း၊ ကဗျက်၊ ပက်ပြ၊ နောက်မီး၊ ဘုန်းကြီးသောင်၊ ကုလားထိပ်၊ အောင်လံ၊ ရွှေလှေကျင်း၊ ကဒုံကနီစတဲ့ ကျေးရွာများဟာ ပင်လယ်ကိုအားပြုပြီး စားသောက်နေထိုင်ကြတဲ့ ကျေးရွာများပဲဖြစ်ပါတယ်။

ဖျာပုံမြို့နယ်ရှိ ရေလုပ်ငန်းရှင်များဟာ ရာသီအလိုက်ငါးအမျိုးအစားအလိုက် ရှာဖွေလျက်ရှိရာ ယခုအချိန်အခါသည် ငါးသလောက်အမိအရများတဲ့ လရာသီဖြစ်ပါတယ်။ ပင်လယ်ငါးဖမ်းလုပ်ငန်းများကို မတ်လ ဒုတိယပတ်ကစပြီး ဧပြီလကုန်အထိ လုပ်ငန်းရပ်နားကြကာ မေလမှာ ပြန်လည်လုပ်ကိုင်ကြတယ်လို့ သိရပါတယ်။

“ငါးသလောက်ရာသီက နောက်လေးငါးရေလောက်ပဲကျန်တော့တယ်၊ လနဲ့ပြောမယ်ဆိုရင် မတ်လ ပထမပတ်အထိပါပဲ၊ တချို့လုပ်ငန်းရှင်တွေက ဒုတိယပတ်အထိ ထွက်ကြတယ်၊ ဧပြီလမှာတော့ လုံးဝမထွက်ကြ ဘူး၊ နားကြတယ်၊ ပိုက်တွေဖာသင့်တာဖာ၊ လဲသင့်တာလဲပေါ့။ ငါးဖမ်းယာဉ်တွေလည်း ပြုပြင်ရတယ်၊ အလုပ် သမားကိစ္စတွေလည်းရှိတယ်၊ တချို့က မလုပ်တော့ဘူး၊ နောက်တစ်နေရာ ပြောင်းလုပ်ကြတယ်၊ အဲဒီအခါကျရင် အလုပ်သမားအသစ်ရှာရတယ်။ တစ်နှစ်နဲ့တစ်နှစ် ငါးဖမ်းရတာလည်း မလွယ်ကူတော့ဘူး၊ ပင်လယ်မှာ ရာသီဥတုက မမှန်တော့ ငါးတွေကလည်း လမ်းကြောင်းပြောင်းပြောင်းသွားကြတယ်။ ဒီနှစ်ဆို စိန်ပိုက်ကငါးမိပြီး ဆွဲပိုက်တွေက ငါးမရဘူး၊ စိန်ပိုက်ချတဲ့လုပ်ငန်းရှင်တွေ ဒီနှစ်တော်တော်အလုပ်ဖြစ်ကြပါတယ်”လို့ ကမ်းနီးကမ်းဝေး ငါးအဝယ်ဒိုင်လုပ်ငန်းရှင် ဦးရှမ်းလေးထံမှ သိရပါတယ်။

ယခုနှစ် ငါးသလောက်ဈေးမှာ မနှစ်ကထက် တစ်ပိဿာကို ၂၀၀၀ ကျပ်လောက်ဈေးပိုရပြီး ယနေ့ငါးသလောက်ပေါက်ဈေးတွေမှာ အကောင်အရွယ်အစား ၁၆၀၀ ဂရမ်အထက် တစ်ပိဿာကို ၂၁၀၀၀ ကျပ်၊ ၁၂၀၀ ဂရမ်အထက်မှ ၁၆၀၀ ဂရမ်အကြားကို ၁၈၀၀၀ ကျပ်၊ ၁၀၀၀ ဂရမ်အထက်မှ ၁၂၀၀ ဂရမ်ကြား ၁၆၀၀၀ ကျပ်၊ ၈၀၀ ဂရမ်အထက်မှ ၁၀၀၀ ဂရမ်ကြား ၁၄၀၀၀ ကျပ်၊ ၅၀၀ ဂရမ်အထက်မှ ၈၀၀ ဂရမ်ကြား ၉၅၀၀ ကျပ်၊ ၃၀၀ ဂရမ်အထက်မှ ၅၀၀ ဂရမ်ကြား ၆၀၀၀ ကျပ်၊ ၂၀၀ ဂရမ်အထက်မှ ၃၀၀ ဂရမ်ကြား ၄၂၀၀ ကျပ်ဈေး အသီးသီးရှိကြောင်း သူကပြောပါတယ်။

ဒီနှစ် ငါးသလောက်ကုန်အနေနဲ့ ဂရမ် ၁၀၀၀ အောက်အရများပြီး ၁၀၀၀ ဂရမ်အထက်ရှိငါးသလောက်က အရနည်းတယ်လို့ ၎င်းလုပ်ငန်းရှင်က ဆိုပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

# ယင်းမာပင် သားငါးဈေးကွက် နှစ်ဝက်အတွင်းဈေးငြိမ်

ယင်းမာပင်မြို့ဟာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်လာလို့ ဝန်ထမ်းဦးရေများပြားလာခြင်း၊ လုပ်သားဦးရေတိုးတက်လာခြင်းများကြောင့် အသား၊ ငါး ရောင်းအားပိုမိုသွက်လက်လာကာ ယခင်ကထက်ဆိုင်များ တိုးချဲ့ဖွင့်လာကြပါတယ်။

“ဈေးထဲမှာရှိတဲ့ အသား၊ ငါးဆိုင်တွေက နံနက် ၁၀ နာရီကျော်ကျော်လောက်ဆို အရောင်းမရှိတော့ဘူး၊ အိမ်မှာဖွင့်ပြီး နေကုန်ရောင်းတဲ့ ဆိုင်ကတော့ ကျွန်မတို့အပါအဝင် ၃-၄ ဆိုင်လောက်ရှိတယ်။ တစ်ခါတစ်လေ အော်ဒါမှာလို့ ၅-၁၀ ပိဿာထိရောင်းရတာ ရှိတယ်။ ဒီလိုအရောင်းသွက်လာလို့လည်း ဈေးတင်ရောင်းတာ မလုပ်ပါဘူး၊ အရင်ဈေးတွေ တိုင်းပဲ၊ စီပီ တစ်ပိဿာ ၆၀၀၀ ကျပ်၊ အိမ်ကြက် ၈၀၀၀ ကျပ်၊ လည်ချောင်း၊ တောင်ပံ၊ ခြေထောက်အစုံ တစ်ပိဿာ ၂၅၀၀ ကျပ်၊ ငါးမြင်း၊ ငါးမုတ် ၄၀၀၀ ကျပ်၊ ငါးကြင်း ၅၂၀၀ ကျပ်ပါ။ ခုရက်ပိုင်းမှာတော့ ငါးခုံးမ (တစ်ထွာကျော်ခန့်) နဲ့ ပုစွန်ကျော့ထပ်ပြီး အမှာတင်ထားပါတယ်။ ငါးအားလုံးကတော့ ရန်ကုန်ဈေးကွက်ကချည်းပါပဲ။ ငါးခုံးမ တစ်ပိဿာ ၂၇၀၀ ကျပ်နဲ့ ပုစွန်ကျော့ က ၈၀၀၀ ကျပ်ဈေးရောင်းပါတယ်” လို့ သားငါးဆိုင်ရှင်တစ်ဦးက ပြောပါတယ်။

အသားငါးဈေးနည်းတူ ဝက်သား ၇၂၀၀ ကျပ်-၁၀၀၀၀ ကျပ်၊ ဆိတ်သား ၁၂၀၀၀ ကျပ်ဈေးပါပဲ။ လွန်ခဲ့တဲ့ ခြောက်လလောက်ကဈေးနဲ့ မပြောင်းလဲပါဘူးလို့ ထပ်မံပြောပြတာကြောင့် စားသုံးနှုန်းမြင့်လာသလို ဈေးကွက်ဖြည့်တင်းနိုင်မှုရှိလို့ ဈေးငြိမ်နေကြောင်း သိရပါတယ်။

**ယင်းမာပင်**

# အင်းတော်မြို့နယ်အတွင်း သင်ဖြူးဖျာလုပ်ငန်းဖြင့် ဒေသတွင်းအလုပ်အကိုင်များရရှိပြီး မိသားစုဝင်ငွေရနေ

အင်းတော်မြို့နယ် ညောင်ကုန်းကျေးရွာဟာ ကချင်ပြည်နယ်စပ်မှာရှိပြီး အလွန်ခေါင်တဲ့ ရွာလေးဖြစ်ပေမယ့် ဒေသထွက်ကုန် သင်ဖြူးဖျာများ ဈေးကွက်ထိုးဖောက်နာမည်ရလာလို့ ဒေသတွင်းအလုပ်အကိုင်များ ရရှိနေကြ ပါတယ်။

ပွင့်လင်းရာသီ ပူပြင်းလာပြီဖြစ်လို့ သင်ဖြူးဖျာကို မိသားစုတိုင်းသုံးကြပါတယ်။ လုပ်ငန်းစတင်ချိန်က မိသားစု တစ်ပိုင်တစ်နိုင်ပါပဲ။ အခုဒေသတွင်းနဲ့ မန္တလေး၊ မုံရွာ၊ ရွှေဘို၊ ဗန်းမော်စတဲ့ မြို့ကြီးများက အလုံးရင်း လာဝယ်နေလို့ စီးပွားဖြစ် ရင်းနှီးလုပ်ကိုင်နေကြတာ တွေ့ရပါတယ်။ လုပ်သားအများစုက အိမ်နေအမျိုးသမီးများဖြစ်တယ်လို့ သိရပါတယ်။

သင်ဖြူးဖျာရက်လုပ်တဲ့ သင်ပင်ကို သဘာဝမိုးသစ်တောစိမ့်မြေများမှာ တွေ့ရပါတယ်။ ကုန်ကြမ်းသင်ပင် တစ်လက်မလုံးပတ် ခြောက်ပေ ဆယ်လုံးပါတစ်စည်း ငါးထောင်ကျပ်နဲ့ ဝယ်ပါတယ်။ ဒီတစ်စည်းက ငါးပေခွဲ၊ သုံးပေခွဲသင်ဖျာသေးနှစ်ချပ်ရပါတယ်။ တစ်ချပ်ရွာဈေး ၇၅၀၀ ကျပ်နဲ့ ၁၅၀၀၀ ကျပ်၊ အရင်းနုတ် ၁၀၀၀၀ ကျပ် မိသားစုဝင်ငွေရပါတယ်။ တစ်ရွာလုံး ရက်တယ်၊ တစ်အိမ် နှစ်ချပ်ပုံမှန်ရတယ်။ မိသားစု ၁၂၂ စု မှာ အချပ် နှစ်ရာကျော် တစ်စုထဲရတဲ့ဈေးကွက်ဖြစ်နေတယ်လို့ ကျေးရွာအုပ်ချုပ်ရေးမှူးထံက သိရပါတယ်။

ဈေးကွက်ရှိလာပြီးနောက်ပိုင်း အနီးနားကျေးရွာ ရှစ်ရွာမှာ သင်ဖြူးဖျာရက်လုပ်နေပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိသလို မိသားစုဝင်ငွေလည်း ရှိနေတယ်လို့ သိရပါတယ်။

**ကြည်နိုင်ဦး- အင်းတော်**

# မြို့ကြီးများ၏ ၂၂-၂-၂၀၁၆ မှ ၂၆-၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၂-၂-၂၀၁၆) | အင်္ဂါ(၂၃-၂-၂၀၁၆) | ဗုဒ္ဓဟူး(၂၄-၂-၂၀၁၆) | ကြာသပတေး(၂၅-၂-၂၀၁၆) | သောကြာ(၂၆-၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| ရန်ကုန်မြို့ | နေသာ ၃၇°C/၉၇°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| မန္တလေးမြို့ | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| မြစ်ကြီးနား | နေသာ ၃၂°C/၈၉°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| လားရှိုး | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| ကျိုင်းတုံ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၀°C/၈၆°F |
| လွိုင်ကော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| တောင်ကြီး | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၀°F | နေသာ ၂၆°C/၇၀°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F |
| ဘားအံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မုံရွာ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| ပုသိမ် | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| မြိတ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၅°C/၇၇°F | နေသာ ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |

## ရေခန်းခြောက်မှုများကြောင့် အာဖရိကတိုက်တောင်ပိုင်းရှိဒေသများတွင် လူပေါင်း ၄၉သန်းကျော် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်

ယခုနှစ်အတွင်း အယ်လ်နီညိုရာသီဥတု ပိုမိုဆိုးရွားလာမှုကြောင့် အာဖရိကတိုက် တောင်ပိုင်းဒေသများတွင် မိုးခေါင်ရေရှားမှုပြဿနာများနှင့်ရင်ဆိုင်ကြုံတွေ့နိုင်သဖြင့် လူပေါင်း ၄၉ သန်းကျော်အထိ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်က ထုတ်ပြန်ကြေညာခဲ့သည်။

အယ်လ်နီညိုဖြစ်ပေါ်မှုသည် နှစ်ပေါင်း ၃၅ နှစ်အတွင်း အဆိုးရွားဆုံးအခြေအနေနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး ရေရှားပါးမှုပြဿနာများနှင့်လည်း ကြုံတွေ့ရမည်ဖြစ်သည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

“အခုလက်ရှိအခြေအနေအရ အာဖရိကတောင်ပိုင်းဒေသတွေမှာ အစာရေစာပြတ်လပ်မှုဒဏ်ကို ခံစားနေရတဲ့ပြည်သူက ၁၄ သန်းကျော်ရှိနေပါပြီ။၁၉၈၁ခုနှစ် ဒီဇင်ဘာနဲ့အောက်တိုဘာလအတွင်းမှာ ရရှိတဲ့မိုးရေချိန်က အနည်းဆုံးဖြစ်ခဲ့ပါတယ်။ အဲဒီမိုးရေချိန်ဟာ ဒီနှစ်မှာရရှိခဲ့တဲ့မိုးရေချိန်နဲ့အတူတူပါပဲ။ ဒါကြောင့် ဒီနှစ်မှာ ရေရှားပါးမှု ပြဿနာတွေ၊စားနပ်ရိက္ခာပြတ်လပ်မှု ပြဿနာတွေနဲ့ ရင်ဆိုင်နေရဦးမှာပါ”ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသတွင် နေထိုင်သည့် လူပေါင်း သန်း ၄၀ ကျော်နှင့် မြို့ပြဒေသများတွင် နေထိုင်ကြသည့် ဆင်းရဲသည့်ပြည်သူ၉သန်းကျော်မှာ ရေရှားပါးသည့်ပြဿနာကို ရင်ဆိုင်နေကြရသည်ဟု WFP က ပြောကြားခဲ့သည်။

အာဖရိကတိုက်တောင်ပိုင်းရှိ နိုင်ငံများအနက် လီဆိုသို၊ ဆွာဇီလန်၊ ဇမ်ဘီယာနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင် မိုးရွာသွန်းမှုနောက်ကျသဖြင့် သီးနှံများကို နှစ်လခန့်နောက်ကျပြီးမှ စိုက်ပျိုးခဲ့ရကြောင်း၊ ထို့ပြင်ပြောင်းဖူးစေ့စိုက်ပျိုး မှုတွင်လည်း ရေရရှိမှုနည်းပါးသဖြင့် ထိခိုက်မှုများရှိခဲ့ကြောင်း WFP ၏ သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## နယူးဇီလန်နိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်ခတ် နောက်ဆက်တွဲ ငလျင်များလည်း ဆက်တိုက်လှုပ်ခတ်လျက်ရှိ

နယူးဇီလန်နိုင်ငံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲ ငလျင်အများအပြား လှုပ်ခတ်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါ အင်အားပြင်းငလျင် လှုပ်ခတ်ပြီး လေးရက်အကြာ ဖေဖော်ဝါရီ ၂၀ ရက်နံနက်ပိုင်းတွင် အင်အားရစ်ချ်တာစကေး ၄ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်သည် နယူးဇီလန်မြို့၏ကမ်းခြေဒေသနှင့် အောက်ကလန်ကျွန်း၏ အနောက်မြောက်ပိုင်း ၂၁၉ကီလိုမီတာအကွာအဝေး ကို ဗဟိုပြု၍လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့၏ သတင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နယူးဇီလန်နိုင်ငံတောင်ပိုင်းရှိ ခရစ္စချာ့ချ်မြို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ သို့သော် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုများ မရှိခဲ့ဘဲ အဆောက်အဦများအတွင်းရှိ စာအုပ်စင်များ လဲပြိုကျခြင်း၊ စူပါမားကက်များအတွင်းရှိ စင်များ လဲပြိုကျခြင်းတို့သာ ဖြစ်ပေါ်ခဲ့ကြောင်း၊ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်သည့်နေ့သည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၈၅ ဦးသေဆုံးခဲ့ရသည့် ငါးနှစ်မြောက်နှစ်ပတ်လည်နေ့မတိုင်မီ တစ်ပတ်အလိုတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် နယူးဇီလန်နိုင်ငံပြည်သူများ အံ့သြတုန်လှုပ်နေကြသည်ဟု ဆိုသည်။

အဆိုပါ အင်အားပြင်းငလျင်လှုပ် ခတ်ပြီးနောက် လေးရက်မြောက်နေ့တွင် အဆိုပါမြို့၌ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုထပ်မံ လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းကဲ့သို့ ငလျင်လှုပ်ခတ်မှုများကြောင့် နယူးဇီလန်နိုင်ငံ၊ စန်တာဘူရီမြို့တွင် ယခုနှစ်အတွင်း နောက်ထပ်အင်အားပြင်း ငလျင်များ ထပ်မံ လှုပ်ခတ်နိုင်သေးကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံသည် Ring of Fire ဒေသတစ်ခုဖြစ်ရာ တစ်နှစ်လျှင် အသေးစားငလျင်ပေါင်း ၁၅၀၀၀ ကျော်လှုပ်ခတ်လေ့ရှိကြောင်း သိရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.8 Monday February 22 2016

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နယ်သာလန်နည်းပြဟောင်း မစ္စတာရိုင်နာတို့ စာချုပ်ချုပ်ဆို အာဆီယံအမျိုးသမီးချန်ပီယံရှစ် ရလဒ်ပေါ်မူတည်၍ စာချုပ်သက်တမ်းကို ပြန်လည်ဆန်းစစ်မည်ဟုဆို



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက်နည်းပြချုပ်အဖြစ် နယ်သာလန်နည်းပြဟောင်း မစ္စတာရိုင်နာကို ခေါ်ယူခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် နယ်သာလန်နည်းပြဟောင်း မစ္စတာရိုင်နာတို့၏စာချုပ်ချုပ်ဆိုပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ်နှင့် အထွေထွေအတွင်းရေးမှူး ဦးသန်းဇော်၊ မစ္စတာရော်ဂျာရိုင်နာနှင့် အသိသက်သေများအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း ကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ အမျိုးသားလက်ရွေးစင်အသင်းနည်းပြချုပ်မစ္စတာ ဂတ်ဆီဇီတို့က ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စာချုပ်သက်တမ်းကို ဇူလိုင်နှင့်သြဂုတ်လအတွင်းကျင်းပမည့် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပပြီးစီးသည်အထိသာ သတ်မှတ်ထားပြီး ၎င်းပြိုင်ပွဲတွင် ရရှိသည့်ရလဒ်အပေါ်မူတည်၍ စာချုပ်သက်တမ်းကို ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာချုပ်ချုပ်ဆိုပွဲအပြီးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်သစ်ဖြစ်လာသူ မစ္စတာရိုင်နာက"မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှာ နည်းပြချုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တာဟာ ကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သလို မြန်မာကစားသမားတွေမှာ အရည်အချင်းကောင်းတွေရှိတာကြောင့် အောင်မြင်မှုလည်း ရရှိလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ဇူလိုင်လမှာကျင်းပမယ့် အာဆီယံအမျိုး သမီးချန်ပီယံရှစ်ပြိုင်ပွဲမှာလည်း အကောင်းဆုံးရလဒ်ကို ရရှိလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်အသင်းတွေကို အနိုင်ရမယ်လို့လည်း ယုံကြည်ထားပါတယ်။ အာဆီယံဒေသတွင်းမှာ မြန်မာအသင်းကို ထိပ်ဆုံးမှာ ပြန်မြင်ချင်နေတဲ့ ပရိသတ်တွေရဲ့ဆန္ဒကိုလည်း ကျွန်တော်ဖြည့်ဆည်းပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။



# ၂+၁ စည်းမျဉ်းသစ်သည် အေအက်ဖ်စီပြိုင်ပွဲဝင်အသင်းများကို အခက်တွေ့စေသည်ဟု ရန်ကုန်ယူနိုက်တက်နည်းပြချုပ် မာယန်းဆို

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယခုနှစ်တွင် စတင်ကျင့်သုံးခဲ့သည့် ပွဲကစားချိန်အတွင်း နိုင်ငံခြားသား ကစားသမားသုံးဦးသာ အသုံးပြုခွင့်ပေးထားသည့်စည်းမျဉ်းသည် အေအက်ဖ်စီနှင့် အေစီအယ်လ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ကို အခက်တွေ့စေကြောင်း ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် မာယန်းက ပြောကြားခဲ့ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အေအက်ဖ်စီနှင့် အေစီအယ်လ်ပွဲစဉ်များတွင် ကျင့်သုံးနေသည့် နိုင်ငံခြားသား ကစားသမားခွင့်ပြုသည့်စည်းမျဉ်းမှာ ၃+၁ဖြစ်သည့်အတွက် မြန်မာနေရှင်နယ်လိဂ်တွင် ကျင့်သုံးနေသည့် ၂+၁ စည်းမျဉ်းဖြင့် ယှဉ်ပြိုင်နေကြသည့် အသင်းများဖြစ်သည့် ဧရာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့အနေဖြင့် ယင်းပွဲစဉ်များအား သွားရောက်ယှဉ်ပြိုင်ရာတွင် ကစားကွက် အပြောင်းအလဲဖြစ်သွားသည့်အတွက် အခက်တွေ့နိုင်ကြောင်း ၎င်းကရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် အေစီအယ်လ် ရှုံးထွက်ပွဲစဉ်တစ်ပွဲဖြစ်သည့် ချောင်ဘူရီနှင့်ပွဲတွင် နိုင်ငံခြားသား ကစားသမားလေးဦးစလုံးကို အသုံးပြုခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ သို့သော် ပြည်တွင်းပြိုင်ပွဲများတွင်ယှဉ်ပြိုင်နေသည့်ခြေစွမ်းများထက် ပိုမိုကောင်းမွန်ခဲ့ကြောင်း၊ ဧရာဝတီယူနိုက်တက်အသင်းသည်လည်း အေအက်ဖ်စီပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

# နိုင်ငံခြားသားနည်းပြများကို အချိန်ပေးရန် လိုအပ်ဟု သုံးသပ်

မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအနေဖြင့် နိုင်ငံခြားသားနည်းပြများကို အချိန်တစ်ခုပေးရန်လိုအပ်သည်ဟု နိုင်ငံခြားသား နည်းပြအချို့က သုံးသပ်ခဲ့ကြသည်။ ၂၀၁၆ ဘောလုံးရာသီတွင် ၆ ပွဲသာ ကစားထားရသေးသော်လည်း မြန်မာနေရှင် နယ်လိဂ်ကလပ်အသင်းကြီးများတွင် နည်းပြအပြောင်းအလဲများရှိခဲ့ပြီး ရန်ကုန်အသင်းမှ ဘရာဇီးနည်းပြ အီမာဆင်၊ ရှမ်းယူနိုက်တက်အသင်းမှ ဘရာဇီးနည်းပြ ရူသာတို့ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

"နည်းပြတိုင်းမှာ သူ့ရဲ့စွမ်းဆောင်ရည်ကိုပြသဖို့အချိန်လိုပါတယ်။ ဒါမှလည်း သူလိုချင်တဲ့ ကစားသမားတွေကိုခေါ်မယ်။ အသင်းကို ပြင်ဆင်နေရာချမယ်။ ပွဲကစားတဲ့အချိန်မှာ အသင်းကို ဘယ်လိုကိုင်တွယ်မယ်။ ဒါတွေအားလုံး သေချာလုပ်ပြီး အောင်မြင်မှုမရခဲ့ဘူးဆိုမှ အသင်းနဲ့လမ်းခွဲတာမျိုး ဖြစ်သင့်ပါတယ်။ ဒီနိုင်ငံကနည်းပြမှ မဟုတ်ပါဘူး။ ဘယ်နည်းပြပဲဖြစ်ဖြစ် သူ့အတွက် အချိန်လိုပါတယ်"ဟု ရန်ကုန်ယူနိုက်တက်အသင်းနည်းပြ မာယန်းက သုံးသပ်ခဲ့သည်။

၂၀၁၆ ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းအများစုမှာ အောင်မြင်မှုရရှိရန်အတွက် ငွေကြေးသုံးစွဲမှုများ ပြုလုပ်ထားပြီး ပြိုင်ပွဲမှာပြိုင်ဆိုင်မှုပြင်းထန်နေသလို မထင်မှတ်သော ရလဒ်များလည်း ထွက်ပေါ်လျက်ရှိသည်။ ယခုနှစ်မြန်မာနေရှင်နယ်လိဂ်တွင် အသင်း ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အသင်း ၆ သင်းက နိုင်ငံခြားသားနည်းပြနှင့် နည်းစနစ်ဒါရိုက်တာများကို ခေါ်ယူထားသည်။

"ဒီရာသီမှာ အသင်းတိုင်းက ပြင်ဆင်မှုတွေ ကောင်းလာတာနဲ့အမျှ နည်းပြတွေမှာလည်း စိန်ခေါ်မှုတွေများလာပါတယ်။ လိဂ်က သတ်မှတ်လိုက်တဲ့ နိုင်ငံခြားသားသုံးယောက် စည်းမျဉ်းကလည်း အသင်းတွေအနေနဲ့အနိုင်ရဖို့ ပိုခက်လာပါတယ်။ ကလပ်အသင်းကြီးလေ ငွေကြေးပိုသုံးလေ ပြင်ဆင်မှုတွေ များများလုပ်လေ အောင်မြင်မှုကို ပိုလိုချင်လာပါတယ်။ ကမ္ဘာမှာလည်း အဲဒီလိုတွေ ဖြစ်နေပါတယ်။ ဒီရာသီက နည်းပြတွေရောအသင်းတွေအတွက်ပါ ခက်ခဲတဲ့ရာသီပါပဲ"ဟု ဇေယျာရွှေမြေအသင်းမှ ပေါ်တူဂီလူမျိုးနည်းပြ ဖေဘီယာနိုကလည်း ပြောသည်။

၂၀၁၆ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၆)အပြီးတွင် အမှတ်ပေးဇယားကို ရတနာပုံက ဦးဆောင်နေပြီး ဟံသာဝတီ၊ ဇွဲကပင်တို့က ဒုတိယနှင့် တတိယနေရာများတွင်အသီးသီးရပ်တည်နေသည်။

လက်ရှိပွဲစဉ်(၆)ပွဲကစားပြီးချိန်အထိ ဆောက်သမ်းအသင်းက နိုင်ပွဲလုံးဝမရရှိသေးဘဲ သွင်းဂိုး နှစ်ဂိုးသာရထားပြီး ပော်ရီဇွန်အသင်းကလည်း နိုင်ပွဲတစ်ပွဲသာ ရရှိထားသဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

# နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ပြီးနောက် နည်းပြချုပ် ရူသာကို ရှမ်းယူနိုက်တက် စာချုပ်ဖျက်သိမ်း

ရှမ်းယူနိုက်တက် အသင်းသည် ၂၀၁၆ ဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေမှုကြောင့် အသစ်ခေါ်ယူခဲ့သောဘရာဇီးလူမျိုးနည်းပြချုပ် ရူသာနှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဘရာဇီးလူမျိုးနည်းပြ ရူသာသည် ယခုနှစ်ဘောလုံးရာသီတွင် ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့လာခဲ့သော်လည်း ၎င်းတာဝန်ယူကိုင်တွယ်သည့် ကာလအတွင်းတွင် တစ်ပွဲနိုင်၊ သုံးပွဲ သရေ၊ ရှုံးပွဲနှစ်ပွဲ ရလဒ်ကိုသာ ပိုင်ဆိုင်ထားနိုင်ခဲ့သဖြင့် ရလဒ်များဆိုးရွားနေခဲ့ခြင်းဖြစ်သည်။

"အဓိက ကတော့ ရလဒ်ပိုင်းမှာ ဆိုးရွားနေလို့ လမ်းခွဲခဲ့တာပါ။ လျော်ကြေးအနေနဲ့ ပေးရတာမျိုးမရှိပါဘူး။ စာချုပ် ချုပ်ဆိုကတည်းက အသင်းအောင်မြင်မှုမရရင် စာချုပ်ပြန်ဖျက်သိမ်းမယ်ဆိုတာ ပါပါတယ်။ အခုလည်း နှစ်ဦးသဘောတူလမ်းခွဲတဲ့ သဘောမျိုးပါပဲ။ လက်ရှိမှာတော့ အသင်းကို ဦးစိုးမြတ်မင်းကပဲ ဆက်လက်တာဝန်ယူသွားမှာပါ။ နိုင်ငံခြားသားနည်းပြထပ်ခန့်ဖို့ မရှိပါဘူး။ ရူသာနဲ့အတူပါလာတဲ့ ကြွံခိုင်ရေးနည်းပြကတော့ ဆက်ရှိသွားမှာပါ"ဟု ရှမ်းယူနိုက်တက်အသင်း၏ အတွင်းရေးမှူး ဦးဝင်းမြင့်ဦးက ပြောကြားခဲ့သည်။



ရူသာသည် ထိုင်းပရီးမီးယားလိဂ်ကလပ် တီအိုတီအသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ဖူးပြီး ရှမ်းယူနိုက်တက်သို့ ပြောင်းရွှေ့လာသူဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် လက်ရှိတွင် အသင်း၏နည်းစနစ်ဒါရိုက်တာ ဦးစိုးမြတ်မင်းကို နည်းပြချုပ်ရာထူးသို့ ပြောင်းလဲပေးအပ်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဖြစ်ရန်ရည်မှန်းကာ ငွေကြေးစံချိန်တင်သုံးစွဲခဲ့သော်လည်း မြန်မာနေရှင်နယ်လိဂ် ပွဲစဉ် ခြောက်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ်ခြောက်မှတ်သာ ရရှိထားကာ အမှတ်ပေး ဇယား၏ အဆင့် ၆နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

# ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းရဲ့ ကြီးကြပ်မှုဖြင့် ယင်းမာပင်ခရိုင်ဦးစီးမှူး ဦးသန်းပိုနှင့် ဝန်ထမ်းများက ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများအတွက် အန္တရာယ်ဖြစ်စေတတ်သည့် အစားအစာများစားသုံးခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများနဲ့ အာဟာရဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ခွဲခြားသိရှိစေပြီး ရွေးချယ်စားသုံးတတ်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို ဆားလင်းကြီးမြို့နယ်ရှိ စာသင်ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆားလင်းကြီးမြို့နယ်ရှိ ပန်းထူးကံကြီးတော၊ သမ္မတော၊ ရွှေသမင်၊ လင်းစားကျက်၊ ရင်ပေါင်တိုင်၊ ဘုတ်စုနဲ့ ခွန်သာကျေးရွာတို့ရှိ အထက်တန်းကျောင်းခွဲ၊အလယ်တန်းကျောင်းခွဲနဲ့ မူလတန်းလွန်ကျောင်း ရှစ်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၃၃၇ ဦး၊ ဆရာ၊ ဆရာမ ၉၉ ဦး၊ကျောင်းသားမိဘ ၃၅ ဦးနှင့် ကျောင်းစေ့သည်နှစ်ဦး၊ စုစုပေါင်း ၂၄၇၃ ဦး တက်ရောက်ခဲ့ကြပါတယ်။ ပညာပေး လက်ကမ်းစာစောင် ၉၀၀ စောင်၊ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ခွင့်မပြု ဓာတုဆိုးဆေးပါ မုန့်အမည်စာရင်း စာရွက်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ကောမတ်စ်ဂျာနယ်များကိုလည်း ဖြန့်ဝေပေးအပ်ခဲ့ပါတယ်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးသန်းပိုက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ခြင်းရဲ့ ရည်ရွယ်ချက်များ၊ စားသုံးသူရေးရာ သိကောင်းစရာများ အကြောင်းကိုလည်းကောင်း၊ ဒုတိယ ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်းက မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရေးနှင့် စားသုံးသူများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုအဖွဲ့ကိုလည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူများ နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်ပြီး အတွင်းရေးမှူးမှာ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဌာနများမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စားသုံးသူများ၏ အခွင့်အရေးများကို ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်း လိုက်နာကြရန်လိုကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့ရဲ့ တာဝန်နဲ့ တားမြစ်ချက်များကို လိုက်နာကြဖို့လိုကြောင်း၊ စားသုံးဆီနှင့် ဟင်းချိုမှုန့် လွန်ကဲစွာ စားသုံးခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကိုလည်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်တင်တင်မိုးက အစားအသောက်များတွင်ပါဝင်နေတဲ့ ဓာတုဆိုးဆေးများရဲ့ အန္တရာယ်ဆိုးကျိုးများ၊စားသုံးရန်မသင့်သော မုန့်မျိုးစုံနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ကြရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာများမှ စားသုံးသူအကာအကွယ်ပေးရေးသည် ကျောင်းသား၊ ကျောင်းသူများအတွက် လွန်စွာအရေးကြီးသည့် ဗဟုသုတများ ရရှိသဖြင့် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**တင်တင်မိုး (ယင်းမာပင်)**

## ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့် စားသောက်ကုန်များနှင့် စံမညီမြေပဲဆီများ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဈေးများတွင် ရောင်းချနေမှုများအား ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ NGO အသင်းအဖွဲ့များစသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၉ ရက်နဲ့၁၀ ရက်များတွင် ချမ်းမြသာစည်မြို့နယ်ရှိ မြို့ဟောင်းဈေးနဲ့ ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်ဈေး၊ အမရပူရမြို့နယ်ရှိ သိမ်ကြီးဈေး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်မြို့၊ ပြင်ဦးလွင်မြို့၊တံတားဦးမြို့တို့ရှိ မြို့မဈေးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့၊ ဝမ်းတွင်းမြို့၊ ရမည်းသင်းမြို့တို့ရှိ မြို့မဈေးများ၊ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ကျောက်ပန်းတောင်းမြို့တို့ရှိမြို့မဈေးများတွင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။




ယင်းပူးပေါင်း အဖွဲ့ကဈေးအတွင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားတဲ့ စံမညီမြေပဲဆီ ၂၈ မျိုးအပါအဝင် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းလည်း သိရှိရပါတယ်။

ထိုသို့ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ကြေညာထားသော စံမညီမြေပဲဆီ ၂၈ မျိုးနှင့် စားသုံးရန်မသင့်တဲ့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းမရှိစေရေး၊ စားသုံးသူများဘေးဥပဒ် အန္တရာယ်ကင်းရှင်း စေရန် အတွက် အမှတ်တံဆိပ်ပါ လုံခြုံစိတ်ချရတဲ့ ကုန်ပစ္စည်းများကို ရောင်းချစေရေး၊ အမှတ်တံဆိပ်တွင်လည်း ပါဝင်ရမည့် သတင်းအချက်အလက်များ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများတွင် ထုတ်လုပ်သည့်ရက်စွဲနဲ့ နောက်ဆုံးသုံးစွဲ ရမည့်ရက်စွဲများ ထည့်သွင်းဖော်ပြရန်နဲ့ ရက်လွန်သည့် စားသာက်ကုန်ပစ္စည်းများ မရောင်းချစေရေးအတွက် ဈေးသူ/ဈေးသားများအား အသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါတယ်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့က ဆက်လက်စစ်ဆေးခဲ့ရာ ချမ်းအေးသာစံမြို့နယ် ဈေးချိုတော်၌ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားတဲ့ စားသုံးရန်မသင့်တဲ့ မုန့်များမှ Sour Spray Candy အမှတ်တံဆိပ်ပါ အာဖျန်းအချိုရည်ဘူး ၄၀ ပါ ၂၈ ကတ်၊ အမှတ်တံဆိပ်မပါ ရောင်စုံချိုချဉ်ပြားငါးခု၊ ငရုတ်သီးပုံချိုချဉ်နှစ်ထုပ်၊ စပရိန်ချိုချဉ် ၄ ထုပ် နဲ့ မဟာအောင်မြေမြို့နယ်၊ မန်းမြို့ဈေးမှ ရွှေနဂါး အမှတ်တံဆိပ် ငရုတ်ဆော့ သုံးထုပ်တို့အား စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါပစ္စည်းများအား ပူးပေါင်းအဖွဲ့မှသိမ်းဆည်း၍ ဆိုင်ရှင်များအား တားမြစ်ထားသည့် ပစ္စည်းများတွင် ခွင့်မပြုဆိုးဆေးများပါဝင်မှုနဲ့ ယင်းဆိုးဆေးများတွင် စားသုံးသူကို ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်တဲ့ ဓာတုဗေဒဆိုးဆေးများ ပါဝင်ကြောင်း ရှင်းလင်းပြောကြား၍ ဆက်လက် ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ် ရေးထိုးစေပြီး လုံခြုံစိတ်ချရမှုမရှိဟု ယူဆရသောအမှတ်တံဆိပ်ပါ စားသုံးဆီများနှင့် စားသောက်ကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန် နမူနာပစ္စည်းများဝယ်ယူခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ ပေးပို့စစ်ဆေးကာ စားသုံးရန် သင့်/မသင့် ထုတ်ပြန်ကြေညာ သွားမယ်လို့ သတင်းရရှိပါတယ်။

**မြင့်မာလာဝင်း၊မန္တလေး**

## မြောင်မြို့နယ် ဖွားစော အ.လ.က(ခွဲ) တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူး၍ ကျန်းမာရေးကို ထိခိုက်စေမည့် လူမှုဓလေ့ဆိုးကျိုးများဖြစ်သည့် ဆေးလိပ်၊ အရက်၊ ဘီယာ၊ ကွမ်းများအား ရှောင်ကြဉ်နိုင်စေရေးအတွက် ဟောပြောခြင်းအခမ်းအနားကို မြောင်မြို့နယ်၊ ဖွားစော အ. လ. က(ခွဲ)ကျောင်းတွင် နေ့လယ် ၂ နာရီက ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးအောင်လင်းက ဆေးလိပ်၊ အရက်၊ ဘီယာအား သောက်သုံးခြင်းကြောင့် ဖြစ်စေတတ်သည့် ဆိုးကျိုးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

“အခုလို လာရောက်ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေး သူငယ်တွေဟာ မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးကို သိသွားကြတယ်။ ဒါကြောင့်မို့ အခုလို ဆွေးနွေးပွဲတွေကို မြို့နယ်အတွင်းရှိ ကျောင်းများမှာလည်း ပြုလုပ်ပေးစေချင်ပါတယ်”ဟု ဖွားစောကျေးရွာ မိဘဆရာအသင်းဝင် တစ်ဦးက ပြောကြားခဲ့သည်။ **အောင်လင်း**

# မွန်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးခင်ဇော် ဦးဆောင်သောဝန်ထမ်းများသည် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စာသင်ကျောင်းများသို့ သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေး ဟောပြောပွဲများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဦးစီးအရာရှိ ဦးခင်ဇော် ဦးဆောင်သောဝန်ထမ်းများနှင့် မြို့နယ်တာဝန်ခံ ဦးမင်းနောင်တို့သည် ကျိုက်မရောမြို့နယ် ကျုံဝမ်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ စားသုံးသူရေးရာအကြောင်းသိကောင်းစရာဟောပြောပွဲ ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဦးခင်ဇော်က ဌာနနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခြင်း၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး က စားသုံးသူ ရေးရာ ဥပဒေနှင့် ဆိုးဆေးများအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခြင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်များရွေးချယ် သုံးစွဲတတ်စေရန်နှင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်ကြောင်းသိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် ဦးစီးအရာရှိ ဦးခင်ဇော် ဦးဆောင်သောဝန်ထမ်းများနှင့် မြို့နယ်တာဝန်ခံ ဦးအောင်ကိုကိုတို့သည် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်း၌ စားသုံးသူရေးရာအကြောင်းသိကောင်းစရာ ဟောပြော ပွဲ ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာမဒေါ်သိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက ဌာနနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခြင်း၊ စားသုံးသူရေးရာဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်က စားသုံးသူရေးရာ ဥပဒေနှင့် ဆိုးဆေးများအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခြင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးသူရဇော်က ထုတ်ကုန်များနှင့် ပတ်သက်၍မှန်ကန်စွာရွေးချယ်သုံးစွဲတတ်စေရန်နှင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲများသို့ ကျိုက်မရောမြို့နယ် ကျုံဝမ်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ ၂၅ ဦး၊ကျောင်းမုန့်ဈေးသည် ၁၅ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၀ ဦး တက်ရောက်ခဲ့ပြီး၊ ချောင်းဆုံမြို့နယ် မုရစ်ကြီး အခြေခံပညာမူလတန်းလွန် ကျောင်းတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ဆရာမ ၂၀ ဦး၊ ကျောင်းမုန့်ဈေးသည် ၁၀ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးတို့ တက်ရောက်ခဲ့ရာ စုစုပေါင်း ၇၂၀ ဦးအား အသိပညာပေး ဟောပြောခဲ့ပါကြောင်း သတင်းရရှိပါတယ်။

**နေဇင်သက် - မွန်**

# ကရင်ပြည်နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

ကရင်ပြည်နယ် စားသုံးသူကာကွယ်ရေး အသိပညာပေးဟော ပြောပွဲကို ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရှိရပါတယ်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနဲ့ ဝန်ထမ်းများက သင်တန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်လွင်နဲ့ ဆရာမများ၊ သင်တန်းသူများ၊ စုစုပေါင်း ၇၀ ဦးခန့်အား စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ယင်း ဟောပြောပွဲတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် စားသုံးသူတို့ရဲ့ အခွင့်အရေး၊ စားသုံးသူတို့ ရပိုင်ခွင့်နဲ့ စီးပွားရေးသမားတို့ရဲ့ လုပ်ငန်းတာဝန်များ အကြောင်း၊ စားသုံးသူတို့အငြင်းပွားမှုဖြစ်လျှင် ဖြေရှင်းမည့်နည်းလမ်းများ အကြောင်း၊ စားသုံးသူတို့၏ ရွေးချယ်မှု မှန်ကန်စေရန်၊ ယနေ့ခေတ်ကာလတွင် စားသောက်ကုန်ပစ္စည်းများမှာ ဓာတုဆိုးဆေးသုံးထားမှုများ၊ တရုတ်နိုင်ငံတွင် မြောင်းဆီများကို ပြန်လည်သန့်စင်ပြီး ဈေးကွက်အတွင်းသို့ ရောင်းချနေမှုများ၊ ဟင်းသီးဟင်းရွက်များနှင့် အသား(အေးခဲသား)၊ ငါးစသည်တို့တွင် ကြာရှည်ခံအောင် ပြုလုပ်ပုံများကို မှတ်တမ်းဓာတ်ပုံ၊ ဗွီဒီယိုများဖြင့် ရှင်းလင်းဟောပြောခဲ့ပါတယ်။

ဟောပြောပွဲတွင် ဘားအံ အိမ်တွင်းမှု သင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်ကြည်လွင်နဲ့ သင်တန်းသူများကို လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များပေးအပ်ခဲ့ပါတယ်။ ကျောင်းအုပ်ဆရာမကြီးက ယခုလိုစားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပေးသော ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနအား ကျေးဇူးတင်ပါကြောင်း နှင့် နောင်နှစ်ပညာသင်ကာလတွင်လည်း သင်တန်းသူ အသစ်များအား အသိပညာရရှိရေးဟောပြောပွဲပြုလုပ်ပေးပါရန် ဖိတ်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည် - ကရင်ပြည်နယ်**

# ရေဦးမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရေဦးမြို့နယ်၊ မြို့နယ်တာဝန်ခံရုံးအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ခရိုင်ဦးစီးမှူးရုံးများ၏ ကြီးကြပ်မှုဖြင့် စားသုံးသူ ပြည်သူများနှင့် ကျောင်းသား/သူများအား ဘေးအန္တရာယ်ကင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ရေဦးမြို့နယ်တာဝန်ခံ ဦးအောင်ညွှန့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းတို့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် သံသည်ကျေးရွာအုပ်စု၊ သံသည် ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆရာ၊ ဆရာမ ၁၀ ဦး၊ကျောင်းသား၊ ကျောင်းသူ ၂၀၅ ဦးအား လည်းကောင်း၊ သံသည်ကျေးရွာအုပ်စု ကျောက်စာကုန်းကျေးရွာ မူလတန်းကျောင်း၌ ဆရာ၊ ဆရာမငါးဦး၊ ကျောင်းသား/သူ ၆၅ ဦး၊လေ့လာသူ နှစ်ဦးအားလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောခြင်းနှင့် သိမှတ်ဖွယ်ရာ အစာအာဟာရများအကြောင်း ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊မြို့နယ်တာဝန်ခံက အန္တရာယ်ရှိ မုန့်မျိုးစုံများ၊ အချိုရည်များ၊ ဂျယ်လီများ၊တုတ်ထိုးအသားချောင်းများ၊ခြင်ဆေးခွေများ၊ ဟင်းချိုမှုန့်များ၊ အသားမှုန့်များနှင့် ထုပ်ပိုးပစ္စည်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟောပြောပြီးနောက် ပြန်/ဆက်ဦးစီးအရာရှိက ကလေးများအတွက် သိမှတ်ဖွယ်ရာ အစာအာဟာရများအကြောင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟော ပြောခဲ့ပါသည်။

**အောင်ညွှန့် (ရေဦး)**

# မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ မွန် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ စားသုံးသူကိုယ်စားလှယ်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ စုစုပေါင်း ၁၂ ဦး ပါဝင်သော မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၁၆ ရက်က မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအစည်းအဝေးတွင် ဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ လုပ်ငန်းတာဝန်များနှင့် စားသုံးသူအငြင်းပွားမှုနှင့် ပတ်သက်၍ ဖြေရှင်းရမည့် ကိစ္စရပ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဆက်လက်ပြီး တက်ရောက်လာသူများက မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းရမည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကာ ဆုံးဖြတ်ချက်များအား အတည်ပြုချမှတ်ခဲ့ကြောင်း သတင်း ရရှိပါတယ်။

**Consumer(MON)**

Organizations News
Vol: 16, No.8 Monday February 22 2016

# ရေနံအလျှံပယ်ဖြစ်နေမှုကို အဆုံးသတ်ရန် အိုပက်အဖွဲ့ဝင် နိုင်ငံတို့ စိတ်ဝင်စား

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကသောင်းကနင်းဖြစ်မှုကို အဆုံးသတ်ရေးအတွက်နည်းလမ်းရှာဖွေရန် ဆွေးနွေးတိုင်ပင်ဖို့ အချိန်ကျရောက်လာပြီဖြစ်ကြောင်းကို ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်) ဝင်နိုင်ငံများက ပိုမိုသဘောပေါက်လာပြီဖြစ်ကြောင်း နိုက်ဂျီးရီးယားရေနံဝန်ကြီးက ရိုက်တာသတင်းဌာနကို ပြောကြားပါတယ်။

ရေနံထိပ်တန်းထုတ်လုပ်တဲ့နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေးဘီးယား ခေါင်းဆောင်တဲ့ အိုပက်အဖွဲ့က ရေနံများအလျှံပယ်ကြွယ်ဝနေချိန်မှာပင် ထုတ်လုပ်မှုလျှော့ချဖို့ ငြင်းဆန်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားနေတဲ့ နိုင်ငံတွေကို ဈေးကွက်အတွင်းမှ ဖယ်ရှားပစ်ရန်ကြိုးစားခဲ့ပါတယ်။ ရေနံစိမ်းဈေးနှုန်းကျဆင်းမှုကြောင့် နိုက်ဂျီးရီးယားနဲ့ ဗင်နီဇွဲလားအပါအဝင် တိုင်းပြည်ဝင်ငွေရရှိဖို့အတွက် ရေနံရောင်းချရငွေကို အကြီးအကျယ် မှီခိုနေရတဲ့ နိုင်ငံများကို အတိဒုက္ခရောက်ရှိစေခဲ့ပြီး ဆော်ဒီအာရေးဘီးယားနိုင်ငံပင်လျှင် ဝင်ငွေကျဆင်းမှုကိုမနည်းကျားကန်ပေးပြီး ရပ်တည်နေခဲ့ရပါ တယ်။

"ဆွေးနွေးညှိနှိုင်းမှုတွေ ဆက်လုပ်နေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာအစည်းအဝေးမှာတွေ့ဆုံခဲ့ကြတဲ့အချိန်က အိုပက်အဖွဲ့ဝင်နိုင်ငံတွေ တစ်ဦးနဲ့တစ်ဦး စကားပြောဖို့တောင် ခက်ခဲလာပါတယ်။ နိုင်ငံတိုင်းက ကိုယ့်အကျိုးစီးပွားကို ကာကွယ်နေကြပါတယ်"လို့ နိုက်ဂျီးရီးယားဝန်ကြီး အီမန်နျူရယ် အိုင်တီကာချီဂူက ရိုက်တာသတင်းဌာနရဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

အလူးအလဲ ရုန်းကန်နေရတဲ့ အဖွဲ့ဝင်နိုင်ငံတွေက အိုပက်အရေးပေါ် အစည်းအဝေးကျင်းပပေးဖို့ အကြိမ်ကြိမ်နှိုးဆော်ခဲ့ပါတယ်။ ဒါပေမယ့် အချိန်သတ်မှတ်လို့ မရနိုင်ခဲ့ဘူးလို့ ကာချီဂူကပြောပါတယ်။ အိုပက်အဖွဲ့ရဲ့ နောက်တစ်ကြိမ်ပုံမှန်အစည်းအဝေးကို ဇွန်လမှာ ကျင်းပမှာဖြစ်ပါတယ်။

အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေရဲ့ ရေနံထုတ်လုပ်မှု ကျဆင်းလာတဲ့အတွက် ဆော်ဒီအာရေးဘီးယားရဲ့ အတွေးအခေါ်က မှန်သလိုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုထုတ်လုပ်မှုကျဆင်းမှုကြောင့် ရေနံစိမ်းဈေးနှုန်း ကျဆင်းလာတဲ့အထိ သက်ရောက်မှု မရှိခဲ့ဘူးလို့ ဝန်ကြီးကပြောပါတယ်။



# ထိပ်သီးအစည်းအဝေးအပြီးမှာ အမေရိကန်နဲ့ အာဆီယံ ခေါင်းဆောင်တို့ ဆန်းနီလင်းကြေညာချက်ထုတ်ပြန်

အမေရိကန် ပြည်ထောင်စုနဲ့ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ခေါင်းဆောင်များက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်မြို့မှာ အမေရိကန်-အာဆီယံထိပ်သီးဆွေးနွေးပွဲကျင်းပပြီးနောက် ဆန်းနီလင်းကြေညာချက် ကို (Sunnylands Declaration) ထုတ်ပြန်ခဲ့ကြောင်း ပီအိုင်အေဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြပါတယ်။

ထိပ်သီးအစည်းအဝေးကို ကျင်းပရာမှာ တီထွင်ဖန်တီးမှုရှိပြီး စွန့်ဦးတီထွင်မှု စိတ်ဓာတ်ရှိတဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်းမြင့်တင်ရေးနဲ့ အာရှပစိဖိတ်ဒေသငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လုံခြုံရေးကို အကာကွယ်ပေးရေးဆိုတဲ့ နယ်ပယ်နှစ်ခုကို အလေးပေးဆွေးနွေးခဲ့ပါတယ်။

ထိပ်သီးအစည်းအဝေးပြီးဆုံးချိန်မှာ အမေရိကန်ပြည်ထောင်စုနဲ့ အာဆီယံခေါင်းဆောင်တွေက ဆန်းနီလင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ကြေညာချက်မှာ အဓိကကျတဲ့ အခြေခံမူ ၁၇ ခုကို ပြန်လည်အတည်ပြုခဲ့ပါတယ်။ ဒီအခြေခံမူတွေထဲမှာ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ တန်းတူညီမျှမှုနဲ့ နိုင်ငံအားလုံးရဲ့ နိုင်ငံရေး လွတ်လပ်ခွင့်ကို အပြန်အလှန်လေးစားမှုနဲ့ နိုင်ငံအားလုံးရဲ့ အခွင့်အရေးများကို အကာအကွယ်ပေးနေတဲ့ ဒေသဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ အစီအစဉ်ကို ခိုင်မာစွာစောင့်ထိန်းလိုက်နာရေးဆိုတဲ့ အချက်တွေပါဝင်ပါတယ်။ ခေါင်းဆောင်များက အငြင်းပွားမှုကို ဖြေရှင်းရာမှာ တရားဥပဒေနဲ့ သံတမန်နည်းလမ်းများကို အပြည့်အဝလိုက်နာပြီးငြိမ်းချမ်းစွာ ဖြေရှင်းရန်နဲ့ အဲဒီလိုဖြေရှင်းရာမှာ အပြည်ပြည်ဆိုင်ရာဥပဒေနဲ့ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာပြီး ခြိမ်းခြောက်မှုနဲ့ အင်အားသုံးဖြေရှင်းမှုတို့ကို ရှောင်ကြဉ်ရန် ကတိကဝတ်များကို ထပ်မံအတည် ပြုခဲ့ပါတယ်။

ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ ရေကြောင်းသွားလာမှုကို လွတ်လပ်စွာဆောင်ရွက်ရန်နဲ့ ပင်လယ်ပြင်ကို တရားဝင်အသုံးပြုခွင့်ရရှိရန်၊ ဥပဒေနဲ့အညီ ကူးသန်းရောင်းဝယ်မှုကို မဟန့်တားဖို့နဲ့ ပင်လယ်ရေကြောင်းမှာ တွေ့ကြုံနေရတဲ့ ဘုံစိန်ခေါ်မှုတွေကို လျှော့ချဖို့အတွက်လည်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုနဲ့ အစွန်းရောက်အကြမ်းဖက်မှုအပါအဝင် ကမ္ဘာ့ပြဿနာများကို ဦးဆောင်ဖြေရှင်းဖို့ နဲ့ လူ၊ မူးယစ်ဆေးဝါးနဲ့ တရားမဝင်သစ်ရောင်းဝယ်မှုကို တိုက်ဖျက်ရန်နဲ့ တရားမဝင် ငါးဖမ်းမှုများကိုတိုက်ဖျက်ရန်လည်း ခေါင်းဆောင်များက ကတိ ပြုခဲ့ပါတယ်။

## ရေနံလုပ်ငန်းမဟုတ်တဲ့ ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ နိုက်ဂျီးရီးယားကို ဒဗလျူတီအို တိုက်တွန်း

လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အစိုးရထောက်ပံ့ကြေးများပေးခြင်းဖြင့် ရေနံမဟုတ်တဲ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) က နိုက်ဂျီးရီးယားနိုင်ငံကို အကြံပေးခဲ့ကြောင်း ချန်နယ်တီဗွီသတင်းမှာ ဖော်ပြပါတယ်။ နိုက်ဂျီးရီးယားမြို့တော် အဘူဂျာမှာ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပတဲ့ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတစ်ပွဲမှာ ဒဗလျူတီအို အထွေထွေအတွင်းရေးမှူးချုပ် အဇယ်ဗယ်ဒိုက တိုက်တွန်းပြောကြားခဲ့တာ ဖြစ်ပါတယ်။

လောလောဆယ်မှာ နိုက်ဂျီးရီးယားနိုင်ငံရဲ့ အဓိကဝင်ငွေရလုပ်ငန်းက ရေနံစိမ်းရောင်းချမှုဖြစ်ပြီး ဒီကဏ္ဍမှရရှိငွေက နိုင်ငံစုစုပေါင်းဝင်ငွေရဲ့ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ နိုက်ဂျီးရီးယားနိုင်ငံရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအစဉ်က ရေနံမဟုတ်တဲ့ကဏ္ဍကို တိုးတက်အောင်မြှင့်တင်ပေးပြီး ဆင်းရဲသားများရဲ့ လူနေမှုဘဝကိုမြှင့်တင်ပေးနိုင်မှာ ဖြစ်ကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ရည်မှန်းချက်အောင်မြင်ရေးအတွက် အစိုးရရဲ့ကြိုးပမ်းဆောင်ရွက်မှုများကို ဒဗလျူတီအိုက အကူအညီပေးသွားမှာဖြစ်ကြောင်း ကတိပေးခဲ့ပါတယ်။

နိုက်ဂျီးယားနိုင်ငံက ထိပ်တန်းဦးစားပေးအဖြစ်ဆောင်ရွက်ရမယ့် နယ်ပယ်တွေကိုလည်း အဇယ်ဗယ်ဒိုက ပြောကြားခဲ့ပါတယ်။

"ကမ္ဘာ့စီးပွားရေးအလားအလာ မှေးမှိန်နေတဲ့အတွက် အစိုးရတွေက အလူးအလဲရုန်းကန်နေရပါတယ်။ စီးပွားရေးပြန်လည်ဖွံ့ဖြိုးဖို့အတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အထဲမှာ နိုက်ဂျီးယားနိုင်ငံလည်း မလွတ်ကင်းပါဘူး။ တကယ်တော့ နိုက်ဂျီးရီးယားနိုင်ငံက လုံခြုံရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာပြဿနာတွေအပါအဝင် ကြီးမားတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် ကမ္ဘာမှာ ရေနံတွေအလျှံပယ် ကြွယ်ဝနေတဲ့အတွက် ရေနံစိမ်းဈေးနှုန်း အကြီးအကျယ်ကျဆင်းမှုနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် နိုက်ဂျီးရီးယားရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်"လို့ သူကပြောပါတယ်။ ရေနံစိမ်းထုတ်လုပ်မှုအပေါ်မှီခိုနေရတာကို လျှော့ချပြီး နိုက်ဂျီးရီးယား နိုင်ငံရဲ့ စီးပွားရေးကိုပုံစံအမျိုးမျိုးနဲ့ ဖြန့်ကျက်ဆောင်ရွက်ဖို့ အဇယ်ဗယ်ဒိုက တိုက်တွန်းပါတယ်။ ဒီလုပ်ငန်းကိုလည်း ဦးစားပေးအဖြစ်ထားရှိဆောင်ရွက်ဖို့ သူက တိုက်တွန်းပါတယ်။

ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေတွေကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်တာက မူဝါဒအမျိုးမျိုးရောပြွမ်းချမှတ်ဆောင်ရွက်မှုအတွက် အရေးပါတဲ့အချက်တစ်ချက်ဖြစ်ကြောင်းလည်း သူကပြောပါတယ်။

ကုန်သွယ်မှုအတားအဆီးတွေလျှော့ချခြင်းနဲ့ နယ်စပ်ဖြတ်ကျော်ပြီး စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်လျှော့ချခြင်းတို့က ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ပေးမှာဖြစ်ပြီး နိုက်ဂျီးရီးယားစီးပွားရေးလုပ်ငန်းအသိုက်အဝန်းအတွက် ဈေးကွက်တွေဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

# ဒစ်ဂျစ်တယ်စီးပွားရေးနဲ့ အက်စ်အမ်အီးများကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက အာဆီယံထိပ်သီးအစည်းအဝေးတွင် ပြောကြား

အင်ဒိုနီးရှားနိုင်ငံရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးနဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး)များကို အဓိကဦးစားပေးဆောင်ရွက်ရမယ့် စီးပွားရေးကဏ္ဍများအဖြစ် သတ်မှတ်ပြီး အဆိုပါလုပ်ငန်းကဏ္ဍများ ကို အမေရိကန်-အာဆီယံပူးပေါင်းဆောင်ရွက်ရေး အစီ အစဉ်အရ အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) ရဲ့ ပြောကြား ချက်ကို ကိုးကားပြီး အန်တာရာသတင်းမှာ ဖော်ပြပါ တယ်။

"အမေရိကန်-အာဆီယံထိပ်သီးအစည်းအဝေးက အမေရိကန်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် စီးပွားရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေမယ့် အခွင့်အလမ်းကောင်းတွေကို ပေးမှာဖြစ်ပါတယ်"လို့ ဖေဖော်ဝါရီ ၁၆ ရက်က အမေရိကန်-အာဆီယံထိပ်သီးဆွေးနွေးပွဲမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ အင်ဒိုနီးရှားသမ္မတဂျိုကိုဝီက ထည့်သွင်းပြောကြားပါတယ်။

အက်စ်အမ်အီးများရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍနှစ်ခုစလုံးက အာဆီယံစီးပွားရေးရဲ့ ကျောရိုးသဖွယ်ဖြစ်နေတဲ့အတွက် အမေရိကန်ပြည်ထောင်စုနဲ့ အာဆီယံပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ ကဏ္ဍနှစ်ခု ဆက်လက်တိုးတက်ဖို့အတွက် အထောက်အကူပြုရမှာဖြစ်ကြောင်း သမ္မတကအတည်ပြုပြောကြားပါတယ်။

အာဆီယံဒေသမှာ လုပ်ငန်းလုပ်ကိုင်နေကြတဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ၈၈ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၉၉ ဒသမ ၉ ရာခိုင်နှုန်းက အက်စ်အမ်အီးတွေဖြစ်ကြောင်း ဂျိုကိုဝီက ပြောပါတယ်။ အာဆီယံဒေသမှာရှိတဲ့ လုပ်သားအင်အားရဲ့ ၅၁ ဒသမ ၇ ရာခိုင်နှုန်းကနေ ၉၇ ဒသမ ၂ ရာခိုင်နှုန်းကို ဒီကဏ္ဍ တွေက အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးထားပါတယ်။ ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည်မြင့်မားတဲ့အတွက် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကာလတွေ အတွင်းမှာပဲ အက်စ်အမ်အီးတွေက နိုင်ငံစီးပွားရေးကို အထောက်အကူပေးခဲ့ပါတယ်။

အက်စ်အမ်အီးတွေက မကြာခဏဆိုသလို စိန်ခေါ်မှုတွေနဲ့ တွေ့ကြုံရင်ဆိုင်လျက်ရှိရာ အဲဒီ စိန်ခေါ်မှုတွေထဲမှာ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်ရေး၊ မတည်ရင်းနှီးငွေနဲ့ အစားထိုးထောက်ပံ့ငွေရရှိရေး၊ နည်းပညာနဲ့ ကမ္ဘာ့ဈေးကွက် ရရှိရေး၊ ဒေသတွင်း ဈေးကွက်ပေါင်းစည်းရေးစတဲ့ စိန်ခေါ်မှုတွေပါဝင်ပါတယ်။ အမေရိကန်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးက ဈေးကွက်ရရှိရေးနဲ့ ကုမ္ပဏီကြီးတွေကနေ အက်စ် အမ်အီးများအတွက် အသိပညာဖလှယ်ရေးတွေကို လွယ်ကူချောမွေ့အောင် ဆောင်ကျဉ်းပေးမှာဖြစ်ကြောင်း အက်စ်အမ်အီးကဏ္ဍ ရေရှည်တည်တံ့ရေးနဲ့ပတ်သက်ပြီး ဂျိုကိုဝီက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ထိုင်းအိုင်စီတီဝန်ကြီးဌာနက အမျိုးသား တယ်လီကွန် ဆက်သွယ်ရေး ရန်ပုံငွေထူထောင်မည်

ထိုင်း သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန (Information and Communications Technology (ICT) Ministry) က အမျိုးသားတယ်လီကွန် ဆက်သွယ်ရေး အခြေခံအဆောက်အအုံ ရန်ပုံငွေ ထူထောင်ရေးကိစ္စများကို ဆွေးနွေးဖို့ ပုဂ္ဂလိကနဲ့ နိုင်ငံပိုင်ဆက်သွယ်ရေး လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ တွေ့ဆုံမယ့် လုပ်ငန်းငါးခုက TOT, CAT, Telecom, Advanced Info Service, Total Access Communi cations နဲ့ True Corp. တို့ဖြစ်ပါတယ်။ ဒီရန်ပုံငွေရဲ့ ရည်ရွယ်ချက်က နိုင်ငံအနှံ့မှာ သင့်တော်တဲ့ဈေးနှုန်းနဲ့ တယ်လီကွန် ဝန်ဆောင်မှုတွေကို တန်းတူညီမျှစွာရရှိအောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

"ဒီရန်ပုံငွေအဖွဲ့ကို အောင်အောင် မြင်မြင်ဖွဲ့စည်းတည်ထောင်နိုင်မယ်ဆိုရင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် လှုံ့ဆော်အားပေးပြီး စတော့အိတ်ချိန်းကိုလည်း အကျိုးဖြစ်ထွန်းစေနိုင်ပါတယ်"လို့ သတင်းအချက်အလက် ဆက်သွယ်ရေးနဲ့ နည်းပညာဝန်ကြီး အူတာမာဆာဗန် နာယာနာက ပြောပါတယ်။

ဈေးနှုန်း သက်သက်သာသာနဲ့ အရည်အသွေးပြည့် ဝန်ဆောင်မှုကို ပြည်သူတွေရရှိနိုင်မှာ ဖြစ်ကြောင်းနဲ့ တယ်လီကွန်ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူတွေအတွက်လည်း တယ်လီကွန်အခြေခံအဆောက်အအုံ၊ တယ်လီကွန်တာဝါနဲ့ အခြေစိုက်စခန်းတွေရရှိနိုင်မှာ ဖြစ်ပါတယ်။

တချို့ နိုင်ငံခြားကုမ္ပဏီတွေက ရန်ပုံငွေမှာပါဝင်ပြီး ရင်းနှီးမြှုပ်နှံကြဖို့ စိတ်အားထက်သန်နေကြောင်းလည်း သူကပြောပါတယ်။ ရန်ပုံငွေအဖွဲ့မှာ ရင်းနှီးမြှုပ်နှံဖို့အတွက် လျာထားငွေက ဘတ် ၁၅ ဘီလီယံရှိမှာဖြစ်ပြီး TOT နဲ့ CAT ကုမ္ပဏီတွေကထည့်သွင်းရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။ စီမံကိန်းထဲမှာ အကျုံးဝင်မှာကတော့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ရွာပေါင်း ၇၀၀၀၀ ကျော်ပါဝင်ပါတယ်။ ကနဦးစတင်ဆောင်ရွက်မယ့် စီမံကိန်းမှာ ဘရော့ဘင် အင်တာနက်ကွန်ရက်တွေ မရောက်နိုင်တဲ့ ရွာ ၃၀၀၀၀ ကျော်အတွက် ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်မှာ ဘတ် ၅ ဘီလီယံတိုးချဲ့သုံးစွဲပြီး အပြည်ပြည်ဆိုင်ရာအင်တာနက် Gateways တွေ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတွေမှာ ဝိုင်ဖိုင်နဲ့ ဆက်သွယ်ခွင့်ရဖို့ အိုင်စီတီဝန်ကြီးဌာနက ကြိုးပမ်းနေကြောင်း အူတာမက ပြောပါတယ်။

## အခြေခံအဆောက်အအုံ ညံ့ဖျင်းမှုကြောင့် လာမယ့်သုံးနှစ်အတွင်း အင်ဒိုနီးရှားစီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးမည်

အင်ဒိုနီးရှားနိုင်ငံရဲ့ ယခုနှစ်ဖွံ့ဖြိုးမှုနှုန်းကို အစိုးရကလျှော့ချခန့်မှန်းခဲ့ရုံသာမက အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုနှုန်းနှေးကွေးမှုက စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးရေးကို အထောက်အကူပေးနိုင်မှာမဟုတ်တဲ့အတွက် လာမယ့်သုံးနှစ်မှာလည်း ဆက်လက်ကျဆင်းနေဦးမှာဖြစ်ကြောင်း အင်ကွာရာနက်သတင်းမှာ ဖော်ပြထားပါတယ်။

ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့တဲ့ ဖွံ့ဖြိုးရေးဘတ်ဂျက်ပေါင်းစပ် ညှိနှိုင်းရေးကော်မတီ (Development Budget Co-ordination Committee-DBCC) ဝန်ကြီးအဖွဲ့ အဆင့်အစည်းအဝေးမှာ ၂၀၁၆ ခုနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု ဖွံ့ဖြိုးမှုနှုန်းကို ယခင်ခန့်မှန်းထားတဲ့ ၇ ရာခိုင်နှုန်းနဲ့ ၈ ရာခိုင်နှုန်းမှ အနည်းငယ်လျှော့ချပြီး ၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ကာလလတ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းကိုမူ ၇ ရာခိုင်နှုန်း နဲ့ ၈ ရာခိုင်နှုန်းအကြားရှိမယ်လို့ ဆက်လက်ခန့်မှန်းထားပါတယ်။

၂၀၁၇ ခုနှစ်အတွက် ဖွံ့ဖြိုးမှုနှုန်းကို ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် အတွက် ၇ ရာခိုင်နှုန်းနဲ့ ၈ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်အတွက် ၆ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ၇ ဒသမ ၉ ရာခိုင်နှုန်းအကြား အသီးသီးရှိကြမယ်လို့ ခန့်မှန်းထားပါ တယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ အခြေခံ အဆောက်အုံညံ့ဖျင်းမှုကြောင့် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က လျှော့ချခန့်မှန်းထားကြောင်း DBCC အစည်းအဝေးမှ တာဝန်ရှိသူတစ်ဦးက အင်ကွာရာသတင်းဌာနကို ဖေဖော်ဝါရီ ၁၆ ရက်က ပြောပါတယ်။

"လမ်းဖောက်လုပ်ရေးနဲ့ လျှပ်စစ်ဓာတ်အား စီမံကိန်းတွေမှာ တိုးတက်နှုန်းကျဆင်းမယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်"ဟု အဆိုပါတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အခွန်အကောက်မှ ရငွေ တိုးတက်လာတဲ့အတွက် အစိုးရဝင်ငွေတိုး တက်ကောင်းမွန်လာပေမယ့် ပြည်သူ့ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုအတွက် အသုံးစရိတ်ကို အစိုးရကလျှော့ချထားပါတယ်။ စီမံကိန်းအရ သတ်မှတ်ထားတဲ့အတိုင်း အစိုးရအေဂျင်စီတွေက ကြိုးစားပြီး သုံးစွဲနေရတဲ့အတွက် အဖွဲ့အစည်းတွေရဲ့ သုံးစွဲမှုကျဆင်းတဲ့အတွက် ငွေကြေးသုံးစွဲမှုတွေ ကျဆင်းခဲ့ရကြောင်းလည်း သူကပြောပါတယ်။

အရေးကြီးတဲ့ အခြေခံအဆောက်အအုံ စီမံကိန်းတွေကို အစိုးရက အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုရင် လာမယ့်နှစ်ကစပြီး ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးက ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ဖွယ်ရှိမယ်လို့ ပုဂ္ဂလိကကဏ္ဍက ခန့်မှန်းထားကြောင်း သူကပြောပါတယ်။

## နိုင်ငံခြားဈေးကွက်မဟာဗျူဟာကို တိုးတက်အောင်ဆောင်ရွက်ဖို့ ပြည်တွင်းစီးပွားရေး လုပ်ငန်းတွေကို ဗီယက်နမ်အစိုးရကတိုက်တွန်း



ဗီယက်နမ် ထုတ်ကုန်တွေကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်ထဲသို့ ထိုးဖောက်နိုင်ရေးအတွက် ဗီယက်နမ် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ နိုင်ငံခြားဖြန့်ဖြူးရေးကွန်ရက်မှာ တိုက်ရိုက်ပါဝင်နိုင်မယ့် စီမံကိန်းကို ဗီယက်နမ်အစိုးရက အတည်ပြုခဲ့ပေးခဲ့ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

စီမံကိန်းရဲ့ ရည်ရွယ်ချက်က ဗီယက်နမ်နိုင်ငံရဲ့ ထုတ်ကုန်တွေကို ဗီယက်နမ်နိုင်ငံနဲ့ တိုက်ရိုက်လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်ချုပ်ဆိုထားတဲ့ ဥရောပ၊ မြောက်အမေရိက၊ အရှေ့တောင်အာရှနဲ့ အရှေ့မြောက်အာရှဒေသရှိနိုင်ငံတွေရဲ့ ဈေးကွက်ထဲကို တိုက်ရိုက်တင်ပို့နိုင်ဖို့ ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံက လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် အမြောက်အမြားကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ အဲဒီလို သဘောတူစာချုပ်တွေမှာ ပါဝင်ဆောင်ရွက်ဖို့ဆိုရင် စီးပွားရေးလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့လိုကြောင်း ဗီယက်နမ်နယူးစ် အေဂျင်စီနဲ့ မကြာမီက ပြုလုပ်ခဲ့တဲ့တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟိုကီကင်မ်သိုအာက ပြောပါတယ်။

ဈေးကွက်များကို တိုးချဲ့နိုင်ရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများက အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြောင်းနဲ့ အရည်အသွေးမြင့်မားပြီး ဈေးတော်တဲ့ ဗီယက်နမ်ထုတ်ကုန်တွေကို စားသုံးသူများက နှစ်သက်လက်ခံခဲ့ကြကြောင်း သိုအာက ပြောပါတယ်။ ဥပမာအဖြစ်ကြည့်ပါက လောလောဆယ်မှာ ဗီယက်နမ်နိုင်ငံက ဖိနပ်ထုတ်လုပ်မှုမှာ ကမ္ဘာတွင် စတုတ္ထမြောက်အကြီးမားဆုံးဖြစ်ကြောင်းနဲ့ ဗီယက်နမ် လယ်ယာထွက်ကုန်များနဲ့ အစားအစာတွေက နိုင်ငံခြားဖြန့်ချိရေးဈေးကွက်မှာ ခြေကုပ်ခိုင်မာစွာရရှိထားပြီးဖြစ်ကြောင်း သူမကပြောပါတယ်။

စူပါမားကက် ဈေးကွက်လမ်းကြောင်းမှတစ်ဆင့် ဗီယက်နမ်အစားအစာနဲ့ စားသောက်ကုန်များက နိုင်ငံခြားဈေးကွက်များကို အောင်မြင်စွာထိုးဖောက်နိုင်ခဲ့ပြီးဖြစ်ကြောင်းနဲ့ ဒီလိုစူပါမားကက်ကြီးတွေကလည်း ပြည်တွင်းကုန်ပစ္စည်းတွေကို ကမ္ဘာ့ဈေးကွက်ဝင်နိုင်အောင် အထူးကြိုးပမ်းလျက်ရှိကြောင်း ဟိုချီမင်းစီးတီဥပဒေရေးရာသတင်းစာမှာ ဖော်ပြပါတယ်။

၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံသို့ အစားအစာနဲ့ စားသောက်ကုန် ကုန်သေတ္တာ ၈၀ ကျော်တင်ပို့ခဲ့ရကြောင်း စူပါမားကက်အုပ်စု Co.Opmart ကို ပိုင်ဆိုင်တဲ့ ဆိုင်ဂုံသမဝါယမအသင်း ဒုတိယညွှန်ကြားရေး မှူးချုပ် ငုယင်သီသိုင်းက ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## မြစိမ်းရောင်အလေ့အကျင့်များကို ဆောင်ရွက်ဖို့ ဖိလစ်ပိုင်ဟိုတယ်များက ကတိပြု

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်တဲ့ အလေ့အကျင့်တွေဖြစ်တဲ့ မြစိမ်းရောင်အလေ့အကျင့်တွေနဲ့အညီဆောင်ရွက်ပြီး ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိန်းချုပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန (DOT) နဲ့ ဖိလစ်ပိုင်ဟိုတယ်ပိုင်ရှင်များက ကတိပြုထားကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ အဝေးပြေးလမ်းမကြီးများဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ဖိလစ်ပိုင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မြစိမ်းရောင် အဆောက်အအုံစည်းမျဉ်းများ (Philippine Green Building Code) ကို စောင့်ထိန်းလိုက်နာမှာဖြစ်ကြောင်း DOT နဲ့ ဟိုတယ်ပိုင်ရှင်များအသင်းတို့က ကတိပြုထားပါတယ်။

မြစိမ်းရောင် အဆောက်အအုံစည်းမျဉ်းအရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနဲ့ သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အခြေအနေများကို တိုးတက်ကောင်းမွန်စေမယ့် စံနှုန်းမူဘောင်များကို သတ်မှတ်ပေးထားပါတယ်။ အဲဒီ အချက်များမှာ ကုန်ကြမ်းချွေတာသုံးစွဲမှု၊ နေရာရွေးချယ်မှု၊ စီမံကိန်း၊ ဒီဇိုင်း၊ ဆောက်လုပ်ရေး၊ အဆောက်အအုံတွင်းနေထိုင်မှု၊ ကုန်ကျစရိတ်သက်သာစွာနဲ့ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု စတဲ့အချက်တွေ ပါဝင်ပါတယ်။ ဟိုတယ်လုပ်ငန်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ဆောင်ရွက်ခြင်းအားဖြင့် ဖိလစ်ပိုင်နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း အခွင့်အလမ်းတွေ ပွင့်လမ်းလာစေနိုင်ကြောင်း ခရီးသွားလုပ်ငန်း အတွင်းဝန်ရေမွန်ဂျင်မီနက် ဂျူနီယာက ပြောပါတယ်။

"ဟိုတယ်လုပ်ငန်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ခရီးသည်တွေကို ပိုမိုသန့်ရှင်းတဲ့လေ၊ ပိုမိုသန့်ရှင်းတဲ့ ပတ်ဝန်းကျင်ကို ကျွန်တော်တို့က ဖြည့်ဆည်းပေးနိုင်ပြီး ဟိုတယ်လုပ်ငန်းမှာလည်း လျှပ်စစ်ဓာတ်အားအတွက် ကုန်ကျစရိတ်ကို သက်သာမှုရစေခဲ့ပါတယ်"လို့ ဂျင်မီနက်က ပြောပါတယ်။

မြစိမ်းရောင်အဆောက်အအုံ စည်းမျဉ်းက ဟိုတယ်ပိုင်ရှင်တွေ ဦးစားပေးလိုက်နာရမယ့် စည်းမျဉ်းတွေဖြစ်ပြီး ဒီလိုလိုက်နာဆောင်ရွက်ခြင်း အားဖြင့် အဆောက်အအုံတွေအတွက် စွမ်းအင်သုံးစွဲမှု ကုန်ကျစရိတ်ကိုလျှော့ကျစေနိုင်ကြောင်း ဟိုတယ်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ အာသာလိုပက်က ပြောပါ တယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ရီးယဒ်**

ဈေးကွက်ကို ထိန်းချုပ်ရေးအတွက် ရေနံတိုးမြှင့်ထုတ်လုပ်မှုကို ကန့်သတ်ရန် သို့မဟုတ် ထိန်းချုပ်ရန် ရေနံထိပ်တန်းတင်ပို့သူများနဲ့ ရုရှားနိုင်ငံတို့က သဘောတူထားပြီး ဖြစ်ပေမယ့် ရေနံထုတ်လုပ်မှုကို လျှော့ချဖို့ ဆော်ဒီအာရေဗီးယား နိုင်ငံအနေနဲ့ အသင့်မဖြစ်သေးကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က ဆော်ဒီအာရေဗီးယား နိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ်ဂျူဘီယာရဲ့ ပြောကြားချက်ကို ကိုးကားပြီးအေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

**စင်ကာပူ**

စင်ကာပူနိုင်ငံရဲ့ ဘဏ်လုပ်ငန်းတွေ ပိုမိုရှုပ်ထွေးပြီး ယှဉ်ပြိုင်မှုပြင်းထန်လာတဲ့အတွက် ဝန်ထမ်းများကို ဘက်စုံအသုံးပြုနိုင်ပြီး အတွေ့အကြုံစုံအောင် ဘဏ်လုပ်ငန်းများက ဆောင်ရွက်လာကြောင်းနဲ့ ဝန်ထမ်းများအား ဌာနအတွင်း ပြောင်းရွှေ့နေရာချထားတဲ့ အစီအမံများချမှတ်ကျင့်သုံးလာကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

**ဟနွိုင်း**

ဗီယက်နမ်နိုင်ငံက ကမ္ဘာ့စီးပွားရေးလောကအတွင်းသို့ နက်ရှိုင်းစွာပေါင်းစည်းဝင်ရောက်လာပြီဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ ပြင်ပချိတ်ဆက်မှုနဲ့ ကုန်ထုတ်လုပ်မှုကွင်းဆက်ပိုမိုစွမ်းအား ပြည့်ဝအောင်ဆောင်ရွက်ဖို့လိုကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းများအသင်း ဥက္ကဋ္ဌ ဗူရှန်လော့ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ပြန်ပြည့်မြဲစွမ်းအင် (RE) နဲ့ပတ်သက်ပြီး အမျိုးသားပြန်ပြည့်မြဲစွမ်းအင်ဘုတ်အဖွဲ့ရဲ့ ထောက်ခံတင်ပြချက်များကို စောင့်ရဦးမှာ ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက ပြောကြားထားတဲ့အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများက ဆောင်ရွက်မယ့် ပြန်ပြည့်မြဲစွမ်းအင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယာယီရပ်ဆိုင်းထားဖို့ စီစဉ်ထားကြောင်း စွမ်းအင်ဝန်ကြီး ဇီနိုက်ဒါမွန်ဆာဒါရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

## USA

## အမေရိကန်စီးပွားရေး မရေရာမှုများက ရွေးကောက်ပွဲအလားအလာများကို ကမောက်ကမဖြစ်စေ

ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးကျဆင်းမှုအတွက် စိုးရိမ်ပူပန်မှုတွေ ထပ်မံဖြစ်ပွားရတဲ့အတွက် ၂၀၁၆ ခုနှစ် အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲက အမေရိကန်စီးပွားရေးစွမ်းဆောင်ရည်အပေါ်ကို ပိုမိုအလေးထား လာနိုင်ဖွယ်ရှိကြောင်း ဝေါစထရိစ်ဂျာနယ်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုနှစ် ဆောင်းဦးမှာ ပြုလုပ်မည့် ရွေးကောက်ပွဲတွင် မည်သည့်ပါတီ ပိုမိုအကျိုးဖြစ်ထွန်းနိုင်သည်ကို တွက်ချက်ရာတွင် ပြည်သူများက ရွေးကောက်ပွဲလှုပ်ရှားမှုကြွေးကြော်သံတွေနဲ့ စကားရည်လုပွဲ ပြောကြားချက်တွေထက် လာမယ့်လများအတွင်း ဖြစ်ပေါ်လာမယ့် စီးပွားရေးအခြေအနေကို ပိုမိုအာရုံစိုက်လာဖွယ်ရှိကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်တွေက ပြောပါတယ်။

ယခုနှစ်အတွင်းမှာ အမေရိကန်စီးပွားရေး ဘယ်လိုဖြစ်လာမလဲဆိုတာကို ခန့်မှန်းရခက်ပါတယ်။ ဒါပေမယ့် စတော့တွေ၊ ဘွန်းစာချုပ်တွေနဲ့ အခြားဘဏ္ဍာရေးဈေးကွက်တွေက စီးပွားရေးဆုတ်ကပ်ဖြစ်မယ့် အလားအလာတွေကို ပြသနေပါတယ်။ ပြည်တွင်းစီးပွားရေး အခြေအနေကလည်း အကောင်းတွေရော၊ အဆိုးတွေပါ ဒွန်တွဲဖြစ်တည်လျက်ရှိနေပါတယ်။

ဓာတ်ဆီဈေးနှုန်းချိုသာမှု၊ အိမ်ခြံမြေဈေးကွက်မှန်မှန်နာလန်ထူလာမှုနဲ့ အလုပ်လက်မဲ့နှုန်းကို ၅ ရာခိုင်နှုန်းအထိ ကျဆင်းလောက်အောင် ဖြစ်ပေါ်စေခဲ့တဲ့အလုပ်အကိုင် ဖွံ့ဖြိုးမှုကောင်းကျိုးတွေကို အမေရိကန် စားသုံးသူတွေ ခံစားခွင့်ရနေပါတယ်။ ဒါပေမယ့် ပင်လယ်ရပ်ခြား ဝယ်လိုအားကျဆင်းမှု၊ ဒေါ်လာတန်ဖိုး ခိုင်မာမှုတွေကြောင့် စီးပွားရေးလုပ်ငန်းတွေမှာ အမြတ်အစွန်းနည်းပါးနေပါတယ်။

ပြည်ပ နိုင်ငံများမှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေးကျဆင်းမှုတွေက အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအတွက် အကြီးမားဆုံးသော အန္တရာယ်တစ်ခုသဖွယ်ဖြစ်လာနိုင်ကြောင်း၊ အဆိုပါအန္တရာယ်များတွင် တရုတ် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးကျဆင်းမှု၊ ကုန်စည်ဈေးနှုန်းများ ကျဆင်းမှုနဲ့ ထွန်းသစ်စဈေးကွက်များမှာ စီးပွားရေးဆုတ်ကပ်နက်ရှိုင်းစွာ ဖြစ်ပေါ်မှုစတဲ့အချက်တွေပါဝင်ပါတယ်။

## East Asia

## ပို့ကုန်မြှင့်တင်ရေးအတွက် တောင်ကိုရီးယားက ရင်းနှီးမြှုပ်နှံမှုများအား တိုးမြှင့်ရှာဖွေ



ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းမှုနဲ့ ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ ပို့ကုန်တွေ ကျဆင်းနေတာကို တွေ့ရပါတယ်။ ကျဆင်းနေတဲ့ ပို့ကုန်တွေမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံက စက်မှုလုပ်ငန်းသစ်တွေမှာ ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာစေမယ့် အစီအမံတွေကို ဖေဖော်ဝါရီ ၁၇ ရက်က ထုတ်ပြန်ခဲ့ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

ကြိုးနီစနစ်ကို ဖယ်ရှားခြင်းနဲ့ ကုမ္ပဏီတွေပင်လယ်ရပ်ခြားဈေးကွက်တွေကို ထိုးဖောက်နိုင်အောင် အကူအညီပေးခြင်းဖြင့် လျှပ်စစ်ကားထုတ်လုပ်ရေးနည်းပညာသစ် ကဏ္ဍတွေမှာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ဝမ် ၄၄ ထရီလီယံရောက်ရှိအောင် စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနက အားပေးခဲ့ကြောင်း သမ္မတပတ်ဂွင်ဟေး သဘာပတိအဖြစ် ဆောင်ရွက်တဲ့ ကုန်သွယ်မှု နဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစည်းအဝေးမှာ အဆိုပါ ဝန်ကြီးဌာနက ပြောပါတယ်။

ကုမ္ပဏီတွေ ပြည်ပဈေးကွက်တွေကို ဝင်ရောက်ရာမှာ အထောက်အကူပေးနိုင်ရေးအတွက် ထုတ်ကုန်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနဲ့ ပို့ကုန်ခွင့်ပြုလက်မှတ် ထုတ်ပေးရာမှာ ဥပဒေရေးရာနဲ့ စီမံခန့်ခွဲရေးရာလုပ်ထုံးလုပ်နည်းတွေကို လျှော့ချပေးမှာ ဖြစ်ကြောင်း ရောင်းချရေးနဲ့ဖြန့်ဖြူးရေးဆိုင်ရာ နည်းဥပဒေတွေကို ရုပ်သိမ်းပေးမှာ ဖြစ်ကြောင်းဝန်ကြီးဌာနက ပြောပါတယ်။

ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွေကို ချောချောမွေ့မွေ့ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် တောင်ကိုရီးယားနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုက အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံအထိ တိုးတက်လာပြီး တန်ဖိုးကို နောက်ထပ်အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံအထိ တိုးမြှင့်နိုင်မှာဖြစ်ကြောင်းနဲ့ အလုပ်အကိုင်သစ် ၄၁၅၀၀၀ အထိ ဖန်တီးနိုင်မှာ ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

## Middle East

## ရေနံထုတ်လုပ်မှုကို ထိန်းထားဖို့ ဗင်နီဇွဲလား၊ ဆော်ဒီအာရေဗီးယား၊ ရုရှားနဲ့ ကာတာတို့ သဘောတူ

ဗင်နီဇွဲလား၊ ဆော်ဒီအာရေဗီးယား၊ ရုရှားနဲ့ ကာတာနိုင်ငံတို့အနေနဲ့ ရေနံထုတ်လုပ်မှုကို ထိန်းထားဖို့၊ ကျဆင်းနေတဲ့ ရေနံဈေးနှုန်းတွေကို တည်ငြိမ်အောင်ဆောင်ရွက်ဖို့ နည်းလမ်းရှာဖွေလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က ဗင်နီဇွဲလား အစိုးရအရာရှိတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရွင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

အိုပက်အဖွဲ့ဝင်နိုင်ငံ သုံးနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ ပါဝင်တဲ့ နိုင်ငံလေးနိုင်ငံက ရေနံထုတ်လုပ်မှုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီက ထုတ်လုပ်မှုအတိုင်း ထိန်းထားဖို့၊ အီရန်နဲ့အီရတ် အပါအဝင် အခြားအရေးပါတဲ့ ရေနံထုတ်လုပ်တဲ့နိုင်ငံတွေရဲ့ သဘောတူညီမှုကိုရရှိအောင် ဆောင်ရွက်ဖို့ သဘောတူထားကြောင်း ဗင်နီဇွဲလား ရေနံနဲ့သတ္တုတူးဖော်ရေးဝန်ကြီး ယူလိုဂီယိုဒယ်လ်ပီနိုက ကာတာနိုင်ငံ ဒိုဟာမှာ ကျင်းပတဲ့ အစည်းအဝေးအပြီးမှာ ပြောပါတယ်။ ရေနံထုတ်လုပ်မှု ထိန်းချုပ်ထားရေး အစီအစဉ်ကို ဆောင်ရွက်တဲ့အခါ ဖြစ်ပေါ်လာတဲ့ရလဒ်တွေကို လေ့လာဆန်းစစ်ဖို့ စောင့်ကြည့်ရေး ကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း ဗင်နီဇွဲလားရေနံစိမ်းကုမ္ပဏီ PDVSA ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

"ဈေးကွက်တည်ငြိမ်ဖို့အတွက် ဗင်နီဇွဲလားနိုင်ငံနဲ့ ကျန်နိုင်ငံတွေ ရဲ့ သမိုင်းဝင်သဘောတူညီချက်ကို ဒီက နေ့ရရှိခဲ့ပါတယ်"ဟုဒယ်လ်ပီနိုက သူ့ရဲ့ တွစ်တာမှာ ရေးသားဖော်ပြထားပါတယ်။

ဒီနောက်ပိုင်းမှာ စီးပွားရေးပြန်လည်တည်ငြိမ်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိုပက်အဖွဲ့တစ်ဖွဲ့လုံးနဲ့ ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။

ရေနံထုတ်လုပ်မှုကို ထိန်းချုပ်ထားဖို့အတွက် ၂၀၁၅ ခုနှစ် နှစ်လယ်ကတည်းက ဗင်နီဇွဲလား အစိုးရကကြိုးပမ်းခဲ့တာဖြစ်ပြီး အဲဒီအချိန်က ရေနံစိမ်းဈေးနှုန်းတွေက တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၀ ထိ ကျဆင်းခဲ့ပါတယ်။

**ဘဏ်တင်-စုစည်းတင်ပြသည်**

## Europe

## ကမ္ဘာ့စီးပွားရေး ကသောင်းကနင်းဖြစ်နေတဲ့အတွက် ဥရောပဘဏ် အရာရှိများ စိုးရိမ်

ဘဏ္ဍာရေး ဈေးကွက်များ ကသောင်းကနင်းဖြစ်မှုနဲ့ တရုတ်နဲ့ အခြားထွန်းသစ်စနိုင်ငံများမှာ စီးပွားရေးအလားအလာမှေးမှိန် လျက်ရှိနေ တဲ့အတွက် ဗဟိုဘဏ်အစည်းအဝေးကို တက်ရောက်လာကြတဲ့ဥရောပဗဟိုဘဏ် (အီးစီဘီ) အရာရှိတွေက စိုးရိမ်လျက်ရှိနေကြောင်း ဒက်ထရွိုက်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

ဥရောပမှာ လက်ရှိဖြစ်ပွားနေတဲ့ ငွေကြေးဖောင်းပွနှုန်းနိမ့်ကျမှုက လုပ်ခနဲ့ဈေးနှုန်းတွေကို ရေရှည်ထိခိုက်မှုရှိနိုင်မရှိနိုင်ကိုလည်း အဖွဲ့ဝင် ၂၅ ဦးပါဝင်တဲ့ ကြီးကြပ်အုပ်ချုပ်ရေး ကောင်စီက ဆွေးနွေးလျက်ရှိပါတယ်။

ဇန်နဝါရီ ၂၁ ရက်က ကျင်းပခဲ့တဲ့ အစည်းအဝေးမှာလည်း ကောင်စီဝင်တွေက စိုးရိမ်မှုတွေကို တင်ပြဆွေးနွေးခဲ့ကြပြီး လက်ရှိဆောင်ရွက်နေတဲ့ စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်တွေကို မတ် ၁၀ ရက်မှာ ကျင်းပမယ့်အစည်းအဝေးမှာလည်း ဆက်လက်ဆွေးနွေးကြဦးမှာ ဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှု ခိုင်မာလာတဲ့အတွက် ဥရောပစီးပွားရေးက တဖြည်းဖြည်းနာလန်ထူလာပြီဖြစ်ပေမယ့် ဥရောပပို့ကုန်လုပ်ငန်းကို ထိခိုက်စေနိုင် တဲ့ ကမ္ဘာ့စီးပွားရေးနှေး ကွေးကျဆင်းမှုအန္တရာယ်နဲ့လည်း ရင်ဆိုင်နေရပါတယ်။

ဗဟိုဘဏ်က လစဉ်ဘွန်းစာချုပ်တွေဝယ်ယူနေတဲ့ ပမာဏကိုလည်း တစ်လကိုယူရိုဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံ) ထက်ပိုမိုတိုးချဲ့ပေးသွားမှာဖြစ်ပြီး ယခုလိုဆောင်ရွက်မှုက ကျဆင်းနေတဲ့ ချေးငွေကုန်ကျစရိတ်ကိုလည်း ဆက်လက်ကျဆင်းစေနိုင်ပါတယ်။ ထို့ပြင် အီးစီဘီက ဥရောပစီးပွားရေးအတွက် ငွေသားနဲ့လည်း ထပ်မံဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေထားရှိရတဲ့ အပ်ငွေအချိုးအစားကိုလည်း အီးစီဘီက လျှော့ချပေးမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ္ဍာရေးနဲ့ ကုန်စည်ဈေးကွက်မတည်ငြိမ်မှုမြင့်မားခြင်းနဲ့ ကမ္ဘာ့စီးပွားရေးအပေါ် ယုံကြည်မှုကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ကမ္ဘာ့ကုန်သွယ်ရေးဖွံ့ဖြိုးမှု ကျဆင်းလာတာကိုလည်း စိုးရိမ်ကြောင်း အီးစီဘီအဖွဲ့ဝင်တွေက ပြောပါတယ်။

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကို ဖြည်းဖြည်းချင်းသာ တိုးမြှင့်ပေးသွားမယ့် အလားအလာရှိနေခြင်းနဲ့ ဥရောပဗဟိုဘဏ်က ငွေကြေးမူဝါဒ ထပ်မံလျှော့ချမယ့် အလားအလာရှိခြင်းစတဲ့ အခြေအနေတွေကြောင့်လည်းကောင်း၊ ရေနံစိမ်းဈေးများပြန်လည်ဦးမော့လာမှု ကြောင့် ကုန်စည်နဲ့ ရှယ်ယာစာချုပ်စာတမ်းတွေရဲ့ တန်ဖိုးတွေကိုမြှင့်တက်လာစေတဲ့အတွက် လွန်ခဲ့တဲ့ရက်သတ္တပတ်အတွင်း ထွန်းသစ်စ အာရှငွေကြေးတွေရဲ့ တန်ဖိုးမြင့်တက်လာအောင် အထောက်အကူပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနရဲ့ စစ်တမ်းအရ သိရပါတယ်။

တရုတ်နိုင်ငံကလည်း ယွမ်ငွေလဲလှယ်နှုန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ထားတဲ့အတွက် ယွမ်ငွေကြေးတန်ဖိုး ကျဆင်းအောင် ဈေးကစားလာရင် ဖြေရှင်းတဲ့အခါ ပြောင်းလွယ် ပြင်လွယ် ပိုမိုရှိလာကြောင်း တရုတ်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ချောင်ရှောင်ချွမ်က တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောပါတယ်။ ယွမ်တန်ဖိုး ဆက်တိုက်ကျဆင်းဖို့ အကြောင်းမရှိကြောင်း အခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ယွမ်တန်ဖိုး တည်ငြိမ်အောင် တရုတ်နိုင်ငံက ဆောင်ရွက်မှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။

ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီကလည်း မတ်လမှာ ငွေကြေးမူဝါဒကို လျှော့ချပေးဖို့ ကတိပြုထားပါတယ်။ ရေနံဈေးနှုန်းများ ကျဆင်းမှုကလည်း ယူရိုငွေကြေးများကို ထုတ်ရောင်းလာစေမယ့် အကြောင်းရင်းတစ်ခုဖြစ်ခဲ့ပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေလဲနှုန်းကို အနည်းငယ်လျှော့ချသတ်မှတ်ပြီးနောက် ဖေဖော်ဝါရီ ၁၉ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ယွမ်ငွေတန်ဖိုးကျဆင်းခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၉ ရက်မှာ တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၅၁၈၇ ယွမ်နှုန်းသတ်မှတ်ခဲ့ရာ ယခင်နေ့က သတ်မှတ်ခဲ့တဲ့ တစ်ဒေါ်လာ ၆ ဒသမ ၅၁၅၃ ယွမ်နှုန်းအောက် သုညဒသမ ၀၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၁၉၁ ယွမ်နှုန်းဈေးဖွင့်ပြီး နေ့လယ်ပိုင်းမှာ တစ်ဒေါ်လာကို ၆ ဒသမ ၅၂၀၅ ယွမ်နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

ရူပီးငွေကြေးတန်ဖိုးက နှစ်ရက်ဆက်တိုက် ကျဆင်းခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၈ ရက်ဈေးအဖွင့်မှာ ရူပီးငွေတန်ဖိုးက ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ဒေါ်လာငွေကြေးကို ပို့ကုန်လုပ်ငန်းတွေက ပြန်လည်ရောင်းချလာတဲ့အတွက် နေ့လယ်ဘက်မှာ ဖလှယ်နှုန်းကတစ်ဒေါ်လာကို ၆၈ ဒသမ ၃၂ ရူပီးနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ရူပီးတန်ဖိုးက နောက်ပိုင်းမှာ အတက်အကျများခဲ့ပါတယ်။ သွင်းကုန်လုပ်ငန်းတွေနဲ့ ဘဏ်များက ဒေါ်လာကို ပိုမိုဝယ်ယူလာကြပြီး ပြည်ပသို့ မတည်ရင်းနှီးငွေစီးဆင်းမှုကလည်း မြင့်မားခဲ့ပါတယ်။

### ဂျပန်ယန်း

ရင်းနှီးမြှုပ်နှံသူတွေ အစဉ်အလာအားဖြင့် လုံခြုံစိတ်ချစရာ ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားတဲ့ ဂျပန်ယန်းငွေကို ဝယ်ယူလာကြတဲ့အတွက် အာရှဈေးကွက်မှာ ဖေဖော်ဝါရီ ၁၉ ရက်က ယန်းငွေတန်ဖိုးက ယူရိုနဲ့ ဖလှယ်ရာမှာ နှစ်နှစ်အတွင်းအမြင့်ဆုံးနဲ့ ဒေါ်လာနဲ့ဖလှယ်ရာမှာ သီတင်းတစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဒေါ်လာဖလှယ်နှုန်းက ဖေဖော်ဝါရီ၁၈ရက်က အမေရိကန်တစ်ဒေါ်လာကို ၁၁၅ ဒသမ ၆၃ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့မှာ အမေရိကန် တစ်ဒေါ်လာကို ၁၁၅ ဒသမ ၃၉ ယန်းနှုန်းအထိ ရောက်ရှိပြီး ၂၀၁၃ ခုနှစ် ဇွန် ၁၄ ရက် နောက်ပိုင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့ပါ တယ်။ ဈေးကွက်တွေမှာ ဒုက္ခနဲ့ ရင်ဆိုင် တွေ့ကြုံရတဲ့အခါမျိုးမှာလည်း ယန်းငွေကြေးက ရင်းနှီးမြှုပ်နှံသူတွေအတွက် အားထားစရာ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်ယန်းငွေကြေးကို ဝယ်ယူမှုက လိုတာထက် ထူးခြားနေတယ်လို့ သုံးသပ်ကြပါတယ်။

ယူရိုနဲ့ ဒေါ်လာဖလှယ်နှုန်းက တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၉၅ ဒေါ်လာရှိရာမှ ၁ ဒသမ ၁၁၂၃ ဒေါ်လာအထိ ယူရိုတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ရေနံစိမ်းဈေးနှုန်း ကျဆင်းခြင်းကြောင့် ဈေးကွက်အပေါ် ယုံကြည်မှု ကျဆင်းခဲ့တဲ့အတွက် အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဖေဖော်ဝါရီ ၁၈ ရက်က မြင့်တက်နေတဲ့ ရင်းဂစ်တန်ဖိုးက နောက်တစ်နေ့မှာ ပြန်လည်ကျဆင်းခဲ့ပါတယ်။

ရင်းဂစ်နဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက ဖေဖော်ဝါရီ ၁၈ ရက်မှာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၁၆၇၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၀၇၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ဥရောပစီးပွားရေးနဲ့ ရေနံစိမ်းဈေးနှုန်းများကျဆင်းမှုအပေါ် စိုးရိမ်မှုကြောင့် ရင်းနှီးမြှုပ်နှံသူတို့က လုံခြုံစိတ်ချရမှုရှိတဲ့ ချေးငွေစာချုပ်စာတမ်းတွေကို ပြန်လည်အားကိုးလာကြတဲ့အတွက် ဖေဖော်ဝါရီ ၁၉ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ တောင်ကိုရီးယားဝမ်တန်ဖိုးက ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ဝမ်တို့ရဲ့ ဖလှယ်နှုန်းက ဖေဖော်ဝါရီ ၁၉ ရက်မှာ တစ်ဒေါ်လာကို ၁၂၃၄ ဒသမ ၄၀ ဝမ်နှုန်းရှိတဲ့အတွက် ယမန်နေ့ကနဲ့ နှိုင်းယှဉ်ရင် ခုနစ်ဝမ်နှုန်း ကျဆင်းခဲ့ပါတယ်။

### ထိုင်းဘတ်

ရွှေတင်ပို့သူများရဲ့ ဘတ်ငွေဝယ်လိုအားမြင့်မားလာတဲ့အတွက် ယခင်သီတင်းပတ်အတွင်းက ဘတ်ငွေတန်ဖိုးက လေးလနီးပါးကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါတယ်။

ဒါပေမယ့် ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ စာရင်းအရ ဖေဖော်ဝါရီ ၁၉ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၁ နာရီ ၃၁ မိနစ်အချိန်မှာ ဘတ်ငွေနဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၅ ဒသမ ၅၇ ဘတ်နှုန်းရှိခဲ့ရာ ယခင်နေ့အောက် သုညဒသမ ၀၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## တောင်ကိုရီးယားနိုင်ငံမှာ နိုင်ငံခြားငွေကြေး ဖြင့် ဘဏ်အပ်ငွေ ဇန်နဝါရီတွင် ကျဆင်း

နိုင်ငံခြားငွေများ ပြည်ပသို့ အလုံးအရင်းဖြင့် စီးထွက်မှုကြောင့် တောင်ကိုရီးယားရှိနိုင်ငံခြားဘဏ်များတွင် နိုင်ငံခြားငွေသားဖြင့် အပ်နှံမှုမှာ ဇန်နဝါရီလတွင် လနှစ်ဆယ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က တောင်ကိုရီးယားဗဟိုဘဏ်မှ ထုတ်ပြန်တဲ့ စာရင်းတွေအရ သိရပါတယ်။ တောင်ကိုရီးယားဗဟိုဘဏ် (Bank of Korea) မှ ထုတ်ပြန်တဲ့ ဇန်နဝါရီလကုန် စာရင်းများရ ပြည်တွင်းမှာအခြေချနေထိုင်သူ (Local Resident) တွေ လက်ဝယ်ရှိနေတဲ့ နိုင်ငံခြားဘဏ်အပ်ငွေလက်ကျန်မှာ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၆ ဘီလီယံရှိခဲ့ရာ ယခင်လနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅ ဘီလီယံကျဆင်းခဲ့ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ဇန်နဝါရီလကုန်ကရှိခဲ့သော ငွေလက်ကျန်မှာ ၂၀၁၄ ခုနှစ် မတ်လနောက်ပိုင်း အနည်းဆုံးဖြစ်ခဲ့ပြီး ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ပြည်တွင်းမှာ အခြေချ နေထိုင်သူဟုဆိုရာတွင် တောင်ကိုရီးယားနိုင်ငံအတွင်း၌ ခြောက်လကျော်နေထိုင်သော စီးပွားရေးလုပ်ငန်းများနဲ့ နိုင်ငံခြားသားတစ်ဦးချင်း ပုဂ္ဂိုလ်တွေပါဝင်ပါတယ်။ ယခုထုတ်ပြန်မှုတွင် ဘဏ်အချင်းချင်းအပ်နှံငွေပါဝင်ခြင်းမရှိပါ။ ဇန်နဝါရီလတွင် အပ်နှံငွေကျဆင်းရခြင်းမှာ ကော်ပိုရေးရှင်းများ၏ အပ်နှံငွေလျှော့ချခြင်းကြောင့် အများဆုံးဖြစ်ပါတယ်။ ကုမ္ပဏီများက ဇန်နဝါရီတွင် အပ်နှံထားတဲ့ နိုင်ငံခြားငွေပမာဏမှာ ယခင်လနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇ ဘီလီယံကျဆင်းပြီး တစ်ဦးချင်းအလိုက်အပ်နှံငွေက အမေရိကန်ဒေါ်လာသန်း ၆၆၀ ရှိခဲ့ပါတယ်။

## ဥရောပဘဏ်လုပ်ငန်းအတော်များများမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရ

ယူရိုဇုန်ဒေသရှိဘဏ်အချို့မှာ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရပေမယ့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားပြီးနောက်ပိုင်း ကြီးကြပ်ထိန်းသိမ်းမှုများ ခိုင်မာလာတဲ့အတွက် ဥရောပဘဏ်လုပ်ငန်းစနစ်မှာ ကြံ့ခိုင်မှုရှိလာတယ်လို့ ဥရောပဗဟိုဘဏ် (အီးစီဘီ) အကြီးအကဲမာရီယိုဒရပ်ဂီက ပြောကြားကြောင်း ကိုရီးယားဟာရယ်သတင်းမှာ ဖော်ပြပါတယ်။

ဥရောပသမဂ္ဂ (အီးယူ)က ကြီးကြပ်မှုများကို အသစ်ထပ်မံဆောင်ရွက်ခဲ့တဲ့အတွက် လွန်ခဲ့တဲ့နှစ်အနည်းငယ် အတွင်းမှာ ဘဏ်တွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့တဲ့ ကြွေးဆုံးများကို စနစ်တကျရှင်းလင်းနိုင်တဲ့ အခြေအနေကိုရောက်ရှိခဲ့ကြောင်း ဒရပ်ဂီက ဖေဖော်ဝါရီ ၁၅ ရက်ကပြောပါတယ်။

ဒွိုက်ချ်ဘဏ်နဲ့ ဆိုဆိုက်တီဂျင်နရယ်ဘဏ်များအပါအဝင် ဥရောပဘဏ်ကြီးများရဲ့ စတော့ဈေးနှုန်းတွေတစ်ဟုန်ထိုးကျဆင်းခဲ့ပြီးနောက်ပိုင်း ရက်သတ္တတစ်ပတ်ခန့်အကြာမှာ ဒရပ်ဂီရဲ့ ဝေဖန်ချက်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ တချို့ဘဏ်တွေမှာ တရားစွဲဆိုရခြင်းနှင့် ဘဏ်လုပ်ငန်းတည်ဆောက်ပုံပြန်လည်ဖွဲ့စည်းပြင်ဆင်ရခြင်းတို့ကြောင့် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရကြောင်း ဘရပ်ဆဲမြို့မှာကျင်းပတဲ့ ဥရောပပါလီမန်စီးပွားရေးနဲ့ ငွေကြေးရေးရာကော်မတီအစည်းအဝေးမှာ သူကပြောပါတယ်။

၂၀၁၄ ခုနှစ်မှာ အီးစီဘီအနေနဲ့ ဘဏ်လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးခဲ့ပြီး ကြွေးမြီပြန်မရနိုင်တဲ့ ချေးငွေတွေကို ဖော်ထုတ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးခဲ့တဲ့အတွက် ဘဏ်တွေက သူတို့လုပ်ငန်းတွေ ခိုင်မာလာအောင်ဆောင်ရွက်ခဲ့ရပါတယ်။



Parisian®
CAKE & COFFEE
Contact Us
No. 446-466, Lower Kyee Myin Daing Road,
Kyee Myin Daing Township, Yangon.
(Opposite West Yangon Hospital).
Tel: 01-223361, 01-2314568, 01-211451
Hotline: 01-2301512 , 09-73128001
https://www.facebook.com/parisiancakeandcoffee
parisian.myanmar@gmail.com



DM
Dennis Martin
DM 7107
www.facebook.com/dennismartinwatchesgroup
Available at : CHERRY OO
DENNIS MARTIN WATCH GROUP,NFC Co., LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)67354, (02)67364.



STZ
နွေရာသီနဲ့မှားရတဲ့ မွှေးရနံ့
စွတ်စိုထိုင်းမှိုင်းမှုကြောင့် အဝတ်အစားတွေ
အောက်သိုးသိုးရနံ့ ထွက်တတ်တဲ့မိုးရာသီမှာ
“ FUJI မှုန့်ရှင်းဆပ်ပြာခရင်(မ်)” နဲ့ လျှော်ပြီး
အိမ်ထဲမှာလှန်းလိုက်တော့ ရနံ့လေးကမွှေးလွန်းလို့
ကျေးငှက်ကလေးတွေက နွေရာသီနဲ့မှားခဲ့ရပြီပေါ့။
FUJI ULTRA
FUJI ULTRA
အနံ့လေးက မွှေးနေတာပဲ




STZ
ဘီဝင်း ရေချိုးဆပ်ပြာ ခရင်(မ်)
bWin SOOTHE & PROTECT
Shower Cream
SMOOTH SKIN
bWin WHITE
Shower Cream
WHITENING & REVITALIZE
bWin SOOTHE & PROTECT
Shower Cream
HEALTHY SKIN
bWin SOOTHE & PROTECT
STZ
Shwe Tha Zin Company Limited Hot Line : 610512 , 610501 , 223493
ဘီဝင်း ခံစားကြည့်ပါထူးခြားမှာ

COMMERCE INTERNATIONAL



# ထိုင်းနိုင်ငံရဲ့ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးစီမံကိန်းကို ခုံအဖွဲ့သို့ တင်ပြမည်

တောင်သူလယ်သမားများဖွံ့ဖြိုးမှု မြှင့်တင်ရေး ခြောက်လစီမံကိန်းကို လာမယ့်လဆန်းမှာ ပရာချာရပ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီသို့ တင်ပြမှာဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းနဲ့ ကုန်သွယ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ အစ်စရာဗွန်ကူဆွမ်ကစ်က ပြောပါတယ်။

ကော်မတီအစည်းအဝေးကို မတ်လဆန်းမှာ ကျင်းပမှာဖြစ်ပြီး အစည်းအဝေးသဘာပတိအဖြစ် ထိုင်းဝန်ကြီးချုပ်ပရာယွတ်ချာအိုးချားက ဆောင်ရွက်မှာဖြစ်ကြောင်းနဲ့ ပရာချာရပ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ လက်အောက်ရှိ ဆပ်ကော်မတီ ၁၂ ခုမှ အဖွဲ့ဝင်တွေ တက်ရောက်မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ကော်မတီရဲ့စီမံကိန်းရေးဆွဲရာမှာ ကာလတို၊ ကာလလတ်နဲ့ ကာလရှည်တို့အတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်ထားကြောင်း ပရာချာရပ် ပူးပေါင်းဆောင်ရွက်မှုကော်မတီလက်အောက်ရှိ ခေတ်မီလယ်ယာဖွံ့ဖြိုးရေး ဆပ်ကော်မတီဝင်လည်း ဖြစ်သူ အစ်စရာက ပြောပါတယ်။ ခြောက်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မယ့် ကာလတို စီမံကိန်းမှာ လယ်ယာလုပ်ငန်းကို ဝင်ငွေနဲ့ ထုတ်ကုန်အဆင့်မြင့်လုပ်ငန်းအဖြစ် ထူထောင်ဖို့နဲ့ ပရာချာရပ်လယ်ယာလုပ်ကွက်တွေကို တစ်ဆက်တစ်စပ်တည်းလယ်ယာမြေများအဖြစ် အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေလည်း ပါဝင်ပါတယ်။

တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများ တိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် လူမှုစီးပွားရေးပုံစံမျိုးနဲ့ စီမံကိန်းနယ်မြေတွေမှာရှိလယ်သမားတွေကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနဲ့ တွဲဖက်ပေးနိုင်တဲ့အတွက် တန်ဖိုးမြှင့်တင်မှုလုပ်ငန်းအဆင့်ဆင့် (Value Chain) ကို တိုးတက်ကောင်းမွန်လာစေမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ရဲ့ ရည်ရွယ်ချက်များမှာ လယ်ယာကုန်ထုတ်လုပ်သူနဲ့ ပို့ကုန်လုပ်ငန်းတွေကို ချိတ်ဆက်ပေးဖို့ဖြစ်ပါတယ်။ တန်ဖိုးမြှင့်တင်မှုလုပ်ငန်းအဆင့်ဆင့်ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် Mitr Phol Group, Charoen Pokphand Group, ထိုင်းသမဂ္ဂအဖွဲ့နဲ့ အခြားအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ကြမယ့်သဘောရှိပါတယ်။

နောက်ထပ်ရေတို စီမံကိန်းတစ်ခုက ရွေ့ပြောင်းလယ်ယာသမဝါယမများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး ဒီအစီအစဉ်အရ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အသိပညာဗဟုသုတနဲ့ စွမ်းဆောင်ရည်ရှိတဲ့ ခေတ်မီမန်နေဂျာများ မွေးထုတ်သွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို Mitr Phol Group, CP Gruop နဲ့ ထိုင်းသမဂ္ဂတို့ အပါအဝင် ပုဂ္ဂလိကကဏ္ဍတွေက အထောက်အကူပေးသွားဖို့ လယ်ယာစိုက်ပျိုးရေးနဲ့ သမဝါယမဝန်ကြီးဌာနအနေနဲ့ မူအားဖြင့်သဘောတူထားပြီး ဖြစ်ပါတယ်။

ကာလလတ်နဲ့ ကာလရှည်စီမံကိန်းတွေကို အပြီးသတ်ရေးဆွဲပြီးဖြစ်ရာ အစည်းအဝေးမှာ တင်ပြပြီး အတည်ပြုချက်ရယူမယ်လို့ အစ်စရာကပြောပါတယ်။ လုပ်ငန်းစီမံချက်တွေနဲ့ စီမံကိန်းတွေရဲ့ ရည်ရွယ်ချက်က လယ်ယာကဏ္ဍနဲ့ ဒီကဏ္ဍကိုအကောင်အထည်ဖော်နေသူတွေရဲ့ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးဖို့ဖြစ်ကြောင်းလည်း သူကပြောပါတယ်။ ခေတ်မီလယ်ယာစိုက်ပျိုးရေး ဆပ်ကော်မတီက သီးနှံထုတ် လုပ်ရေး၊ အသေးစားတိရစ္ဆာန်မွေးမြူရေး၊ အကြီးစားတိရစ္ဆာန် မွေးမြူရေး၊ ရေနေသတ္တဝါမွေးမြူရေးနဲ့ အချိန်ပိုင်းကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်ရေးဆိုပြီး နယ်ပယ်ငါးခုချမှတ်ထားပါတယ်။

# နောက်နှစ်နှစ်အတွင်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အရှိန်ရဦးမည် မဟုတ်ဟု မူဒီက သတိပေး

တရုတ်နိုင်ငံ စီးပွားရေးနှေးကွေးကျဆင်းမှုက ကုန်စည်ဈေးနှုန်းတွေကို ကျဆင်းစေတဲ့အတွက်ကြောင့် လည်းကောင်း၊ တချို့နိုင်ငံတွေမှာ ငွေကြေးမူဝါဒတင်းကျပ်မှုက စီးပွားရေးကို ဖိအားပေးလျက်ရှိတဲ့အတွက်ကြောင့် လည်းကောင်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက လာမည့်နှစ်နှစ်အတွင်း အရှိန်ရဦးမည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က ထုတ်ဝေတဲ့ မူဒီရင်းနှီးမြှုပ်နှံသူများ ဝန်ဆောင်မှုအေဂျင်စီရဲ့ သုံးလပတ်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မူဒီအေဂျင်စီက "Global Macro Outlook" နောက်ဆုံး အစီရင်ခံစာကို ၂၀၁၅ ခုနှစ် နိုဝင်ဘာကထုတ်ပြန်ခဲ့ပြီး ယခု အစီရင်ခံစာတွင်မူ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတို့ရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ကို ၂၀၁၆ ခုနှစ်မှာ ၂ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုမြှင့် တင်ဖို့နဲ့ စွန့်စားမှုအန္တရာယ်တွေကို လျော့ပါးသက်သာစေဖို့ အတွက် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတချို့မှ မူဝါဒရေးဆွဲသူတွေက ဘဏ္ဍာရေးနဲ့ ငွေကြေးမူဝါဒတွေကို ကန့်သတ်ခဲ့ကြောင်း မူဒီက ပြောပါတယ်။

"၂၀၁၆-၁၇ ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးက မဆိုသလောက်သာ တိုးတက်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ အဆက်မပြတ်ကျဆင်းနေတဲ့ ဈေးနှုန်းတွေကို ပြန်လည်ညှိနှိုင်းဖို့အတွက် ကုန်စည်ထုတ်လုပ်သူတွေရဲ့ဆောင်ရွက်မှုက အနုတ်သဘောဆောင်တဲ့ ဂယက်ရိုက်ခတ်မှုဖြစ်စေပါတယ်။ တရုတ်နိုင်ငံရဲ့ သွင်းကုန်တွေ ထူးထူးခြားခြားနှေးကွေးကျဆင်းမှုနဲ့ တချို့ထွန်းသစ်စဈေးကွက်တွေမှာ ဘဏ္ဍာရေးအခြေအနေ တင်းကျပ်မှုတွေက အပြုသဘောအလားအလာများကို ဟန့်တားမှုပြုနေတာကို တွေ့ရပါတယ်"လို့ မူဒီအေဂျင်စီ ဒုတိယဥက္ကဋ္ဌနဲ့ အစီရင်ခံစာပူးတွဲပြုစုသူ မာရီဒီရွန်က ပြောပါ တယ်။

ကုန်စည်ဈေးနှုန်းကျဆင်းမှုကြောင့် အစိုးရဘတ်ဂျက်တွေ ထိခိုက်ခံရတဲ့နေရာတွေ၊ ငွေကြေးတန်ဖိုး ကျဆင်းမှုကြောင့် ငွေဖောင်းပွမှုနှုန်းမြင့်မားတဲ့ နေရာတွေမှာ စီးပွားရေး ကျဆင်းမှုသက်သာအောင် ဆောင်ရွက်ရာမှာ အကန့်အသတ်တွေရှိခဲ့ကြောင်း သူမက ပြောပါတယ်။ ဥရောပနဲ့ ဂျပန်မှာ မြင့်တက်နေတဲ့ အစိုးရကြွေးမြီတွေက ဘဏ္ဍာရေးမူဝါဒတွေကို ဆက်လက်ဟန့်ထားလျက်ရှိနေပြီး လျှော့လည်ငွေကြေး တိုးမြှင့်ပေးတဲ့ မူဝါဒတွေကို အကြိမ်ကြိမ် ဆောင်ရွက်ပေးနေတာကလည်း ထိရောက်မှုမရှိတာကို တွေ့ရပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 22[th] February 2016
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

<< January And February Sailing Schedule >>

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | | JAPAN | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.12.2015 | 2.1.2016 | 3.1.2016 | | | 11.1.2016 | 15.1.2016 | |
| | | | S/O CUT | | | | | 26.12.2015 | 29.12.2015 | 30.12.2015 | | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 28.1.2016 | 1.2.2016 | |
| | | | S/O CUT | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| MV.HOEGH CHENNAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 5.2.2016 | 6.2.2016 | 7.2.2016 | | | 15.2.2016 | 19.2.2016 | |
| | | | S/O CUT | | | | | 1.2.2016 | 2.2.2016 | 3.2.2016 | | | | | |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 18.2.2016 | 19.2.2016 | 17.2.2016 | | 28.2.2016 | 4.3.2016 | |
| | | | S/O CUT | | | | | | 14.2.2016 | 15.2.2016 | 13.2.2016 | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.3.2016 | 9.3.2016 | 10.3.2016 | | | 18.3.2016 | 22.3.2016 | |
| | | | S/O CUT | | | | | 4.3.2016 | 5.3.2016 | 6.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.3.2016 | 23.3.2016 | 21.3.2016 | | 3.4.2016 | 7.4.2016 | |
| | | | S/O CUT | | | | | | 18.3.2016 | 19.3.2016 | 17.3.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။